# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ တနင်္လာနေ့၊ (23-3-2015) (၈၁၅၃)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပါကစ္စတန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် မတ် ၂၃**

၂၀၁၅ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မမ်နွန်ဟူစိန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မူဟာမက် နဝပ်ဇ်ရှာရစ်ဖ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

### ထူးခြားသည့် နေ့အပူချိန်များ

| | |
|---|---|
| ညောင်ဦး | ၄၂ ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၂ ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၂ ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၀ ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၀ ဒီဂရီစင်တီဂရိတ် |
| ကြို့ပင်ကောက် | ၄၀ ဒီဂရီစင်တီဂရိတ် |

## မြို့ရေပေးရေးလုပ်ငန်း၌ အဆင့်မြင့်ရေရှည်ခံနိုင်ရည်ရှိသော ရေသွယ်ပိုက်များသုံးစွဲ

**နေပြည်တော် မတ် ၂၂**

လားရှိုးမြို့၌ ရောက်ရှိသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် လားရှိုးပြည်သူ့ဆေးရုံကြီးသို့သွားရောက်ပြီး ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဒီပါတ်က ဖျားနာကုသ တိုးချဲ့လူနာဆောင်၊ ဝန်ထမ်းအိမ်ရာများ၊ ဆေးရုံအုပ်ကြီးနေအိမ်နှင့် လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ၊ ခြောက်ခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာနှင့် ဖျားနာကုသဆောင်သစ် တည်ဆောက်နေမှု၊ ဝန်ထမ်းအိမ်ရာသစ်တွင် တိုးချဲ့ဆောင်ရွက်မည့်လုပ်ငန်းများ၊ JICA နှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများ၊ ဆေးရုံကြီးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ဆေးရုံအဆောက်အအုံများနှင့် ပတ်သက်ပြီး ဆေးရုံဝင်းတစ်ခုလုံး၏ Master Plan ဖြင့် ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် မြေနေရာ ရှားပါးလာမှုသက်သာစေရန် ဖြစ်နိုင်သမျှ အထပ်မြင့်များဖြင့် ဆောက်လုပ်သင့်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဆေးရုံများတွင် လိုအပ်သည့် ဆေးရုံများကို အဆင့်မြှင့်တင်တိုးချဲ့ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးပေါ်ဌာနနှင့် အရေးပေါ်လူနာတင်ယာဉ်စနစ်တို့ကို ကောင်းစွာဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြို့ရေပေးရေးအတွက် သွယ်တန်းမည့်ရေပိုက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



## မိတ္ထီလာဆေးရုံကြီးတွင် နှစ်ထပ်လူနာဆောင် သုံးဆောင် ဆောက်လုပ်ပြီးစီး

တင်ရှိုင်(မိတ္ထီလာ)

**မိတ္ထီလာ မတ် ၂၂**

ကျန်းမာရေးဝန်ကြီးဌာန အထွေထွေရောဂါကုဆေးရုံကြီး(မိတ္ထီလာ)တွင် လူနာများအား ဆေးရုံတက်သည်မှ ဆေးရုံဆင်းသည်အထိ အခမဲ့ဆေးဝါးများ ကုသပေးနေသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ လူနာများအတွက် ၂၀၁၃-၂၀၁၄ ခုနှစ်က ငွေကျပ်သိန်း ၃၀၀၀ ထောက်ပံ့ပေးခဲ့သည်။ ထိုထောက်ပံ့ငွေများဖြင့် လူနာများအား ဆေးရုံတက်သည်မှ ဆေးရုံဆင်းသည်အထိ အခမဲ့ကုသပေးခြင်း၊ ထိုးဆေး၊ စားဆေးများပေးခဲ့သည်။

ထိုကဲ့သို့ အထွေထွေရောဂါကုဆေးရုံကြီး (မိတ္ထီလာ)မှ လူနာများအား အခမဲ့ ဆေးဝါးများ ကုသပေးသဖြင့် မိတ္ထီလာ မြို့နယ်အတွင်းမှသာမက ပျော်ဘွယ်၊ ဝမ်းတွင်း၊ သာစည်၊ ကျောက်ပန်းတောင်း၊ မလှိုင်၊ တောင်သာမြို့နယ်များမှ လူနာများပါလာရောက်ကုသကြပြီး မိတ္ထီလာဆေးရုံကြီးတွင် လူနာ ၂၀၀ ခန့် အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိသည်။

မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီးသည် ခွေးကိုက်ခံရသော လူနာများကိုလည်း တန်ဖိုးကြီးသည့် ခွေးရူးပြန်ရောဂါကာကွယ်ဆေးများဖြင့် ၂၀၁၄ ခုနှစ်မှစ၍ အခမဲ့ကုသပေးခဲ့ရာ ယနေ့အထိ လူနာပေါင်း ၃၄၀ ကို ခွေးရူးပြန်ကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့သည်။ ထို့အပြင် ၂၀၁၂ ခုနှစ်မှစ၍ မြွေကိုက်ခံရသူများကိုလည်း တန်ဖိုးမြင့်မားသည့် မြွေဆိပ်ဖြေဆေးများ အခမဲ့ထိုး၍ ကုသခဲ့ရာ ယနေ့အထိ

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❒**






ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယသမ္မတသည် ဖျားနာကုသဆောင်၊ ကျောက်ကပ်ဆေးစက်၊ ဖျားနာကုသနှစ်ထပ်ဆောင်သစ်ဆောက်လုပ်နေမှု၊ သားဖွားမီးယပ်ဆောင်နှင့် သားဖွားခန်း၊ ဆေးရုံအုပ်ကြီးနေအိမ်နှင့် လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ် တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် လားရှိုးမြို့ ကောက်ကွေ့ရေလှောင်တမံသို့ရောက်ရှိပြီး ဆည်ရေသိုလှောင်နိုင်မှုနှင့် မြို့ရေပေးဝေရေးအတွက် ရေတွန်းစက်ရုံတည်ဆောက်ထားရှိမှုကိုတမံပေါ်မှကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတအား ရေလှောင်တမံရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ရေလှောင်တမံဆိုင်ရာအချက်အလက်များ၊ နှစ်စဉ်မိုးရေချိန်၊ လက်ရှိမြို့ရေပေးဝေနေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ဆည်ပတ်ဝန်းကျင်အား ရေဝေရေလဲ ထိန်းသိမ်းရန်နှင့် ဆည်ပတ်ဝန်းကျင်အနီးကျေးရွာများမှ ထင်းခုတ်မှုသက်သာစေရေးအတွက် စီမံစိစစ်ညှိနှိုင်းဆောင်ရွက်ပေးသွားရန်တို့ကို မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် လားရှိုးမြို့အား ကောက်ကွေ့ဆည်မှ ကမ္ဘောဇ ခင်လှိုင်ကုန်းသို့ မြို့ရေပေးဝေရေးအတွက်သွယ်တန်းမည့် ရေသွယ်ပိုက်များအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မြို့ရေပေးဝေရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်အပေါ် ဒုတိယသမ္မတက မြို့ရေပေးရေးလုပ်ငန်းမှာရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည့်အတွက် အဆင့်မြင့်ရေရှည်ခံနိုင်ရည်ရှိသော ရေသွယ်ပိုက်များကို သုံးစွဲကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့သည်။

အဆိုပါလုပ်ငန်းပြီးစီးပါက မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်ကို တစ်ရက်လျှင် ရေဂါလန်လေးသိန်း ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် မွန်းလွဲပိုင်းတွင် လားရှိုးမြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာခဲ့ရာ ညနေ ၃ နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၂**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center ၌ ကျင်းပရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဦးအောင်သန်းဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြင်ဆင်မွမ်းမံရေးလုပ်ငန်းများကို လုပ်ငန်းကော်မတီတစ်ရပ်၊ ဆပ်ကော်မတီလေးရပ်ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည့်အတွက် တစ်နှစ်တာကာလအတွင်း သိသာစွာ တိုးတက်လာသည်ကို အားလုံးတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ခွင့်ပြုချထားပေးခဲ့သည့် လုပ်ငန်းများကို ဘတ်ဂျက်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဖေဖော်ဝါရီ ၁၇ ရက်ခရီးစဉ်တွင် လမ်းညွှန်မှာကြားခဲ့သည်များအပေါ် မိမိတို့ဆောင်ရွက်ရမည့် အပိုင်းအလိုက် အချိန်မီဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ဆေးရုံဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ၊ သတ်မှတ်ရန်ပုံငွေများကို စနစ်တကျသုံးစွဲရေး၊ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တည်ဆောက်ရေးကြီးကြပ်မှုဆပ်ကော်မတီအဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်ဆဲကာလ စီမံခန့်ခွဲရေးဆပ်ကော်မတီအဖွဲ့ခေါင်းဆောင်ကိုယ်စား ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသန်းဝင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဒီဇိုင်းနည်းပညာဆပ်ကော်မတီအဖွဲ့ခေါင်းဆောင် ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆပ်ကော်မတီအဖွဲ့ဝင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဦးဝင်းဦးတို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဖေဖော်ဝါရီ ၁၇ ရက် ခရီးစဉ်လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဘဏ္ဍာငွေသုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုနှင့် ပြည်သူ့ဆေးရုံကြီးအတွင်း လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာ သုံးစွဲနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆေးကုသဆောင်များ ပြောင်းရွှေ့ရာတွင် အထူးကုဆရာဝန်ကြီးများအား ဖိတ်ခေါ်အကြံပြုချက်ရယူသွားရန်နှင့် ဆေးရုံကြီးပြုပြင်မွမ်းမံမှုဆိုင်ရာ မှတ်တမ်းပြုစုရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## ❒ မိတ္ထီလာမှ

မြွေကိုက်လူနာပေါင်း ၁၄၁ ဦးကို ကာကွယ်ကုသပေးခဲ့သည်။

ဤကဲ့သို့ မိတ္ထီလာအထွေထွေ ရောဂါကုဆေးရုံကြီးမှ အထူးကုဘာသာရပ် ၁၇ မျိုးကို အခမဲ့ကုသပေးပြီး တစ်နေ့တခြား လူနာများ လာရောက်ကုသနေရာ ဆေးရုံကြီးမှာ သတ်မှတ်လူနာများထက် ပိုမိုများပြားနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက မိတ္ထီလာဆေးရုံကြီးတွင် နှစ်ထပ်လူနာဆောင် တစ်ဆောင်ကို ကျပ်သိန်း ၃၀၀၀ အကုန်အကျခံ၍ အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေ၊ အမြင့် ၂၄ ပေဖြင့် သံကူကွန်ကရစ် ခေတ်မီနှစ်ထပ် အဆောက်အအုံ နှစ်လုံး၊ အလျား ၁၃၄ ပေ၊ အနံ ၆၂ ပေ၊ အမြင့် ၂၄ ပေရှိ ခွဲစိတ်ကုသခန်း တစ်ဆောင်အပါအဝင် အဆောင်သစ်သုံးဆောင်ကို ယခုအခါဆောက်လုပ်ပြီးစီးသွားပြီဖြစ်သည်။ နှစ်ထပ်လူနာဆောင်များတွင် တစ်ဆောင်လျှင် ခုတင်(၂၀၀) ဆံ့မည်ဖြစ်ပြီး တစ်ဆောင်မှာ မွေးခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ အရိုးကုသခန်း၊ မီးယပ်ခန်းနှင့် ခွဲစိတ်လူနာဆောင်များ ပါဝင်မည်ဖြစ်သည်။

ယခင်က မိတ္ထီလာဆေးရုံကြီးတွင် ခုတင်နှင့်ဆရာဝန်သာရှိပြီး ပတ်တီး၊ ပလာစတာ၊ လက်အိတ်ကအစ ဆေးမျိုးစုံကို လူနာရှင်က ဝယ်ယူကုသခဲ့ရာမှ ယခုအခါ ခေတ်စနစ်နှင့်အညီ လူနာများအား ဆေးရုံတက်သည်မှ ဆေးရုံဆင်းသည်အထိ ဆေးဝါးများ အခမဲ့ကုသပေးနေသည့်အတွက် လူနာများစိတ်ချမ်းသာပြီး ကျေးဇူးတင်ဝမ်းသာနေကြသည်။

❒❒

## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

**၂၃-၃-၂၀၁၅ (တနင်္လာနေ့)**

၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆:၄၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ အပိုင်း(၄)
၆:၄၅ မဇ္ဈိမဒေသရှိ နေရာထူးများ
၁:၅၀ "နေရယ်၊ လရယ်၊ အမှန်တရားရယ်" (အပိုင်း-၆) (မုန်တိုင်းထဲကနားခိုရာ) (မိုးယံဇွန်၊ နေယံ၊ ဘုဏ်းသိုက်၊ ဆုပန်ထွာ) (ဒါရိုက်တာ-အောင်ကိုလတ်)
၄:၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄:၅၀ နှစ်(၇၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇:၃၅ နေထိုင်ရေးအတွက်အားထားရာ တန်ဖိုးနည်းအိမ်ရာ
၈:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ -နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်" (အပိုင်း-၃)


## တန်ဖိုးနည်းအိမ်ရာများတည်ဆောက်ရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြနန္ဒာလမ်းနှင့် ရွှေလီလမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲခွင့်ရှိသော အစိုးရမြေ (၁၈၃. ၅၀၅) ဧကတွင် တန်ဖိုးနည်းအိမ်ရာများတည်ဆောက်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသော နိုင်ငံသား ကုမ္ပဏီ/ အဖွဲ့အစည်းများအနေဖြင့် အောက်ပါအဆိုပြုလွှာများကို သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းနိုင်ပါသည်-

(က) ကျွမ်းကျင်မှုနည်းပညာဆိုင်ရာအဆိုပြုလွှာတွင် အိမ်ရာဒီဇိုင်း၊ ကြီးကြပ်ဆောင်ရွက်မည့်အစီအမံ၊ လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာအချက်အလက်များ၊ အလားတူ လုပ်ငန်းအတွေ့အကြုံနှင့်စာချုပ်ချုပ်ဆိုခဲ့မှုများ ဖော်ပြပါရှိရမည်။

(ခ) ငွေကြေးဆိုင်ရာအဆိုပြုလွှာ တွင် လုပ်ငန်းအတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ၊ လုပ်ငန်းအဆင့်အလိုက် ကုန်ကျမည့် ရင်းနှီးမြှုပ်နှံမှုပမာဏ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကုမ္ပဏီ/အဖွဲ့အစည်းတို့အကြား နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ အဆိုပြုတင်ပြချက်တို့ကို ဖော်ပြရမည်။ ထို့ပြင် တင်ဒါတင်သွင်းသူ၏ လွန်ခဲ့သော(၃)နှစ်အတွက် စာရင်းစစ်ဆေးပြီး ငွေကြေးအစီရင်ခံစာ၊ လုပ်ငန်းအတွက် ငွေကြေးအရင်းအမြစ်တို့ ဖော်ပြပါရှိရမည်။

၂။ တင်ဒါတင်သွင်းသူများအနေဖြင့် ၂၄-၄-၂၀၁၅ ရက် (၁၆:၃၀) နာရီ နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ တင်ဒါပုံးတွင် မှတ်ပုံတင်၍ တင်ဒါအဆိုပြုလွှာများကို တင်သွင်းရပါမည်။

၃။ တင်ဒါဖွင့်ဖောက် စိစစ်မည့်နေ့ရက်ကို ဆက်သွယ်အကြောင်းကြားပါမည်။

၄။ တင်ဒါလျှောက်လွှာကို ၂၃-၃-၂၀၁၅ ရက်မှစ၍ (၁)စုံလျှင် (၅၀၀၀ဝိ/-) (ကျပ်ငါးသောင်း တိတိ)ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းမှုအာမခံအဖြစ် (၁၀၀၀၀၀၀၀ဝိ/-) (ကျပ်သိန်းတစ်ထောင်)ကို မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅)တွင် ကြိုတင်ပေးသွင်းရပါမည်။

၆။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် တန်ဖိုးနည်းအိမ်ရာ ဆောင်ရွက်ရန် မြေဧရိယာ(၅)ဧကလျှင် တစ်ယူနစ်နှုန်းဖြင့် ကွန်ကရစ်လမ်း၊ အုတ်ရေမြောင်း၊ လမ်းမီးတိုင်၊ လျှပ်စစ်သွယ်တန်းမှုစသည့် Infrastructure လုပ်ငန်းများပါ ထည့်သွင်းတွက်ချက်တင်သွင်းရမည် ဖြစ်ပါသည်။

၇။ www.eyangon.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**



## အသိပေးကြေညာခြင်း

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ ယာဉ်ရပ်နားကွင်းများနှင့် လမ်းများအား အဆင့်မြှင့်တင်ပြီး ကွန်ကရစ်ခင်းခြင်း၊ မြေသားကြမ်းပြင်ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေပါသဖြင့် ကာလကြာရှည်စွာရပ်ထားသော မော်တော်ယာဉ်အမှတ်(၄ခ/၉၅၆၂)(၃ခ/၃၆၅၂)ယာဉ်များ၏ ယာဉ်ပိုင်ရှင်များနှင့် သက်ဆိုင်သူများအနေဖြင့် စည်ပင်သာယာကွပ်ကဲမှုရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်-၀၉-၇၉၅၈၉၉၁၁၇၊ ၀၉-၇၉၅၈၉၉၁၁၈ သို့ဖြစ်စေ၊ ဆက်သွယ်အကြောင်းကြားရန်နှင့် မိမိတို့မော်တော်ယာဉ်များအား မိမိအစီအစဉ်ဖြင့် ၂၀-၃-၂၀၁၅ ရက်အပြီး ဖယ်ရှားရှင်းလင်းပေးပါရန်၊ ဖယ်ရှားရှင်းလင်းခြင်းမရှိသော မော်တော်ယာဉ်များနှင့် ဆက်သွယ်ခြင်းမရှိသော မော်တော်ယာဉ်များအား ၂၂-၃-၂၀၁၅ ရက်မှစ၍ လွတ်ကင်းသောနေရာသို့ ဖယ်ရှားမည်ဖြစ်ပြီး အပျက်အစီးနှင့် ဆုံးရှုံးနစ်နာမှုအတွက် တာဝန်ယူမည်မဟုတ်ဘဲ ယာဉ်ပိုင်ရှင်များအနေဖြင့် သယ်ယူရွှေ့ပြောင်းကုန်ကျစရိတ်များအား ပြန်လည်ပေးသွင်းရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စခန်းကြီးကြပ်မှုကော်မတီ
အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် နောက်ဆုံးမူကြမ်း အပြီးသတ်ဆွေးနွေးနိုင်ရန် ဆွေးနွေးပွဲ ခေတ္တရပ်နား



**ရန်ကုန် မတ် ၂၂**

(၇)ကြိမ်မြောက် ဆွေးနွေးပွဲ ကျင်းပလျက်ရှိသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) နောက်ဆုံး မူကြမ်းအား ဆဋ္ဌမမြောက်နေ့ ဆွေးနွေးအပြီး အပြီးသတ် ဆွေးနွေးနိုင်ရန်အတွက် ခေတ္တရပ်နားကာ မတ် ၃၀ ရက်မှ သတ္တမမြောက်နေ့အဖြစ် ဆက်လက်ကျင်းပမည်ဟု ဆွေးနွေးပွဲအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ နှစ်ဖက်ကိုယ်စားလှယ်များက ပြောကြားခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့သည် (၇) ကြိမ်မြောက်ဆွေးနွေးပွဲအား မတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီက ဆဋ္ဌမမြောက်နေ့အဖြစ် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC)၌ ဆက်လက်တွေ့ဆုံဆွေးနွေးခဲ့သည်။

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) နောက်ဆုံးမူကြမ်း**တွင် အခန်း (၇) ခန်း၊ အပိုဒ် (၃၀) နှင့် အပိုဒ်ခွဲပေါင်း (၈၁) ခုပါရှိသည်။ UPWC နှင့် NCCT တို့၏ (၇) ကြိမ်မြောက်ဆွေးနွေးပွဲ ခြောက်ရက်တာကာလအတွင်း NCA စာချုပ်ပါ အခန်း (၇)ခန်းလုံးအား ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပြီး ပြန်လည်သုံးသပ်နိုင်ခဲ့သည်။ နှစ်ဖက်ညှိနှိုင်းဆွေးနွေးရန် အချက်ကြီးတစ်ချက်နှင့် အပိုဒ်ခွဲ(၃)ခုသာ ဆွေးနွေးရန် ကျန်ရှိတော့သည်ဟု ဆွေးနွေးပွဲအပြီး မီဒီယာရှင်းလင်းပွဲ၌ MPC မှ ဦးလှမောင်ရွှေက ပြောကြားသည်။

ဆွေးနွေးပွဲ တစ်ပတ်ကြာ ရပ်နားရခြင်းအပေါ် NCCT အဖွဲ့ဝင် ဗိုလ်မှူးကြီး ခွန်ဥက္ကာက"(၇) ကြိမ်မြောက် အစည်းအဝေးက မပြီးသေးပါဘူး။ ဆက်သွားနေတဲ့ ဖြစ်စဉ်ပါ။ ဇာတ်လမ်းတစ်ခုလိုဆိုရင် ဇာတ်ပေါင်းတဲ့ အချိန်မှာ လှလှပပ အကွက်ကျကျ ဖြစ်အောင် ပြင်ဆင်ဖို့ အနေနဲ့ ၇ ရက်ရွှေ့တာဖြစ်ပါတယ်လို့ တင်ပြချင်ပါတယ်။ (၇) ကြိမ်မြောက် NCA အစည်းအဝေးဆုံချက်က ကျွန်တော်တို့ တော်တော်လေးကို ပြင်ဆင်မှုကောင်းတယ်၊ ပြည့်စုံမှုရှိတယ်။ အင်တိုက်အားတိုက်ဖြစ်တယ်လို့ သုံးသပ်လို့ရတယ်။ ယာယီခဏနားပြီး အပြီးသတ်ကို လှလှပပနဲ့ အပြီးသတ်နိုင်အောင် ပြင်ဆင်တာကတော့ နားလည်မှု လုပ်ပေးဖို့အတွက်ပါ" ဟု ပြောသည်။

UPWC နှင့် NCCT တို့၏ (၇) ကြိမ်မြောက်ဆွေးနွေးပွဲ ခြောက်ရက်တာကာလအတွင်း ပထမနေ့တွင် ပဋိပက္ခလျှော့ချရေး ခေါင်းစဉ်များကိုဆွေးနွေးခဲ့သည်။ ဒုတိယနေ့တွင် နှစ်ဖက်တပ်များလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ (Military CoC) နှင့် ယင်းစည်းမျဉ်းစည်းကမ်းများကို ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Monitering Committee) ဖွဲ့စည်းရေး အစရှိသည့် တပ်ပိုင်းဆိုင်ရာကိစ္စရပ်အား အဓိကထားဆွေးနွေးခဲ့သည်။ တတိယနေ့တွင် အခန်း (၅)အား ဆွေးနွေးခဲ့ပြီး ပဋိပက္ခလျှော့ချရေးနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)ပါ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးသဘောတူညီမှုရရှိခဲ့သည်။ စတုတ္ထနေ့တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (မူကြမ်း) တွင် ပါဝင်သည့် ကျန်ရှိနေသည့် အခန်းများ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုပြီးပါက စာချုပ်အား ပူးတွဲအကောင်အထည်ဖော်ရန်အတွက် ဆက်လက်လုပ်ဆောင်ရမည့်ကိစ္စရပ်များ Structure (ဖွဲ့စည်းမှုပုံသဏ္ဍာန်)နှင့် လမ်းပြမြေပုံ (Road Map) ကိစ္စရပ်များကို မတ် ၂၀ ရက်တွင် ပြုလုပ်မည့် စတုတ္ထနေ့တွင် ဆက်လက်ဆွေးနွေးခဲ့သည်။ ပဉ္စမနေ့တွင် ယခင်နေ့ ဆွေးနွေးပွဲ၌ မပြီးပြတ်ခဲ့သည့် လမ်းပြမြေပုံ (Road Map) နှင့် အခန်း (၅) တွင် ကျန်ရှိသည့် အချက်ငယ်နှစ်ချက်၊ အခန်း (၆)၊ အခန်း (၇) တို့ကို ဆက်လက်ဆွေးနွေးခဲ့သည်။ ဆဋ္ဌမနေ့တွင် အခန်း (၇) ခန်းလုံးအား ဆွေးနွေးပြီး ပြန်လည်သုံးသပ်မှုပြုလုပ်နိုင်ခဲ့သည်။

(၇)ကြိမ်မြောက် UPWC နှင့် NCCT တို့၏ တွေ့ဆုံဆွေးနွေးမှုတွင် RCSS/SSA၊ ABSDF၊ နာဂနှင့် မိုင်းလားတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များမှ လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။

(၇)ကြိမ်မြောက် UPWC နှင့် NCCT တို့၏ တွေ့ဆုံဆွေးနွေးမှုသတ္တမနေ့အဖြစ် မတ် ၃၀ ရက်တွင် MPC ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ NCA တွင် ကျန်ရှိနေသေးသည့်အချက်များအား NCA စာချုပ်၏ နောက်ဆုံးမူကြမ်းအဖြစ် သတ်မှတ်ကာ အပြီးသတ် ဆွေးနွေးမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

**(သတင်းစဉ်)**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် နောက်ဆုံးမူကြမ်းဆွေးနွေးပွဲ ခေတ္တရပ်နားရခြင်းအပေါ် နှစ်ဖက်ကိုယ်စားလှယ်များ၏ သဘောထား

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ (၇) ကြိမ်မြောက်ဆွေးနွေးပွဲ ကျင်းပလျက်ရှိသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) နောက်ဆုံးမူကြမ်းအား ဆွေးနွေးပွဲ ခြောက်ရက်တာကာလအတွင်း NCA စာချုပ်ပါ အခန်း (၇)ခန်းလုံးအား ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပြီး ပြန်လည်သုံးသပ်နိုင်ခဲ့သည်။ နှစ်ဖက်ညှိနှိုင်းဆွေးနွေးရန် အချက်ကြီးတစ်ချက်နှင့် အပိုဒ်ခွဲ (၃)ခုသာ ဆွေးနွေးရန်ကျန်ရှိပြီး ၎င်းတို့ကို မတ် ၃၀ ရက်တွင် သတ္တမရက်မြောက်နေ့အဖြစ် ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။**

တွေ့ဆုံမေးမြန်း၊ ရေးသားသူ ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ...ဖိုးထောင်

ယခုပြုလုပ်နေသည့် (၇)ကြိမ်မြောက် နှစ်ဖက်တွေ့ဆုံမှုသည် ရက်အရှည်ကြာဆုံးဆွေးနွေးမှုနှင့် သဘောတူညီမှုအများဆုံးရရှိခဲ့သည့် ဆွေးနွေးပွဲဖြစ်ကြောင်း နှစ်ဖက်ကိုယ်စားလှယ်များ၏ ပြောဆိုမှုများအရ သိရသည်။ မတ် ၂၂ ရက်တွင် ပြုလုပ်သည့် ဆဋ္ဌမမြောက်ဆွေးနွေးပွဲအပြီး ဆက်လက်ဆွေးနွေးရန် တစ်ပတ်ကြာ ရပ်နားခဲ့မှုအပေါ် နှစ်ဖက်ကိုယ်စားလှယ်များ၏ အမြင်များအား မေးမြန်းခဲ့သည်။

**ဗိုလ်မှူးကြီးခွန်ဥက္ကာ**
**(အဖွဲ့ဝင်)**
**တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)**

ဆွေးနွေးပွဲရဲ့ ထူးခြားချက်က (၇) ကြိမ်မြောက်မှာပဲ NCA ကို အပြီးသတ်မယ်။ (၈) ကြိမ်မြောက်ဆိုတာ မရှိစေရဘူးလို့ သန္နိဋ္ဌာန်ချထားတယ်။ (၇)ကြိမ်မြောက်ကို လာကြတာ NCCT အဖွဲ့ဝင်ခေါင်းဆောင် သုံးဦးနဲ့ အဖွဲ့ဝင်အားလုံး လာကြတယ်။ အင်တိုက်အားတိုက် လာကြတာဖြစ်တယ်။ ဒါတင်မဟုတ်ဘူး။ မြောက်ပိုင်းမှာရှိနေတဲ့ KIO ကိုယ်စားလှယ်တစ်ဖွဲ့လုံးလာပြီးတော့ (၇) ကြိမ်မြောက်ဆွေးနွေးပူးပေါင်းတယ်။ KIO တစ်ဖွဲ့လုံးကလည်း နေပြည်တော်ဝင်ရောက်ပြီး အစိုးရအကြီးအကဲများနဲ့ တပ်မတော်ကို တွေ့ဆုံဆွေးနွေး ညှိနှိုင်းခဲ့ပြီးဖြစ်တယ်။ ဒါကြောင့် (၇) ကြိမ်မြောက် NCA အစည်းအဝေး ဆုံချက်က ကျွန်တော်တို့တော်တော်လေးကို ပြင်ဆင်မှုကောင်းတယ်၊ ပြည့်စုံမှုရှိတယ်။ အင်တိုက်အားတိုက် ဖြစ်တယ်လို့ သုံးသပ်လို့ရတယ်။ နောက်တစ်ခါ ဆွေးနွေးပွဲမှာဖြစ်ပေါ်လာတဲ့ ကွာဟမှုရှိရင်တောင်မှ မနှစ်က ၂၀၁၄ စက်တင်ဘာလတုန်းကကဲ့သို့ မဖြစ်အောင် သင်ခန်းစာယူပြီး နှစ်ဖက်စလုံးက ရှောင်ပြီး ဆောင်ရွက်တယ်။ စက်တင်ဘာကိစ္စကြောင့် (၇)ကြိမ်မြောက် ဆွေးနွေးပွဲလုပ်ဖို့ ခြောက်လကြာခဲ့တယ်။ ခြောက်လအတွင်းမှာလည်း မလိုအပ်တဲ့ အရေးကိစ္စတွေ အများကြီးဖြစ်တယ်။ ဒါကြောင့် ဒီတစ်ခါဆွေးနွေးပွဲမှာ စည်းကမ်းအနေနဲ့ ချမှတ်ထားတာမဟုတ်ဘဲနဲ့ကို ခေါင်းဆောင်တွေအားလုံးက စက်တင်ဘာလိုမဖြစ်အောင် ကိုယ့်အသိတရားနဲ့ကိုယ် ဆွေးနွေးတဲ့အတွက် NCA စာချုပ်ချုပ်ဆိုဖို့ အောင်မြင်ပေါက်မြောက်မှုတွေ ရှိလာတယ်လို့မြင်တယ်။ NCCT ဘက်ကပဲမဟုတ်ဘူး။ အစိုးရနဲ့ တပ်မတော်ဘက်ကလည်း အဲဒီစိတ်ထားမျိုးရှိတယ်ဆိုတာ ဒီအစည်းအဝေးမှာတွေ့ရတယ်။ အခုယာယီခဏနားပြီး အပြီးသတ်မှာလှလှပပနဲ့ အပြီးသတ်နိုင်အောင် ပြင်ဆင်တာကတော့ နားလည်မှု လုပ်ပေးဖို့အတွက်ပေါ့။ (၇) ကြိမ်မြောက်အစည်းအဝေးက မပြီးသေးပါဘူး။ ဆက်သွားနေတဲ့ ဖြစ်စဉ်ပါ။ ဇာတ်လမ်းတစ်ခုလိုဆိုရင် ဇာတ်ပေါင်းတဲ့အချိန်မှာ လှလှပပ အကွက်ကျကျဖြစ်အောင် ပြင်ဆင်ဖို့ အနေနဲ့ (၇)ရက်ရွှေ့တာဖြစ်ပါတယ်လို့ တင်ပြချင်ပါတယ်။



ဗိုလ်မှူးကြီးခွန်ဥက္ကာ။



ဦးလှမောင်ရွှေ။



ဦးအောင်နိုင်ဦး။

**ဦးလှမောင်ရွှေ**
**အကြီးတန်းအကြံပေး**
**မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC)**

အခန်း (၁) မှ (၇) အထိ အားလုံး ဆွေးနွေးနိုင်ပါတယ်။ နှစ်ဖက်ခေါင်းဆောင်များအကြား အခန်း (၆) ရှိ ကြားကာလအချက်အား မတ်လ ၃၀ ရက်နေ့မှာ ပြန်ဆွေးနွေးပါမယ်။ အခန်း (၃)နဲ့ အခန်း (၅) တွင် ပါဝင်သည့် အပိုဒ်တစ်ပိုဒ်စီတွင် စကားလုံးရွေးချယ်ရန်အတွက် ၃၀ ရက်နေ့မှာ ပြန်ဆွေးနွေးမယ်။ ကျန်တဲ့အချက်တွေ အားလုံးဟာ သဘောတူညီချက်ရပြီးဖြစ်ပါတယ်။ ဆွေးနွေးပွဲကို တစ်ပတ်ရပ်နားရတဲ့ အကြောင်းအရင်း နှစ်ပိုင်းရှိပါတယ်။ အခန်း (၇) ခန်းရှိပြီး အပိုဒ်ပေါင်း (၃၀) ရှိတယ်။ အပိုဒ်ခွဲပေါင်း (၈၁) ခုပါဝင်တဲ့ ဒီ NCA စာချုပ်ကို (၇)ကြိမ်မြောက် ဆွေးနွေးပွဲအဖြစ် ခြောက်ရက်တာ ဆွေးနွေးအပြီးမှာ နှစ်ဖက်အဖွဲ့ အစည်းခေါင်းဆောင်များ ညှိနှိုင်းဖို့အတွက် ကြားကာလဆိုတဲ့ အချက်တစ်ချက် ညှိနှိုင်းဖို့ကျန်ပါတယ်။ ကျန်တဲ့အချက်တွေကတော့ စကားလုံးရွေးချယ်မှုပဲ ကျန်တယ်။ အချို့အချက်တွေက UPWC အနေနဲ့ သူတို့ရဲ့ ဗဟိုကော်မတီကို ပြန်တင်ပြပြီး ဒီရက်ပိုင်းမှာ ပြီးပြတ်အောင် လုပ်ဖို့လိုတယ်။ NCCT ဘက်ကလည်း တချို့ကိစ္စတွေ ပြန်ဆွေးနွေးနိုင်ဖို့အတွက် အချိန်တစ်ခုယူတဲ့ သဘောပဲ။ (၈)ကြိမ်မြောက် ဆွေးနွေးပွဲကို မသွားတော့ဘဲ (၇) ကြိမ်မြောက် ဆွေးနွေးပွဲကို မတ် ၃၀ ရက်နေ့မှာ ဆက်ပြီးလုပ်ဖို့ နှစ်ဖက်ခေါင်းဆောင်တွေက ဆုံးဖြတ်တဲ့ သဘောပါ။ UPWC ဘက်ကတော့ ဆွေးနွေးပွဲကို အကျဉ်းချုပ်ပြောရရင် အခန်း(၆) ကြားကာလမှာ အချက်တစ်ချက်အနေနဲ့ နှစ်ဖက်ခေါင်းဆောင်တွေ ညှိနှိုင်းဖို့ လိုပါတယ်။ (၇)ကြိမ်မြောက်ဆွေးနွေးပွဲရဲ့ ထူးခြားချက်က အချိန်အကြာဆုံးသော ဆွေးနွေးပွဲလို့ ပြောရင်ရတယ်။ နှစ်ဖက် သဘောတူဖို့အတွက် နှစ်ဖက်ခေါင်းဆောင်တွေရဲ့ သဘောထားကြီးကြီး အမြော်အမြင်ကြီးကြီးနဲ့ ညှိနှိုင်းခဲ့တာတွေက ရှေ့ကဆွေးနွေးပွဲတွေထက် ပိုသာလွန်တယ်လို့ ပြည်သူလူထုကို တင်ပြချင်တယ်။ အခန်း (၇) ခန်း၊ အပိုဒ်(၃၀) နဲ့ အပိုဒ်ခွဲပေါင်း (၈၁)ခုပါဝင်ရာမှာ အချက်ကြီး တစ်ချက်နဲ့ အပိုဒ်ခွဲ (၃)ခုကလွဲရင် အားလုံးပြီးပြတ်ပြီလို့ ထူးခြားချက်အနေနဲ့ ပြောပြလိုပါတယ်။

**ဦးအောင်နိုင်ဦး (တွဲဖက်ဒါရိုက်တာ)**
**ငြိမ်းချမ်းရေးဆွေးနွေးပွဲ အစီအစဉ်**
**မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)**

စာချုပ်မူကြမ်းပြီးစီးဖို့ ခေတ္တရပ်နားတာပါ။ ခုနစ်ကြိမ်မြောက်ဆွေးနွေးပွဲက ပြောရရင် တိုးတက်မှုတွေ အများကြီးရတယ်။ ပြီးခါနီး နည်းနည်းလေးပဲ ကျန်တယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေ အများကြီးရကြတယ်။ စကားလုံးတွေက အဓိပ္ပာယ်မရှင်းတဲ့ အပေါ်မှာပဲ ညှိဖို့ကျန်တယ်။ အနားယူပြီးတော့ ပြန်ဆွေးနွေးရင် တစ်ခါတည်းပြီးသွားမယ်။ ကျွန်တော် ဒီနေ့ ပြီးမယ်တောင် တွက်တာ။ အဓိက ကျန်နေတာက တပ်နေရာချထားရေး ကိစ္စတစ်ခုပဲ ကျန်နေတာ။ အခြေအနေကောင်းတယ်။ ရှေ့တစ်ပတ်မှာပြီးမယ်။ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုတွေ အများကြီးရတယ်။ NCA ကို မပြီးပြီးအောင် ဒီရက်ပိုင်းအတွင်းမှာ အပြီးလုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်တွေ ချထားတယ်။

**(ကျေးဇူးတင်ပါတယ်။)**

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) နောက်ဆုံးမူကြမ်း**ပါ အခန်း (၇)ခန်းလုံးအား ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပြီး ပြန်လည်သုံးသပ်နိုင်ခဲ့သည်။ နှစ်ဖက် ညှိနှိုင်းဆွေးနွေးရန် အချက်ကြီး တစ်ချက်နှင့် အပိုဒ်ခွဲ (၃) ခုသာ မတ် ၃၀ ရက်တွင် ဆွေးနွေးရန် ကျန်ရှိတော့သည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံတက်ရောက်

**နေပြည်တော် မတ် ၂၂**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တတိယအကြိမ် သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံ (3rd UN World Conference for Disaster Risk Reduction) သို့ တက်ရောက်ရန် ဂျပန်နိုင်ငံ ဆန်းဒိုင်မြို့သို့ မတ် ၁၃ ရက်မှ ၁၈ ရက်အထိသွားရောက်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီးသည် မတ် ၁၃ ရက်တွင် ဆန်းဒိုင်မြို့ Mey Sen Academy Schools သို့ရောက်ရှိပြီး မူကြိုအရွယ်ကလေးများ အင်္ဂလိပ်စာသင်ကြားပေးနေမှုတို့ကိုကြည့်ရှုပြီး အစည်းအဝေးခန်းမ၌ ၂၀၁၁ ခုနှစ် မတ်လ၌ကျရောက်ခဲ့သော ငလျင်ဒဏ်နှင့် ဆူနာမီလှိုင်းများကြောင့် ပျက်စီးခဲ့ခြင်းများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မှု ဗီဒီယိုအားကြည့်ရှုပြီး နှစ်နိုင်ငံကြား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

မတ် ၁၄ ရက် နံနက်ပိုင်းတွင် Sendai International Center ၌ တတိယအကြိမ် သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ဆက်လက်၍ Metropolitan Hotel ၌ ညီလာခံအထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံ ဘုရင့်နန်းတော်မှ ပေးပို့သော ဝက်သစ်ချသီးပျိုးပင်အား သတ်မှတ်ထားသောနေရာတွင် စိုက်ပျိုးပေးသည်။ ညပိုင်းတွင် ဆန်းဒိုင်မြို့ မြို့တော်ဝန်က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်သည်။

မတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် Exhibition Hall 2 ၌ Country Official Statement ပြောကြားရာတွင် ဟသ်ာတမြို့တွင် မြန်မာနိုင်ငံ၏ ပထမဆုံး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်းကို အမြန်ဆုံးဖွင့်လှစ်ရေးဆောင်ရွက်ထားမှု၊ အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးရေး ညှိနှိုင်းမှုဌာနရန်ပုံငွေနှင့် အာဆီယံ သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ရန်ပုံငွေများကို နှစ်စဉ်ထည့်ဝင်ထားရှိမှု၊ ၂၀၁၅ ခုနှစ်အလွန် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ မူဘောင်အား ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် UN-Habitat မှ အမှုဆောင်အရာရှိချုပ် Mr. Joan Clos နှင့်တွေ့ဆုံပြီး သဘာဝဘေးဒဏ်ခံစားရပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ (Build Back Better)နှင့်စပ်လျဉ်း၍ အဖွဲ့အစည်းနှစ်ခုအကြား ဆွေးနွေးကြသည်။

မတ် ၁၆ ရက်တွင် ဆန်းဒိုင်မြို့ ဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ကြည့်ရှုပြီး ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David Kaatrud နှင့် တွေ့ဆုံဆွေးနွေးသည်။

မတ် ၁၇ ရက်တွင် Sendai International Center Room 1 & 2 ၌ ကမ္ဘာ့နိုင်ငံပေါင်း ၂၀ မှ ဝန်ကြီးများအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့တက်ရောက်ပြီး Public Investment Strategies for Disaster Risk Reduction ခေါင်းစဉ်အား ဆွေးနွေးသည်။ ထို့နောက် Help Age Asia မှ ညွှန်ကြားရေးမှူး Mr. Godfred Paul ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံပြီး နားလည်မှုစာချွန်လွှာရေးထိုးနိုင်ရေး၊ သက်ကြီးရွယ်အိုများအတွက် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးသည်။

မတ် ၁၈ ရက်တွင် ညီလာခံပိတ်ပွဲအခမ်းအနားကို ကျင်းပခဲ့ပြီး အဆိုပါ ညီလာခံမှ ၂၀၁၅ ခုနှစ်အလွန် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ မူဘောင်အား အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

# ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီဆည်ရေသောက် လယ်မြေဧက ၃၅၀၀၀ ကျော် နွေနှမ်းစိုက်ပျိုးမည်



**ကျောက်ဆည် မတ် ၂၂**

ဇော်ဂျီမြစ်အထက်ပိုင်းရှိ မြို့ကြီးရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းကြောင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့တွင် နွေစပါးစီမံကိန်း လျာထားခြင်းမရှိဘဲ ရေလိုအပ်ချက်နည်းသော နွေနှမ်းနှင့် ပဲတီစိမ်းတို့ကို အဓိကထား စိုက်ပျိုးမည်ဖြစ်ရာ ခရိုင်အတွင်းရှိ ဇော်ဂျီဆည်ရေသောက် ဧက ၃၅၀၀၀ ကျော် နွေနှမ်းစီမံကိန်းသီးနှံအဖြစ် လျာထားကြောင်း ခရိုင်စိုက်ပျိုးရေးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်း၏ ပြောကြားချက်အရ သိရသည်။

"ကျွန်တော်တို့ မြို့ကြီးရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်နေလို့ နွေစပါးအတွက် ရေအလုံအလောက် မပေးနိုင်ရင် တောင်သူတွေ နစ်နာမှာစိုးလို့ ခရိုင်စိုက်/ညှိအဖွဲ့နဲ့ညှိနှိုင်းပြီး ရေလိုအပ်ချက်နည်းတဲ့ သီးနှံတွေပဲ စိုက်ပျိုးဖို့ ဆောင်ရွက်ခဲ့တာပါ။ ဒီလိုဆောင်ရွက်ခဲ့တာလည်း တောင်သူတွေ နစ်နာဆုံးရှုံးမှုမရှိအောင် စပါးပျိုးထောင်ချိန် မတိုင်မီကတည်းက တောင်သူတွေကို အသိပေးထားပါတယ်။ စပါးမစိုက်ပျိုးဖို့ပေါ့။ စပါးစိုက်ပျိုးလို့ ရေလိုအပ်တဲ့ အချိန်မှာ ရေမပေးနိုင်ရင် တောင်သူတွေ နစ်နာမှာ စိုးလို့ပါ။ အခုတော့ နှမ်းကြဲဖို့ရေတွေ အပတ်စဉ်ပေးနေပါတယ်" ဟု စိုက်ပျိုးရေပေးဝေနိုင်မှုအပေါ် ကျောက်ဆည်ခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်က ပြောသည်။

"၂၀၁၄- ၂၀၁၅ နွေနှမ်းရာသီတွင် ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်များတွင် ဇော်ဂျီဆည်ရေသောက် ၃၅၂၅၀ ဧက၊ ကင်းတားဆည်ရေသောက် ၇၄၀၀ ဧက၊ ပျူကန်ဆည်ရေသောက် ၅၀၀ ဧကနှင့် မြစ်ရေတင်မှ ၈၅၀ ဧကနှင့် အခြားဧက ၂၀၀ဖြင့် စုစုပေါင်း ဧက ၄၄၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး စိုက်ပျိုးမှုနှင့် ပတ်သက်၍ "ကျွန်တော်တို့မြို့နယ်မှာ နွေစပါးစီမံကိန်းသီးနှံ လျာမထားဘူး။ နွေနှမ်းသီးနှံပဲ လျာထားဆောင်ရွက်ထားတယ်။ အခြားရေလိုအပ်ချက်နည်းတဲ့ သီးနှံတွေဖြစ်တဲ့ ပဲတီစိမ်း၊ နေကြာတို့ကို ဆောင်ရွက်ဖို့တောင်သူတွေကိုတိုက်တွန်းထားတယ်။ ကျွန်တော်တို့မြို့နယ်က ဇော်ဂျီဆည်ရေသောက် လယ်မြေတွေများတယ်။ ဒါကြောင့် ဒီနှစ်တော့ နွေနှမ်းပဲ အဓိကထားမှာပါ"ဟု စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ဝင်းက ပြောသည်။

မြို့ကြီးရေလှောင်တမံ တည်ဆောက်မှာဖြစ်၍ နွေနှမ်းသီးနှံ စိုက်ပျိုးရမည့်အပေါ် "နှမ်းက စပါးထက် တောင်သူတွေပိုပြီးအကျိုးရှိတယ်၊ တစ်ဧကကို စိုက်စရိတ်က မျိုးဖိုးရော အကုန်လုံးမှ ငွေကျပ် ၃၀၀၀၀ ဝန်းကျင်လောက်ပဲ ကုန်ကျတယ်။ နှမ်းက တစ်ဧကကို ၁၄ တင်း၊ ၁၅ တင်းအထိ ထွက်တယ်။ မြေပေါ်မှာလည်း မူတည်တာပေါ့။ ဒီနှစ်က ဝါထပ်တော့ တောင်သူတွေ နှမ်းရမယ့်၊ နှမ်းကောင်းမယ့် နှစ်ပေါ့။ ဝါထပ်တော့ မိုးကလည်း နည်းနည်းနောက်ဆုတ်မယ်ဆိုတော့ အပင်ကကြီးပြီး ရာသီဥတုဒဏ်ခံနိုင်တာပေါ့။ မနှစ်က သုံးတင်းကို ငွေကျပ် ၁၂၀၀၀၀၊ ၁၅၀၀၀၀ ကျော် အထိ ဈေးရတယ်၊ အဲဒီဈေးအတိုင်း ဆိုရင် တောင်သူတွေ စပါးထက် တွက်ခြေကိုက်တယ်"ဟု စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာမှ နွေနှမ်း ငါးဧက စိုက်ပျိုးမည့် တောင်သူ ဦးပေါက ပြောသည်။

၂၀၁၄-၂၀၁၅ စိုက်ပျိုးရာသီတွင် ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီဆည်ရေသောက်များ နွေစပါး လျာထား စိုက်ပျိုးခြင်းမရှိသော်လည်း စပါးသီးနှံတွင် စားသုံးမှု ထက်ဝက်ကျော် ပိုလျှံဒေသဖြစ်သဖြင့် ဆန်ဈေး တက်မည်ကို အထူးစိုးရိမ်စရာမလိုအပ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက ဖြည့်စွက်ပြောကြားသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



နှစ် (၇၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# တိုင်းပြည်နှင့် လူမျိုးအကျိုး ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသော ပြည်ထောင်စုတပ်မတော်

မောင်သောင်းဝင်း(တမန်ဟောင်း)

နိုင်ငံတစ်နိုင်ငံ ဖြစ်တည်ရန်မှာ တိကျစွာ ပိုင်းခြားသတ်မှတ်ထားသော ပိုင်နက်နယ်မြေ၊ မှီတင်းနေထိုင်သော ပြည်သူလူထု၊ အုပ်ချုပ်သောအစိုးရ၊ အချုပ်အခြာအာဏာနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုဟူသည့် ဂုဏ်အင်္ဂါ ငါးရပ်ဖြင့် ပြည့်စုံနေရမည်ဖြစ်သည်။ ထိုဂုဏ်အင်္ဂါ ငါးရပ်အနက် တိကျစွာ ပိုင်းခြားထားသော ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် တပ်မတော်တစ်ရပ် မရှိမဖြစ်ဖွဲ့စည်းထားရှိရန် လိုအပ်ပါသည်။ ထိုလိုအပ်ချက်နှင့်အညီ မြန်မာ့တပ်မတော်ကို စနစ်တကျဖွဲ့စည်းထားရှိသည်။ ထိုတပ်မတော်သည် အလိုအလျောက်ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ တိုင်းပြည်အတွက် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ထွန်းလာခြင်းဖြစ်သည်။ ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော တပ်မတော်ကို ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံများကလည်း အသိအမှတ်ပြု လေးစားနေရသည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်တွင် ခိုင်မာသော သမိုင်းကြောင်းများရှိခဲ့သည်။ အေဒီ ၁၀၄၄-၁၀၇၇ ခုနှစ် အနော်ရထာ လက်ထက်တွင်လည်းကောင်း၊ အေဒီ ၁၅၅၁-၁၅၈၁ ခုနှစ် ဘုရင့်နောင် လက်ထက်တွင်လည်းကောင်း၊ အေဒီ ၁၇၅၂-၁၇၆၀ ခုနှစ် အလောင်းမင်း တရားလက်ထက်တွင်လည်းကောင်း ကာကွယ်ရေးအင်အားကို ကျောထောက်နောက်ခံပြုလျက် သုံးကြိမ်တိုင်တိုင် စည်းလုံးညီညွတ်သော မြန်မာနိုင်ငံတော်ကြီးအဖြစ် ခံ့ညားထည်ဝါစွာ တည်ထောင်နိုင်ခဲ့သည်။ ထိုခေတ်ကာလများတွင် ဒေသတွင်းသာမက ကမ္ဘာ့အဆင့်အထိပါ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် ဂုဏ်ရှိန်ရောင်ဝါထွန်းပြောင်နိုင်ခဲ့သည်။ ကျူးကျော်စော်ကားလာသူများကိုလည်း စည်းလုံးညီညွတ်မှုစွမ်းအား၊ ကာကွယ်ရေးစွမ်းအားတို့ဖြင့် တိုက်ထုတ်နိုင်ခဲ့သည်။ ထိုနိုင်ငံကြီးများသည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော တပ်မတော်များဖွဲ့စည်းထူထောင်ခဲ့မှုကြောင့်သာ ခိုင်မာစွာရပ်တည်နိုင်ခဲ့သည်ဆိုသော သက်သေသာဓက သမိုင်းဖြစ်စဉ်များပင်ဖြစ်သည်။

> **တပ်မတော်သည် တိုင်းရင်းသားပြည်သူလူထုအားလုံးကို ကိုယ်စားပြုသည့် ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည်နှင့်အညီ တိုင်းပြည်အတွင်း အရေးကြုံတိုင်း ရှေ့မှနေ၍ မားမားမတ်မတ်ရပ်တည်ကာ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများအား ကာကွယ်စောင့်ရှောက်ခဲ့ရသည်ကို သမိုင်းဖြစ်စဉ်များက သက်သေပြလျက်ရှိ။**

သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလတွင် နန်းတွင်းအရှုပ်တော်ပုံများကိုသာ အာရုံစိုက်ဖြေရှင်းနေခဲ့ရသဖြင့် တိုင်းပြည်၏ အဓိကကာကွယ်ရေးအင်အားစုဖြစ်သော စစ်အင်အားချည့်နဲ့လာပြီး အဘက်ဘက်မှ ခေတ်နောက်ကျမှုအကျိုးဆက်ကြောင့် တိုင်းပြည်၏ အချုပ်အခြာအာဏာကို ကိုလိုနီနယ်ချဲ့တို့၏ လက်ဝယ်သို့ ဝကွက်အပ်ခဲ့ရသည်။ ၁၈၈၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သူ့ကျွန်ဘဝရောက်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ရောက်မှသာ မြန်မာ့လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင်ရယူနိုင်ခဲ့သည်။ ကိုလိုနီတို့သည် ၁၈၂၄ ခုနှစ်ကတည်းက အောက်မြန်မာနိုင်ငံကို စတင်ကျူးကျော်သိမ်းပိုက်ခဲ့သဖြင့် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်မှာ နှစ်ပေါင်း ၁၂၀ ကျော် ကြာမြင့်သည်။ ထိုကာလများသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးအတွက် နယ်ချဲ့တို့၏ ညှဉ်းပန်းနှိပ်စက်ကုပ်သွေးစုပ်မှုဒဏ်များကို ခါးစည်းခံခဲ့ရသည့် ပင်ပန်းကြမ်းတမ်းသော နေ့ရက်များပင်ဖြစ်သည်။

မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော ပြည်ထောင်စုဖွားတိုင်းရင်းသား သူရဲကောင်းများသည် နယ်ချဲ့တို့က မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ပြီဆိုကတည်းကပင် ရရာလက်နက်စွဲကိုင်လျက် နယ်ချဲ့တို့အား အသက်ပေးကာ နည်းလမ်းပေါင်းစုံဖြင့် တိုက်ထုတ်ခဲ့ကြသည်။ သို့သော် စနစ်တကျစုဖွဲ့လေ့ကျင့်တိုက်ခိုက်ခြင်းမျိုး မရှိခဲ့သဖြင့် အသက်ကိုသာစွန့်လွှတ်ခဲ့ကြရသည်။ ဝမ်းနည်းဖွယ်ကောင်းသည့် ဖြစ်ရပ်များပင်ဖြစ်သည်။ ထို့နောက် တိုင်းရင်းသားများအကြား မျိုးချစ်စိတ်ဓာတ် နိုးကြားရှင်သန်လာသဖြင့် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်းစသည့် လူထုအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းလှုပ်ရှားလာခဲ့ရာ ၁၃၀၀ ပြည့် အရေးတော်ပုံလှုပ်ရှားမှုများသည် မြန်မာ့လွတ်လပ်ရေးအတွက် ရောင်ခြည်သန်းလာခဲ့သည်။

ထိုစဉ်က တပ်မတော်၏ ဖခင်ဖြစ်သည့်အပြင် မြန်မာ့လွတ်လပ်ရေး ဗိသုကာလည်းဖြစ်သော အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးအတွက် နယ်ချဲ့ကို တွန်းလှန်တိုက်ထုတ်ရာတွင် စနစ်တကျလေ့ကျင့်ဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းနှင့် ခေတ်မီလက်နက်ပစ္စည်းများရရှိမှသာ ဆောင်ရွက်နိုင်မည်ဆိုသည်ကို သိရှိသဘောပေါက်လာခဲ့သည်။ ထို့ကြောင့် နိုင်ငံခြားအကူအညီရရှိရေးအတွက် ပြည်ပသို့ တိတ်တဆိတ်ထွက်ခွာခဲ့ရသည်။ ထို့နောက် ရဲဘော်သုံးကျိပ်နှင့်အတူ ဟိုင်နန်ကျွန်းတွင် စစ်ပညာကို ဆင်းရဲပင်ပန်းကြမ်းတမ်းစွာ သင်ယူခဲ့ရသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မြန်မာ့လွတ်လပ်ရေးအတွက် အသက်ခန္ဓာပေးဆပ်တိုက်ခိုက်သွားမည်ဟု သစ္စာဆိုကာ လက်မောင်းသွေးဖောက် သောက်ခဲ့ကြသည်။ ထိုနေ့၌ပင် ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army-BIA) ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုတပ်မတော်သည် လက်ရှိပြည်ထောင်စုတပ်မတော်၏ မူလသန္ဓေပင်ဖြစ်သည်။ ထိုအချိန်က ဘီအိုင်အေအင်အားသည် ၂၀၀ ကျော် ခန့်သာရှိသော်လည်း မြန်မာနိုင်ငံအတွင်းသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် နေ့ချင်းညချင်း တစ်ဟုန်ထိုး အင်အားကြီးထွားလာခဲ့သည်။

ဘီအိုင်အေသည် နယ်ချဲ့တို့ကို မြန်မာ့မြေပေါ်မှ တိုက်ထုတ်စဉ် မျိုးချစ်စိတ်ဓာတ်ရှိသည့် လူငယ်လူရွယ်များသည် လစာ၊ စရိတ်၊ အဆောင်အယောင်၊ ရိက္ခာ မည်သည့်အခွင့်အရေးမျှ ရစရာ၊ မျှော်လင့်စရာ မရှိမှန်းသိလျက်နှင့် နိုင်ငံ့လွတ်လပ်ရေး ရရှိရေးအတွက် စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့် ဘီအိုင်အေထဲသို့ တဖွဲဖွဲဝင်ရောက်ခဲ့ကြပေသည်။ ဘီအိုင်အေသည် ခြောက်လအတွင်း အင်အား ၅၀၀၀၀ အထိတိုးတက်လာခဲ့သည်။ ထိုသို့အင်အားကြီးထွားလာမှုကြောင့် ဖက်ဆစ်တို့သည် ၎င်းတို့ကို ပြန်လည်တော်လှန်တိုက်ခိုက်လာမည်ကို စိုးရိမ်ကြသည့်အတွက် ဘီအိုင်အေကို ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (Burma Defence Army-BDA) အဖြစ် အင်အား ၃၀၀၀ ဖြင့်သာ ပြန်လည်ဖွဲ့စည်းခဲ့ရသည်။ ထိုကဲ့သို့ ပြင်ဆင်ဖွဲ့စည်းခြင်းသည် နိုင်ငံနှင့်လူမျိုးအပေါ် အနိုင်ကျင့်ဗိုလ်ကျစိုးမိုးလိုသည့် ဖက်ဆစ်များ၏ ပရိယာယ်တစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအပေါ် ခြယ်လှယ်ချင်သူမှန်သမျှသည် တပ်မတော်အင်အား တောင့်တင်းသည်ကို လက်ခံနိုင်ခြင်းမရှိဘူးဆိုသည့် အချက်အား သမိုင်းက သက်သေပြလျက်ရှိပါသည်။

ဂျပန်တို့သည် ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံအား ရွှေရည်စိမ်လွတ်လပ်ရေးပေးကြောင်း ကြေညာခဲ့သော်လည်း မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများကို မတရားထုတ်ယူခဲ့သည့်အပြင် မြန်မာတိုင်းရင်းသားများအား လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ တပ်မတော်သည် ဖက်ဆစ်တို့၏လက်အောက်၌ ညှဉ်းပန်းနှိပ်စက်ခံနေရသော ပြည်သူလူထုကို ကယ်တင်ရန်အတွက် ၁၉၄၃ ခုနှစ်ကတည်းက ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရန် ကြိုးစားခဲ့ပေသည်။ မြန်မာ့နိုင်ငံရေးအင်အားစုများကို ပူးပေါင်းပြီး ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ရန် စွမ်းစွမ်းတမံ စည်းရုံးခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်များသည် ၁၉၄၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးကို လျှို့ဝှက်စွာ ဖွဲ့စည်းခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့၌ ရွှေတိဂုံဘုရား အနောက်မြောက်ဘက်ရှိ ကွင်းပြင်ကြီး (ယခုတော်လှန်ရေးပန်းခြံနေရာ)တွင် စစ်ထွက်မိန့်ခွန်းပြောကြားခဲ့ရာ၌ **“မြန်မာ့ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြ”**ဟု အလေးအနက်ထား ပြောကြားခဲ့သည်။ ထိုနှစ် မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်သည် မြန်မာ့သမိုင်းတွင် ထာဝစဉ်ထင်ရှားနေမည့် ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ဆင်နွှဲခဲ့ပါသည်။ ထိုဖက်ဆစ်တော်လှန်ရေးကာလအတွင်း မျိုးချစ်တပ်မတော်၏ ချေမှုန်းတိုက်ခိုက်မှုကြောင့် ဖက်ဆစ်ဂျပန် ဒုတိယ ဗိုလ်ချုပ်ကြီးတစ်ဦး၊ ဗိုလ်ချုပ်တစ်ဦးအပါအဝင် ဂျပန်စစ်သည် ၈၈၂၆ ဦး သေဆုံးစေခဲ့သည့်အပြင် ၂၃၀၄ ဦးကိုပါ ဒဏ်ရာရရှိစေခဲ့ပါသည်။ ထို့အပြင် ဖက်ဆစ်ဂျပန်သုံ့ပန်း ၂၀၅ ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့သည်ဟု မှတ်သားဖူးပါသည်။ ထို့နောက် ဗမာ့တပ်မတော်သည် ၁၉၄၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ဖက်ဆစ်တို့ထံမှ ရန်ကုန်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ မြန်မာ့တပ်မတော်၏ စွမ်းဆောင်မှုများပင်ဖြစ်သည်။

မဟာမိတ်တပ်များသည် မြန်မာ့တပ်မတော်ကို အသိအမှတ်ပြုလက်ခံပြီးနောက် ၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် မျိုးချစ်ဗမာ့တပ်မတော် (Patriotic Burma Force-PBF) ဟု တရားဝင်ပြောင်းလဲခေါ်ဆိုခဲ့သည်။ ဘီအိုင်အေ၊ ဘီဒီအေက စတင်သန္ဓေတည်ခဲ့သည့် စာရေးသူတို့ တပ်မတော်သည် စနစ်တကျဖွဲ့စည်းမှု၊ လေ့ကျင့်မှုများပြည့်ဝလာပြီး ရန်သူကို ရင်ဆိုင်တိုက်ခိုက်နိုင်သည့်အဆင့်ထိ ရောက်ရှိလာခဲ့ပေသည်။ ထိုအချိန်တွင် တစ်ပြည်လုံးအတိုင်းအတာဖြင့် ပါဝင်ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် တပ်မတော်ပင် ဖြစ်နေပေသည်။ ဖက်ဆစ်တော်လှန်ရေးဆင်နွှဲသည့် အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့် တပ်မတော်အသွင်ကို ရောက်ရှိလာခဲ့ပေသည်။ ပြည်သူလူထုနှင့် တစ်ဆက်တစ်စပ်တည်းရှိနေပြီး ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးမှုကို အပြည့်အဝရရှိနေသည့်အတွက်လည်း ပြည်သူ့တပ်မတော်အသွင်မျိုး ဖြစ်လာခဲ့သည်။

တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တရားဝင်စစ်ကြေညာပြီး တော်လှန်ရေးဆင်နွှဲခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အမျိုးသားတပ်မတော်၏ ဂုဏ်အင်္ဂါအပြင် တိုင်းရင်းသားပြည်သူများမှမွေးဖွားသည့် ညီနောင်တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ဆိုသော ဂုဏ်အင်္ဂါရပ်များနှင့်ပါ ပြည့်စုံပြီး ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သောနေ့ဖြစ်သည့် မတ်လ ၂၇ ရက်နေ့ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ နှစ်စဉ် ထိုနေ့ ထိုရက်ရောက်ရှိချိန်တွင် ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုနှင့် နိုင်ငံ၏ အရန်အင်အားစုများဖြစ်ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ကြွစွာ ပူးပေါင်းပါဝင်သော တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကြီးကို ခမ်းနားထည်ဝါစွာ ကျင်းပလေ့ရှိသည်။ ထိုမွန်မြတ်သော အစဉ်အလာများနှင့်အညီ ၂၀၁၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ဆိုလျှင် ပြည်ထောင်စုတပ်မတော်ကြီးကို ဖွဲ့စည်းထူထောင်ခဲ့သည့် နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ယူဝင့်ကြွား ခမ်းနားထည်ဝါစွာ ကျင်းပတော့မည်ဖြစ်သည်။

တပ်မတော်သည် တိုင်းရင်းသားပြည်သူလူထုအားလုံးကို ကိုယ်စားပြုသည့် ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည်နှင့်အညီ တိုင်းပြည်အတွင်း အရေးကြုံတိုင်း ရှေ့မှနေ၍ မားမားမတ်မတ်ရပ်တည်ကာ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများအား ကာကွယ်စောင့်ရှောက်ခဲ့ရသည်ကို သမိုင်းဖြစ်စဉ်များက သက်သေပြလျက်ရှိသည်။ ထိုတာဝန်များအနက် ပထမဆုံးအနေဖြင့် တပ်မတော်သည် ၁၉၄၈-၁၉၄၉ ခုနှစ် ကာလများအတွင်း လွတ်လပ်ရေးနှင့်အတူ တစ်ပါတည်းပါလာသော ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရသည်။ ထိုသောင်းကျန်းသူ စစ်ဆင်ရေးများဆင်နွှဲစဉ်က တပ်မတော်အင်အားသည် ၁၅၀၀၀ ခန့်သာရှိသော်လည်း သောင်းကျန်းသူအင်အားသည် ၄၅၅၀၀ ခန့်အထိ ရှိခဲ့သည်။ နိုင်ငံခြားသတင်းစာများက ရန်ကုန်အစိုးရဟုပင် ရေးသားလာခဲ့သည်။ မည်သို့ပင် အခက်အခဲများရှိနေစေကာမူ တပ်မတော်သည် သောင်းကျန်းသူများအား စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်ဖြင့် တိုက်ခိုက်နှိမ်နင်းခဲ့သဖြင့် အောင်မြင်မှုများ ရရှိခဲ့သည်။

ထို့နောက် တပ်မတော်သည် ၁၉၅၈ ခုနှစ် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံတော်ကို **“အိမ်စောင့်အစိုးရ”**အဖြစ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများဆောင်ရွက်ကာ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကျင်းပပေးပြီး တက်ရောက်လာသော အစိုးရအဖွဲ့အား ဥပဒေနှင့်အညီ နိုင်ငံတော်အာဏာကို ပြန်လည်အပ်နှံပေးခဲ့သည်။ ၁၉၆၂ ခုနှစ်တွင်လည်း အဘက်ဘက်မှ ယိုယွင်းချည့်နဲ့၍ ချောက်ကမ်းပါးအတွင်း ကျရောက်အံ့ဆဲဆဲ နိုင်ငံတော်ကို ကယ်တင်ရန်အတွက် တပ်မတော်သည် **“တော်လှန်ရေးကောင်စီ”** ကို ဖွဲ့စည်းကာ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရပြန်သည်။

စာမျက်နှာ ၇ သို့ »»

»» စာမျက်နှာ ၆မှ

ထို့အပြင် ၁၉၈၈ ခုနှစ်တွင် ထိတ်လန့်ဖွယ်ကောင်းသည့် အရေးအခင်းများကြောင့် တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့အတွက် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် **"နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့"**ဟူ၍ ဖွဲ့စည်းဖြစ်တည်ခဲ့ရပြန်သည်။

ထို့နောက် ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် **"နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ"**ဟူ၍ ပြင်ဆင်ဖွဲ့စည်းကာ နိုင်ငံတော်ရှေ့ဆက်သွားမည့်လမ်းပြမြေပုံကို ချမှတ်ခဲ့သည်။ ထိုလမ်းပြမြေပုံနှင့်အညီ အမျိုးသားညီလာခံကြီးကျင်းပပြီး အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပြုစုနိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကျင်းပ၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ခဲ့သည်။ တပ်မတော်သည် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ခုနှစ်တွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့သည်။ ထိုရွေးကောက်ပွဲများတွင် ရွေးချယ်ခံခဲ့ရသည့် ရွေးကောက်ခံအမတ်များဖြင့် လွှတ်တော်များခေါ်ယူကာ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဒီမိုကရေစီအစိုးရသို့ တိုင်းပြည်အုပ်ချုပ်ရေးအာဏာကို ညင်သာချောမွေ့စွာ လွှဲပြောင်းပေးနိုင်ခဲ့သည်။

ခြုံ၍တင်ပြရလျှင် ပြည်ထောင်စုတပ်မတော်သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါ်ထွန်းလာခြင်းဖြစ်သည်။ ထိုသို့ တိုင်းပြည်၏လိုအပ်ချက်အရ ဖြစ်တည်လာသော တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် တိုင်းပြည်အတွင်း အခက်အခဲအကျပ်အတည်းများ ကြုံတွေ့ရသည့်အချိန်တိုင်း ရှေ့မှမားမားမတ်မတ်ရပ်တည်ခဲ့ရသည်။ ထိုအစဉ်အလာကောင်းများရှိသော တပ်မတော်သည် အနာဂတ်တွင်လည်း Standard Army အဖြစ် တည်ဆောက်ကာ တိုင်းပြည်နှင့်လူမျိုးအကျိုးကို အစဉ်သယ်ပိုးလျက် အန္တရာယ်ရန်စွယ်မှန်သမျှကို ထာဝစဉ် ကာကွယ်စောင့်ရှောက်သွားမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ ထို့အပြင် ထိုတပ်မတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားပြည်သူများအားလုံး ထာဝစဉ် ဦးထိပ်ပန်ဆင်ထားရမည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အသက်ခန္ဓာအပ်နှင်းလျက် အစဉ်ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေးသားတင်ပြလိုက်ရသည်။ ။




## ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပ အန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

## ရွှေတောင်မြို့နယ်တွင် စွန့်လွှတ်မြေများအား တောင်သူများထံသို့ ပြန်လည်ပေးအပ်

**ရွှေတောင် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် သစ်တောစွန့်လွှတ်မြေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စားကျက်စွန့်လွှတ်မြေ၊ မြေလွတ်မြေရိုင်းများအား ငွေးတောက်မြောင်၊ ကွင်းယားကြီး၊ ကျွဲသလင်း၊ တည်ကုန်းကြီး၊ မယားမန်ကျေးရွာတို့မှ တောင်သူများထံသို့ ပြန်လည်ပေးအပ်သည့် အခမ်းအနားကို မတ် ၁၉ ရက်က ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်လယ်ယာစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက တောင်သူများအား စွန့်လွှတ်မြေများ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တောင်သူ ၆၀ ၏ လယ်မြေ ၈၈ ဧကအား လယ်မြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လယ်မြေပုံစံ(၇)တို့ကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် တာဝန်ရှိသူများက အသီးသီး ပေးအပ်ကြသည်။ **(၁၄၃)**

## ပဲခူးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲနှင့် ဒိုက်ဦးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဒိုက်ဦး မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၉ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲနှင့် ဒိုက်ဦးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရာ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင်က အမှာစကားပြောကြားပြီး အဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဇော်လင်းမောင်၊ အတွင်းရေးမှူး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် အဖွဲ့ဝင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးတို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေများ၊ မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ ညွှန်ကြားချက်များအား ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းခြင်းနှင့် ပြန်လည်ရှင်းလင်းခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။ **ကျော်ကျော်(IPRD)**

## သင်္ကြန်ကာလ မူးယစ်ဆေးဝါးအန္တရာယ်ဟောပြော

**ရန်ကုန် မတ် ၂၂**

မြန်မာနှစ်သစ်ကူး ပွဲတော်ကာလအတွင်း လူငယ်အချို့၏ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အခြားမူးယစ်ဆေးဝါးများသုံးစွဲမှုကြောင့် ယာဉ်မတော်တဆမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ ကာယိန္ဒြေပျက်စီးမှုများ၊ သေဆုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် အသိပေးပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ကျောက်တံတားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ကျင်းပရာ မူးယစ်တပ်ဖွဲ့စု (၄၂) တပ်ဖွဲ့စုမှူး ရဲမှူးခင်မောင်သိန်းက မူးယစ်ဆေးဝါး အမျိုးအစားများနှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးအန္တရာယ်များ၊ ပြစ်မှု/ပြစ်ဒဏ်များ၊ သင်္ကြန်ကာလအတွင်း ဖြစ်ပွားခဲ့သည့်မှုခင်းများ အခြေအနေ၊ ပြည်သူလူထု ပူးပေါင်းပါဝင်နိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ရမည့် အခြေအနေများကို မြို့နယ်အတွင်းရှိ လူငယ်များ၊ ရပ်မိရပ်ဖများအား ရှင်းလင်းဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တပ်မတော်နေ့ ဒို့မမေ့

❂ နိုင်ငံတော် မြေ၊ ရေ၊ လေထု
ကာကွယ်ပြုလို့စောင့်ရှောက်ပြန်
စွမ်းရည်ထက်သန်။
ခေတ်မီတပ်မတော်တည်ဆောက်ရန်
တောင့်တင်းအမှန်ပြည့်အင်အား။
တိုင်းရင်းသားစည်းလုံးမှုနှင့်
ပေါင်းစုဝင့်ကြွား။

❂ ပြည်သူလူထုလက်တွဲညီလို့
တည်ငြိမ်အေးချမ်းရေး ရှယ်ရည်
စည်းလုံးမှု အခြေတည်။
ဖွံ့ဖြိုးတိုးတက် တို့တိုင်းပြည်
ကာကွယ်မည် သဘာဝဘေး။
မကျရောက်ဖွယ် ပြည်တွင်း ပြည်ပ အန္တရာယ်တို့
ရှောင်ဖယ်ဝေးဝေး။

❂ အလေးပေးကာကွယ် တို့ပြည်ထောင်စု
စည်းလုံးညီညွတ်မှု မပြိုကွဲရန်
လေးရပ်ခြံရံ။
အချုပ်အခြာအာဏာတည်တံ့အမှန်
နိုင်ငံအတွက် တို့မနေး။
အသက်ပေးကာကွယ်စောင့်ရှောက်မှု
ဂုဏ်ပြုလျက်လေး။ ။

**အောင်မြင့်စိုး(ရေစကြို)**

*နှစ်(၇၀)ပြည့် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုပါ၏။*

Since 1986
KMD Education Services
နိုင်ငံတကာအသိအမှတ်ပြု ကွန်ပျူတာသိပ္ပံဘွဲ့ ရရှိလိုလျှင်ကမ္ဘာအဆင့်
ထူးချွန်ကျောင်းသား / သူများ နှစ်စဉ်မွေးထုတ်ပေးနေတဲ့ KMD မှ ကြိုဆိုလျက်ပါ။
ISO | Microsoft Official Learning Partner

★ အားလပ်သောအချိန်များကို အကျိုးရှိစွာအသုံးချ၍ UK Diploma, Degree ရယူလိုသူများ တက်ရောက်နိုင်သောသင်တန်းဖြစ်ခြင်း။
★ တက္ကသိုလ်ဝင်တန်း ဖြေဆို/အောင်မြင်ထားသူများနှင့် GCE " O " Level ရှိသူများမည်သူမဆို တက်ရောက်နိုင်သည့်သင်တန်းဖြစ်ခြင်း။
★ ပြည်တွင်း၌ပင် အချိန်(၃)နှစ်ခန့်ပေးရုံဖြင့် UK မှ နိုင်ငံတကာအသိအမှတ်ပြု ကွန်ပျူတာသိပ္ပံဘွဲ့ကို ရရှိနိုင်ခြင်း။
★ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သော နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ/ဆရာမများကိုယ်တိုင် ဂရုတစိုက်သင်ကြားပေးခြင်း။
★ သင်တန်းပြီးဆုံးပါက IT ပညာအပြင် Management နှင့် Communication Skill ကိုပါရရှိနိုင်ခြင်း။
★ ပြည်တွင်း/ပြည်ပကုမ္ပဏီကြီးများတွင် ရာထူးကောင်းကောင်းဖြင့် ဝင်ရောက်လုပ်ကိုင်နိုင်ရန် Career Fair များစီစဉ်ပေးခြင်း။
★ Microsoft Certified Professional တစ်ယောက်ဖြစ်စေရန် ပထမနှစ်မှစ၍ Microsoft စာမေးပွဲများဖြေဆိုနိုင်ရန် လေ့ကျင့်သင်ကြားပေးခြင်း။
သင်တန်းကြေးကို အရစ်ကျပေးသွင်းနိုင်ပါသည်။



ကွန်ပျူတာပထမနှစ်တန်းခွဲသစ် | ကွန်ပျူတာဒုတိယနှစ်တန်းခွဲသစ်
23 March 2015 11:00-2:30pm (Mon - Fri) | 16 March 2015 8:00-11:30am (Mon - Fri)
28 March 2015 7:00-2:00pm (Sat - Sun) | 21 March 2015 7:00-3:00pm (Sat - Sun)
First Year Diploma in Computing > Second Year Diploma in Computing > B.Sc(Hons) BIT University of Greenwich (UK)
No.331, Pyay Rd., Myaynigone, Sanchaung Tsp. Tel: 502233, 534170, 527436. Hot Line: 09 254868920, 01 700895, 220555.

# သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ မြို့နယ်အထောက်အကူပြုကော်မတီဝင်များအား တွေ့ဆုံ

**ရန်ကုန် မတ် ၂၂**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ မင်္ဂလာခန်းမ၌ကျင်းပရာ**(ယာပုံ)** သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့မှ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အသီးသီး၏ လက်ရှိအခြေအနေများကို တင်ပြကြစေလိုကြောင်း၊ ယခုခေတ်သည် ပြည်သူများ၏ လိုအပ်ချက်ကို အကောင်အထည်ဖော်နေသည့် ခေတ်ကာလဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တစ်နှစ်ကျော်ကာလအတွင်း မြို့မိမြို့ဖများပါဝင်သော အထောက်အကူပြုကော်မတီများ၏ အားကြိုးမာန်တက်ဆောင်ရွက်မှုများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အကျိုးရှိထိရောက်မှုရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ အစိုးရယန္တရားအုပ်ချုပ်မှုပိုင်း ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ မြို့ပြစီမံကိန်းများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ စနစ်တကျ အကောင်အထည်ဖော်မှသာလျှင် ပြည်သူများ၏ စားဝတ်နေရေးကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ခရိုင်အဆင့်ကို အားကောင်းအောင် ဆောင်ရွက်ရန်လိုကြောင်း။

မြို့နယ်အဆင့်တွင်လည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို တစ်နေရာတည်း၌ ဝန်ဆောင်မှုအပြည့်အဝပေးနိုင်မည့် လုပ်ငန်းစဉ်ကိုလည်း UNDP နှင့်ပူးပေါင်း၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် e-Government စနစ်ဖြင့် ရုံးလုပ်ငန်းများ လွယ်ကူလျင်မြန်ပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လုပ်ငန်းစဉ်များကို သကြ္ကန်ကာလအပြီးတွင် အရှိန်အဟုန်မြင့် စတင်နိုင်ရန် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် ပြည်နယ်အဆင့်တို့တွင် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စည်ပင်သာယာရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေး ကဏ္ဍတို့တွင် ဆောင်ရွက်ပြီးစီးမှုအပိုင်းနှင့် ဆောင်ရွက်ဆဲအပိုင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်ရှိ မြို့နယ်ပေါင်း ၂၁ မြို့နယ်မှ တာဝန်ရှိသူများက မြို့နယ်ချင်းစီအလိုက် တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်သူများ၏ လူမှုစီးပွား လတ်တလောလိုအပ်ချက်ကို ဦးစားပေးဆောင်ရွက်ရုံဖြင့် မပြီးနိုင်ကြောင်းနှင့် အခြေခံအုတ်မြစ်ခိုင်မာအောင် ချမှတ်ဆောင်ရွက်မှသာလျှင် အနာဂတ်အတွက် တည်ငြိမ်ဖွံ့ဖြိုးမှုကို ရရှိမှာဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လာမည့်ရွေးကောက်ပွဲတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုကြောင်းနှင့် ရွေးကောက်ပွဲ ပြီးဆုံးသည်အထိ ရပ်မိရပ်ဖများအားလုံးက ဝိုင်းဝန်းကူညီသွားကြရန် မေတ္တာရပ်ခံပါကြောင်းဖြင့် နိဂုံးချုပ်ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

# ဂါနာနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် မတ် ၂၃**

ကွာလာလမ်ပူမြို့တွင် အခြေစိုက်သည့် ဂါနာသံအမတ်ကြီး မစ္စတာ ဘင်ဂျမင်ကလီးမန့်(တ်)အက်ဟန်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂါနာနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် ဂါနာသမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဘင်ဂျမင် ကလီးမန့်(တ်)အက်ဟန်သည် ၁၉၄၈ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင်မွေးဖွားခဲ့သည်။ ဂါနာတက္ကသိုလ်မှ မျက်မှောက်ခေတ်သမိုင်းဘာသာအဓိကဖြင့် ဘွဲ့ရရှိခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နယ်သာလန်ဖောင်ဒေးရှင်းတက္ကသိုလ်၏ လူမှုရေးရာပညာရပ်များ သင်ကြားရေးကျောင်းမှ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံခန့်ခွဲမှု ဒီပလိုမာဘွဲ့တို့ကို ရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ဂါနာပြည်သူ့အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာကျောင်း၌ အကြီးတန်း ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဂါနာအစိုးရဝန်ကြီးဌာနများဖြစ်သော လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်ရှာဖွေပေးရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့၏ အဓိကညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အဖွဲ့အစည်းများနှင့် အေဂျင်စီများတွင် အကြံပေးအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ဂါနာပြည်သူ့အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးကျောင်း နာယကအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဂါနာနိုင်ငံအစိုးရအဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ်မှ ယနေ့အထိ ခနေသဟာယနိုင်ငံများ၏ ပြည်သူ့အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာအသင်း၊ ဂါနာအရှေ့ဖျား ခရီးသွားလာရေးနှင့် ဝန်ဆောင်မှုကုမ္ပဏီ၊ ဂါနာ-တရုတ်ချစ်ကြည်ရေးအသင်း၊ တရုတ်-ဂါနာစီးပွားရေးဖွံ့ဖြိုးမှုမြှင့်တင်ရေး၊ ပုပ်ရဟန်းမင်းနှင့်ဆိုင်သော ဂါနာလူသာရင်ဘုရားကျောင်းနှင့် အစိုးရအဖွဲ့အတွင်းရေးမှူးများ၏ အာဖရိကကောင်စီတို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အင်္ဂလိပ်ဘာသာစကားနှင့် ပြင်သစ်ဘာသာစကားပြောဆိုနိုင်သည်။

ကွာလာလမ်ပူမြို့တွင် အခြေစိုက်သည့် ဂါနာသံအမတ်ကြီး မစ္စတာ ဘင်ဂျမင်ကလီးမန့်(တ်)အက်ဟန်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂါနာနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# ပုသိမ်မြို့၌ ကလေးများမွေးရာပါရောဂါကုသမှု အောင်မြင်လျက်ရှိ

**ပုသိမ် မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရှင်ပင်ဘုန်းပွင့်လမ်း မြန်မာနိုင်ငံ ဆရာဝန်အသင်းရုံး (ဧရာဝတီတိုင်းဒေသကြီး) ဆေးခန်း၌ မတ် ၂၁ ရက်တွင် The Glencoe foundation ၏ ပံ့ပိုးကူညီမှုဖြင့် ကလေးများ မွေးရာပါ ခြေထောက်ခွင်ရောဂါကုသမှုစီမံချက် (Walk For life) အကြံပေးအရာရှိ Prot paul Wade (Australia) ခြေထောက်ခွဲစိတ်ကုဆရာဝန်ကြီးသည် ပုသိမ်မြို့၌ ကလေးများမွေးရာပါ ခြေခွင်ရောဂါ ကုသပေးလျက်ရှိသော မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဧရာဝတီတိုင်းဒေသကြီး) အတွင်းရေးမှူး ဒေါက်တာကြည်ဖေ (အရိုးအကြောကု)နှင့်အတူ နည်းပညာရပ်များ နှီးနှောဖလှယ်၍ ကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် Walk For Life (Porseti method) စီမံချက်ဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ်လမှစတင်၍ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဧရာဝတီတိုင်းဒေသကြီး) ပုသိမ်ရုံးခန်း၌ ကုသခဲ့ရာ မွေးရာပါ ခြေထောက်ခွင်ရောဂါကလေးပေါင်း ၃၀ ခန့်ကို အောင်မြင်စွာကုသပေးနိုင်ခဲ့သည်။ အထူးအားဖြင့် မွေးရာပါ ခြေထောက်ခွင်ရောဂါကို မွေးကင်းစမှ အသက်နှစ်နှစ်အတွင်းတွင် ဆောလျင်စွာ ကုသမှုခံယူပါက နဂိုမူလအတိုင်း ကောင်းမွန်နိုင်သည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် Walk For Life (Porseti method) စီမံချက်ဖြင့် ၂၀၁၃ ခုနှစ်တွင် ရန်ကုန်ကလေးဆေးရုံကြီး၊ မန္တလေးဆေးရုံ၊ မကွေးဆေးရုံတို့တွင်လည်း ကလေးများမွေးရာပါ ခြေခွင်ရောဂါကို ကလေး ၁၀၀၀ ကျော်အား အောင်မြင်စွာ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**



# ကဝမြို့နယ်၌ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ကဝ မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်၌ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မတ် ၁၈ ရက် နံနက် ၉ နာရီက ကဝမြို့ (၄)ရပ်ကွက် မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းမောင်က လွတ်လပ်ပြီး တရားမျှတ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်ရေး၊ ဥပဒေနှင့်အညီ ရွေးကောက်ပွဲလုပ်ငန်းများဆောင်ရွက်ရေး၊ အားလုံးလက်တွဲပြီး လိုအပ်သည်များကို အကြံပြုပူးပေါင်းဆောင်ရွက်ရေးနှင့် အခြေခံမဲစာရင်းမူကြမ်းများကို သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ တိုင်းဥပဒေအရာရှိ ဦးဇော်လင်းမောင်က ဥပဒေဆိုင်ရာများကို ရှင်းလင်းခြင်းနှင့် တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (တိုင်းကော်မရှင်အတွင်းရေးမှူး) ဦးကျော်စိုးက လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဌေးက မိုးပွင့်အထူးစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်း အသိပညာပေး ပြောကြားသည်။ မိုးပွင့်စီမံချက်အရ ဆောင်ရွက်ပေးထားသော မှတ်ပုံတင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီများနှင့် ကော်မရှင်အဖွဲ့ခွဲများမှ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(IPRD)**

# ရွေးကောက်ပွဲဆိုင်ရာများ အသိပေးရှင်းလင်းဆွေးနွေး

**မြစ်ကြီးနား မတ် ၂၂**

မြန်မာ့သတင်းသိပ္ပံ Myanmar Journalism Institute (MJI)က ကြီးမှူး၍ ဒေသခံသတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ သတင်းများရယူပေးပို့ခြင်း အထူးသင်တန်းကို မြစ်ကြီးနားမြို့ရှိ ဟိုတယ် မဒီရာခန်းမ၌ မတ် ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက်ကြာဖွင့်လှစ်ရာ မတ် ၂၀ ရက်မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညွန့်ရွှေနှင့်အဖွဲ့ခွဲဝင်သုံးဦးတို့က ရွေးကောက်ပွဲဆိုင်ရာများကို အကျယ်တဝင့်အသိပေး ရှင်းလင်းဆွေးနွေးပြီး သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**( ၄၉၉ )**

အခွန်ဘဏ္ဍာပြည့်ပါမှ
လှပသာယာ တို့ပြည်မြန်မာ

ပြည်တွင်းရေးရာ

# တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုကိုထိခိုက်စေသော ဖြစ်ရပ်များနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံမေးမြန်း

တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုကို ထိခိုက်စေသော ဖြစ်ရပ်များနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြအပ်ပါသည်။

တွေ့ဆုံမေးမြန်း - ဟန်နီဝင်း၊ ဓာတ်ပုံ - ထိန်နန်နော်


ဦးဌေးအောင်


ဦးမြတ်ထွန်းဦး


ဦးကျော်မြင့်စိုး


ဦးစန်းလှိုင်


ရဲမှူးကြီး ဝင်းဗိုလ်


ရဲမှူးကြီး ဝင်းစိန်

**ဦးမြတ်ထွန်းဦး**
**ခရိုင်အုပ်ချုပ်ရေးမှူး**
**ရန်ကုန်မြောက်ပိုင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**မေး။ ။လက်ရှိအခြေအနေမှာ နိုင်ငံရဲ့တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်ဝပ်ပိပြားမှုကို ထိခိုက်စေတဲ့ ဖြစ်စဉ်ဖြစ်ရပ်အခြေအနေတော်တော်များများတွေ့ရပါတယ်။ အခုဆိုလို့ရှိရင်လည်း လက်ပံတန်းကိစ္စအရေးယူဆောင်ရွက်ချက်တွေနဲ့ စပ်လျဉ်းတဲ့ ဆန္ဒပြမှုတွေဖြစ်ပေါ်နေတာကိုလည်း တွေ့ရပါတယ်။ ဒီလိုဖြစ်စဉ်နဲ့ပတ်သက်ပြီး ဆရာ့အမြင်လေး ပြောပြပေးပါ။**

ဖြေ။ ။၂၀၁၅ ခုနှစ်အတွင်း လွတ်လပ်ပြီးတရားမျှတမှုရှိတဲ့ အထွေထွေ ရွေးကောက်ပွဲကို အောင်မြင်အောင် ဆောင်ရွက်ဖို့လိုအပ်တဲ့အတွက် အခြေအနေ အရပ်ရပ်ဟာ တည်ငြိမ်အေးချမ်းစွာရှိနေဖို့ လိုအပ်ပါတယ်။ ဒါပေမယ့် ၂၀၁၅ ခုနှစ် နှစ်စပိုင်းကစပြီး ကျောင်းသားအချို့နဲ့ အလုပ်သမားအချို့ဟာ အမျိုးသား ပညာရေးဥပဒေပြင်ဆင်ရေး၊ လုပ်ခလစာတိုးမြှင့်ရရှိရေးနဲ့ပတ်သက်ပြီး ဆန္ဒပြ လှုပ်ရှားမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အလုပ်သမားပြဿနာနဲ့ပတ်သက်ပြီး အလုပ်သမားဝန်ကြီးဌာန တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေပြုလုပ်ခဲ့ပြီး အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်ပြီးတော့လည်း ဆွေးနွေးညှိနှိုင်းပြီး အတည်ပြုနိုင်ဖို့အတွက် လွှတ်တော်မှာ တင်ပြဆောင်ရွက်တဲ့အဆင့်ရောက်နေပြီ ဖြစ်ပါတယ်။ လက်ပံတန်းဖြစ်စဉ်နဲ့ပတ်သက်ပြီး ကန့်ကွက်ဆန္ဒပြမှုတွေ ရှိခဲ့ပါတယ်။ ဒီကန့်ကွက်ဆန္ဒပြမှုတွေကလည်း ဥပဒေနဲ့ညီဖို့လိုပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ ဥပဒေအရ အရေးယူဆောင်ရွက်ရမယ့် အခြေအနေပဲဖြစ်ပါတယ်။

**ဦးစန်းလှိုင်**
**ခရိုင်အုပ်ချုပ်ရေးမှူး**
**သာယာဝတီခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**မေး။ ။မန္တလေးကနေစခဲ့တဲ့ သပိတ်စစ်ကြောင်း လက်ပံတန်းကို ရောက်လာတဲ့ အခြေအနေနဲ့ အခုလက်ရှိဆွေးနွေးညှိနှိုင်းပြီး ထိန်းသိမ်းဆောင်ရွက်ခဲ့တဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီး သိချင်ပါတယ်။**

ဖြေ။ ။မန္တလေးစစ်ကြောင်းဟာ ဇန်နဝါရီ ၂၀ ရက်နေ့ကနေ စတင်ထွက်ခွာလာပြီး စစ်ကြောင်းလျှောက်လာရာ လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ ခရိုင်/မြို့နယ် အသီးသီးမှာရှိတဲ့ အုပ်ချုပ်ရေးအဖွဲ့တွေ၊ ဌာနဆိုင်ရာတွေ၊ ရပ်မိရပ်ဖတွေဟာ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေနိုင်တဲ့အတွက် မေတ္တာရပ်ခံမှုတွေရှိခဲ့ပါတယ်။ ဒါကို လိုက်နာမှုမရှိဘဲ တောက်လျှောက်ချီတက်လာတာ ဖေဖော်ဝါရီ ၁၇ ရက်နေ့မှာ လက်ပံတန်းမြို့ကို ရောက်ရှိခဲ့ပါတယ်။ အဲဒီလိုပဲ ပဲခူးဘက်က ချီတက်လာတဲ့ သပိတ်စစ်ကြောင်းနဲ့ ဧရာဝတီသပိတ်စစ်ကြောင်းတွေဟာ ဖေဖော်ဝါရီ ၁၄ ရက်နေ့ကပြုလုပ်တဲ့ လေးပွင့်ဆိုင် သဘောတူညီချက်ကို လက်ခံပြီးတော့ သူတို့ရဲ့ နေရပ်အသီးသီးကို လူစုခွဲသွားခဲ့ပြီး မန္တလေးသပိတ်စစ်ကြောင်းကတော့ လက်ပံတန်းမှာ ဆက်လက်ပြီး အခြေပြုနေပါတယ်။ လက်ပံတန်းမှာ ရှိနေတဲ့ကာလ ဖေဖော်ဝါရီ(၂၄/၂၅/၂၆) ရက်နေ့တွေမှာတော့ NNER အဖွဲ့ကနေ ဆန္ဒပြသပိတ်အဖွဲ့တွေကို သင်တန်းတွေ ပေးခဲ့ပါတယ်။ လွတ်လပ်စွာ သဘောကွဲလွဲခွင့်နဲ့ ဒီမိုကရေစီခေါင်းဆောင်မှု စတာတွေကို ဆွေးနွေးပို့ချခြင်းနဲ့ ရဟန်းရှင်လူပြည်သူအပေါင်းသို့ ပန်ကြားခြင်း ခေါင်းစဉ်ပါ ခွပ်ဒေါင်းနွေဦး စာစောင်တွေကိုလည်း ဖြန့်ဝေခဲ့တာ တွေ့ရပါတယ်။ မတ် ၂ ရက်နေ့မှာတော့ နံနက်ပိုင်း၊ ညနေပိုင်းနဲ့ ညပိုင်းတို့မှာ ကျောင်းသားခေါင်းဆောင်တွေနဲ့ ကျွန်တော်တို့ တာဝန်ရှိသူများတွေ့ဆုံပြီးတဲ့အခါ နေရပ်ပြန်ဖို့အတွက် ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးတဲ့အခါမှာ အဆင်မပြေတဲ့ အခါကျတော့ ရန်ကုန်ဆက်လက်ချီတက်ဖို့ အချက်(၈)ချက်ပါ တောင်းဆိုမှုကို တင်ပြခဲ့ပါတယ်။ အဲဒီလိုတင်ပြလာတဲ့အတွက် မတ် ၃ ရက်နေ့ မနက်ပိုင်းမှာ တစ်ကြိမ်ထပ်မံတွေ့ဆုံခဲ့ပါတယ်။ အဲဒီလိုဆွေးနွေးတဲ့အခါ ပြီးပြတ်မှုမရှိဘဲ ထပ်မံဆွေးနွေးမယ်လို့ပြောပြီး ပြန်သွားပါတယ်။ ပြန်သွားပြီးတော့ ဘုန်းကြီးကျောင်း ရောက်ပြီး သပိတ်စစ်ကြောင်းက လမ်းမပေါ်ကို အလံတွေ၊ ဆိုင်းဘုတ်တွေကိုင်ပြီး ရုတ်တရက်ထွက်လာခဲ့ပါတယ်။ အဲဒီလိုထွက်လာတဲ့အတွက် အမျိုးသမီးတပ်ဖွဲ့ဝင်တွေက တားဆီးခဲ့ရပါတယ်။ တားဆီးတဲ့အတွက် တန်(၂၅၀)ဆန်စက် လမ်းမပေါ်မှာ ထိုင်သပိတ်အဖြစ်ဆောင်ရွက်တဲ့အခြေအနေကို ရောက်ရှိခဲ့ပါတယ်။ မတ် ၄ ရက်နေ့မှာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကိုယ်တိုင်၊ မတ် ၅ ရက်နေ့ ညနေပိုင်းမှာ မြို့နယ်သာသနာထိန်းသိမ်းရေးဥက္ကဋ္ဌ ဆရာတော်နဲ့ အဖွဲ့ဝင်ဆရာတော်တွေကိုယ်တိုင်ကြွရောက်လာပြီး ဆန္ဒပြအဖွဲ့ကို လက်ရှိမြို့နယ်မှာဖြစ်နေတဲ့ အခြေအနေတွေကို ဆွေးနွေးခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ မကြာခင် တက္ကသိုလ်ဝင်စာမေးပွဲလည်း ကျင်းပမှာဖြစ်တယ်။ ပြီးတဲ့အခါ ပါဠိ ပထမပြန်စာမေးပွဲကို ထပ်ပြီးကျင်းပမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ မြို့နယ်မှာ တည်ငြိမ်အေးချမ်းမှုရှိစေဖို့အတွက် သပိတ်ကို ရပ်နားပေးဖို့ မေတ္တာရပ်ခံ ပန်ကြားခဲ့ပါတယ်။

အဲလိုပြောနေတဲ့ မတ် ၆ ရက်နေ့ မနက် ၉နာရီ မိနစ် ၂၀ မှာ ထိုင်သပိတ်မှာပါတဲ့ ဆန္ဒပြနေတဲ့အဖွဲ့က ကျား လေးဦး၊ မ တစ်ဦးတို့ဟာ လက်ပံတန်းမြို့မဈေးကို သွားပြီးတော့ လက်ကိုင်စကားပြောစပီကာနဲ့ ဆိုင်းဘုတ်တွေ ကိုင်ဆောင်ပြီး ဟစ်အော်စည်းရုံးလှုံ့ဆော်မှုတွေပြုလုပ်ခဲ့တဲ့အတွက် တာဝန်ရှိသူအသီးသီးက တားဆီးထိန်းသိမ်းခဲ့ရပါတယ်။ အဲဒီလိုထိန်းသိမ်းတဲ့အတွက် ဆရာတော်နဲ့ မြို့မိမြို့ဖတွေက မေတ္တာရပ်ခံချက်အရ မတ် ၇ ရက်နေ့မှာ ကျောင်းသား လေးဦးနဲ့ ကျောင်းသူ တစ်ဦးကို မြို့မိမြို့ဖလက်ထဲ ပြန်လည်အပ်နှံခဲ့ပါတယ်။ အဲဒီနေ့ ၁၁ နာရီ ၃၅ မိနစ်အချိန်မှာပဲ NNER အဖွဲ့က ငါးဦးနဲ့ ကျွန်တော်တို့ဘက်က တာဝန်ရှိသူများ ကျောင်းသားသပိတ်ကိစ္စနဲ့ပတ်သက်ပြီး တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။ ထပ်မံပြီးတော့ မတ် ၈ ရက်နေ့ နေ့လယ်မှာ လက်ပံတန်းမြို့ပေါ်ရှိတဲ့ ကျောင်းသားမိဘအချို့ကနေ တာဝန်ရှိသူအကြီးအကဲတွေနဲ့တွေ့ဆုံပြီး မကြာမီ သူတို့သားသမီးတွေ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုတော့မှာဖြစ်တဲ့အတွက် လက်ရှိရှိနေတဲ့ သပိတ်အပေါ်မှာ တာဝန်ရှိသူအသီးသီးက လိုအပ်တာတွေ ဆောင်ရွက်ပေးနိုင်ဖို့ လာရောက်ဆွေးနွေးခဲ့သလို မတ် ၉ ရက်နေ့မှာ ထိုင်သပိတ် ဆောင်ရွက်နေတဲ့ ကျောင်းသားတွေထဲကို GTI ကျောင်းသားမိဘတွေက သူတို့ကိုယ်တိုင်ရေးသားထားတဲ့ မေတ္တာရပ်ခံစာကို ကျောင်းသားခေါင်းဆောင်များ လက်ထဲကို ထည့်ခဲ့ပါတယ်။ ဌာနဆိုင်ရာတွေကိုလည်း ပေးခဲ့ပါတယ်။ နောက်ပြီး NNER အဖွဲ့ကလည်း တောက်လျှောက်လာရောက်ပြီး ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်ခဲ့ပါတယ်။ ဆွေးနွေးခဲ့တဲ့အခြေအနေအရ သပိတ်မှောက်ကျောင်းသားတွေအနေနဲ့ မိမိနေရပ်ကိုဖြစ်ဖြစ်၊ ရန်ကုန်ကိုဖြစ်ဖြစ် ပြန်လိုပါက လေးယောက်၊ ငါးယောက်စုဖွဲ့ပြီး ပြန်နိုင်တယ်လို့ ဆွေးနွေးခဲ့ပါတယ်။ ဒါပေမယ့် ကျောင်းသားတွေက လက်ခံခြင်းမရှိခဲ့ပါဘူး။ လက်ရှိ လက်ပံတန်းမှာ သပိတ်အနေနဲ့ ရှိနေတဲ့ကာလ တစ်လျှောက်လုံး အေးအေးချမ်းချမ်းနဲ့ ဒေသတည်ငြိမ်ရေးကို ဦးတည်ပြီး စေ့စပ်ညှိနှိုင်းမှုများကို တောက်လျှောက်ပြုလုပ်ခဲ့ပါတယ်ဆိုတာကိုတော့ ကျွန်တော့်အနေနဲ့ ပြောပြချင်ပါတယ်။

**ဦးကျော်မြင့်စိုး**
**ရပ်မိရပ်ဖ**
**လက်ပံတန်းမြို့နယ်**

**မေး။ ။လက်ပံတန်းမှာဖြစ်ခဲ့တဲ့ ဖြစ်စဉ်နဲ့ပတ်သက်ပြီး ရပ်မိရပ်ဖတစ်ဦးအနေနဲ့ ဒီအပေါ်မှာ ဘယ်လိုမျိုးသုံးသပ်ပါသလဲ။ သပိတ်စစ်ကြောင်း ပြေပြေလည်လည် ညှိညှိနှိုင်းနှိုင်းဖြစ်သွားဖို့အတွက် ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။မန္တလေးက ထွက်လာတဲ့ သပိတ်စစ်ကြောင်းဟာ ဖေဖော်ဝါရီ ၁၇ ရက်နေ့မှာ ရောက်ရှိပါတယ်။ လက်ပံတန်းမြို့ကို ရောက်ရှိပြီး ဝိုင်းရံအားပေးသူတွေ၊ စေတနာရှင်တွေအားလုံးက နားခိုခွင့်ပေးတယ်။ ကျွေးမွေးစောင့်ရှောက်မှုတွေလည်း ဆောင်ရွက်ပေးတယ်။ အဲဒီလိုပဲ အုပ်ချုပ်ရေးနဲ့ လုံခြုံရေးအဖွဲ့တွေကလည်း အပြင်စည်းကနေ ပြဿနာတစ်စုံတစ်ရာမဖြစ်ပွားဖို့အတွက် စောင့်ရှောက်မှုတွေ ပေးပါတယ်။ မြို့မိမြို့ဖတွေရော ဝန်းရံထားတဲ့ အားလုံးက ကျောင်းသားတွေကို အတတ်နိုင်ဆုံး ကိုယ့်သားသမီးတွေလို၊ ကိုယ့်ညီအစ်ကို မောင်နှမတွေလို ဖျောင်းဖျကြပါတယ်။ ပြီးသွားတဲ့အခါ ပြန်ကြဖို့၊ စာမေးပွဲအခန်းတွေ ပြန်ဝင်ကြဖို့ အတတ်နိုင်ဆုံး ဖျောင်းဖျကြပါတယ်။ လက်ပံတန်းမြို့ကိုလာရောက်တဲ့ ပထမအစီအစဉ်က ဖေဖော်ဝါရီ ၁၇ ရက်နဲ့ ၁၈ ရက် နှစ်ရက်နားပြီး ထွက်ခွာမယ်လို့ကြားသိရပါတယ်။ ဒါပေမယ့် အခြေအနေအရ မတ် ၂၈ ရက်ထိနားမယ်လို့ ထပ်မံကြားသိရပါတယ်။ ဖေဖော်ဝါရီ ၂၈ ရက်ထိ ပြဿနာတစ်စုံတစ်ရာမရှိ အေးအေးဆေးဆေးရှိခဲ့ပါတယ်။ မတ် ၁ ရက်နေ့ကို ရောက်တဲ့အခါ မတ်လအတွင်း ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲတွေရှိတယ်။ GTI ကျောင်းကလည်း မတ်လအတွင်းမှာ စာမေးပွဲဖြေရမယ်။ ပါဠိပထမပြန် စာမေးပွဲဖြေဆိုမယ့် သံဃာတော်တွေလည်း ရှိတယ်။ မတ်လအတွင်းရောက်လာတဲ့အခါကျတော့ အားလုံးက စိုးရိမ်သောကဖြစ်လာကြပါတယ်။ မတ် ၆ ရက်နေ့မှာ လက်ပံတန်းမြို့မဈေးမှာ ကျောင်းသားလေးဦး၊ ကျောင်းသူ တစ်ဦးက အလံကိုင်ပြီး ဆန္ဒဖော်ထုတ်တယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး တာဝန်ရှိသူတွေက ထိန်းသိမ်းထားတဲ့အပေါ်မှာ ကျွန်တော်တို့က တစ်ဆင့် ကျောင်းသားခေါင်းဆောင်တွေက တွေ့ချင်တယ်ဆိုလို့ တွေ့ပေးပါတယ်။ မေတ္တာရပ်ခံတဲ့အတွက် ကျောင်းသားတွေရော၊ ကျောင်းသားခေါင်းဆောင်တွေရော၊ သံဃာတော်တွေရော ပြန်လည်ခေါ်ဆောင်သွားပါတယ်။ ဆိုလိုတဲ့သဘောက ကျွန်တော်တို့ မြို့မိမြို့ဖတွေအနေနဲ့ အားလုံးကြားမှာ တစ်ဖက်နဲ့ တစ်ဖက် ညှိနှိုင်းလို့ရအောင်၊ ဆက်လက်ပြီး ဆောင်ရွက်လို့ရအောင်၊ ဆက်သွယ်ဆောင်ရွက်လို့ရအောင်၊ ပြေလည်မှုရရှိအောင် ဆောင်ရွက်ပေးတဲ့သဘောပါ။ နှစ်ဖက်စလုံးက ကျွန်တော်တို့အပေါ်မှာ အမြင်ကြည်လင်ကြပါတယ်။ ဒီလိုနဲ့ မတ် ၃ ရက်နေ့မှာ ကျောင်းသားသပိတ်စစ်ကြောင်းဟာ ဆက်လက်ထွက်ခွာဖို့ ပြင်ဆင်လာတယ်။ တစ်ဖက်က အုပ်ချုပ်ရေးနဲ့ လုံခြုံရေးအဖွဲ့တွေကလည်း အမိန့်ညွှန်ကြားချက်ရှိထားတဲ့အတွက် တားဆီးပါတယ်။ ဒီအပေါ်မှာ ထိုင်သပိတ်စစ်ကြောင်းဆိုပြီး လမ်းမပေါ်မှာဖြစ်တယ်။ ဒီလိုနဲ့ မြို့အဝင် လမ်းမကြီးဟာ လမ်းတွေပိတ်သွားပါတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ ခက်ခဲသွားပါတယ်။ နှစ်မိုင်ကျော်လောက်က ဝေးတဲ့ မြို့ရှောင်လမ်းကနေ ကွေ့သွားရပါတယ်။ စိုးရိမ်သောကဖြစ်တာကနေပြီးတော့ အခက်အခဲတွေ ကြုံတွေ့လာရတယ်။ ဘာပဲပြောပြော သပိတ်စစ်ကြောင်းကို ကျွန်တော်တို့မြို့ကနေ အေးအေးချမ်းချမ်းနဲ့ ထွက်ခွာသွားစေချင်ပါတယ်။ ဒါက ကျွန်တော်တို့ မြို့မိမြို့ဖတွေရဲ့ ဆန္ဒပါ။ ဒီကြားထဲ မတ် ၁ ရက်နေ့မှာ GTI ကျောင်းဖွင့်မယ်ဆိုပေမယ့် မိဘတွေက စိုးရိမ်ပြီး ကျောင်းမလွှတ်တဲ့အခါ စာမသင်ရဘူးဖြစ်သွားတာပါ။ ကျောင်းသားသပိတ်စစ်ကြောင်းကလည်းရှိနေတော့ စိုးရိမ်ကြတာပေ့ါ။ စိုးရိမ်တဲ့အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းတွေကိုလည်း သွားရောက်ပြီးပြောကြပါတယ်။ GTI ကျောင်းသားမိဘတွေက ကြေညာချက်တွေ တန်ပြန်ထုတ်တာတွေကိုလည်း ကြားသိရပါတယ်။ ဒါတွေကို စိုးရိမ်နေတဲ့အချိန်မှာ ကျောင်းသားတွေက မတ် ၁၀ ရက်နေ့ မနက် ၁၀ နာရီမှာ ထိုးဖောက်ထွက်မယ်ဆိုတဲ့ ကြေညာချက်ထွက်လာတယ်။ ကျွန်တော်တို့မြို့မိမြို့ဖတွေက ဒီ ၁၀ ရက်နေ့ မနက်ပိုင်း အခင်းမဖြစ်ခင်အချိန်အထိ အတတ်နိုင်ဆုံး နောက်ဆုံးအချိန်အထိ တောင်းပန်တယ်။ တစ်ဖက်ကိုတစ်ဖက် ဖျန်ဖြေတယ်။ ညှိနှိုင်းတယ်။ ဒါပေမယ့် နောက်ဆုံးမှာ ကျောင်းသားတွေက မဲခွဲဆုံးဖြတ်တယ်လို့သိရတယ်။ သူတို့ရဲ့ အများစုဆန္ဒအရ ဖြေလျှော့ပေးမှုကို လက်မခံဘူး။ ထိုးဖောက်ပြီး စစ်ကြောင်းပုံစံနဲ့ထွက်ချင်တယ်လို့ ဆုံးဖြတ်ခဲ့တဲ့အခါကျတော့ ကျွန်တော်တို့လည်း လက်လျှော့ပြီးတော့ စိတ်ညစ်သွားရပါတယ်။ ပြီးတော့ ဒီဖြစ်စဉ်ဖြစ်သွားပါတယ်။ ဒီအပေါ်မှာ စိတ်မကောင်းပါဘူး။ ကျွန်တော်တို့မြို့မှာဖြစ်သွားရတာ စိတ်မကောင်းပါဘူး။

**ရဲမှူးကြီး ဝင်းစိန်**
**ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး**
**ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

**မေး။ ။မတ် ၁၀ ရက်နေ့က လက်ပံတန်းမြို့မှာ မန္တလေးသပိတ်စစ်ကြောင်းကို ထိန်းသိမ်းရှင်းလင်းခြင်းနဲ့ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။မတ် ၁၀ ရက်နေ့ နံနက်ပိုင်းမှာ ကျောင်းသားခေါင်းဆောင်တွေ၊ တာဝန်ရှိသူတွေ၊ NNER အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံပြီးတော့ သပိတ်အဖွဲ့အနေနဲ့ မော်တော်ယာဉ်များနဲ့ သပိတ်အသွင်မဆောင်ဘဲ ရန်ကုန်ကို ထွက်ခွာသွားဖို့ ဆွေးနွေးနေခဲ့ပါတယ်။ ဒီလိုဆွေးနွေးနေဆဲမှာပဲ နံနက် ၁၀ နာရီကစပြီး အတားအဆီးတွေ ဖယ်ရှားပေးဖို့ လှုံ့ဆော်ရေးသီချင်းတွေဖွင့်တာတွေ၊ ကြွေးကြော်သံတွေ အော်ဟစ်ပြီးတော့ အသံချဲ့စက်နဲ့ ဖောက်ထွက်မယ်ဆိုပြီး လှုံ့ဆော်ကြေညာတာတွေ ပြုလုပ်ခဲ့တဲ့အတွက် ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဥပဒေနဲ့အညီ တားဆီးထိန်းသိမ်းခြင်းတွေပြုလုပ်ခဲ့ပေမယ့်လည်း သူတို့ဘက်မှ အတားအဆီးတွေဆွဲဖယ်ပြီး ရိုက်ချိုးဖျက်ဆီးတာ၊ အလံတိုင်တွေကို လက်နက်သဖွယ် အသုံးပြုပြီး မိုးကာတဲတွေကို ထိုးဖျက်တာ၊ လှုံ့ဆော်ရေးကားကို စက်သံမြှင့်ပြီးတော့ တပ်ဖွဲ့ဝင်တွေကို တိုက်ပြီး ဖောက်ထွက်မယ့်အသွင် ပြုလုပ်လာခဲ့ပါတယ်။ ကားပေါ်က ခဲတွေနဲ့ ပစ်ပေါက်တာတို့၊ လူနဲ့ကား တစ်ပြိုင်တည်းထိုးဖောက်လာပြီး တပ်ဖွဲ့ဝင်တွေ နောက်ကိုဆုတ်ပေးရတာတို့၊ လူအုပ်အတွင်းကနေ တပ်ဖွဲ့ဝင်တွေကို အော်ဟစ်ဆဲဆိုတာတို့၊ ကိုယ်ထိလက်ရောက် ပြေးပြီးတိုက်တာတို့၊ တပ်ဖွဲ့ဝင်တွေမျက်နှာကို ပရုတ်ဆီနဲ့သုတ်တာ၊ လက်နဲ့ ဖြတ်ရိုက်တာတွေ၊ ရေသန့်ဘူးတွေ၊

စာမျက်နှာ ၁၀ သို့ ▼

## ပြည်တွင်းရေးရာ

▼ စာမျက်နှာ ၉ မှ

ခဲတွေ၊ တုတ်တွေနဲ့ ပစ်ပေါက်တာတွေကြောင့် တပ်ဖွဲ့ခွဲမှူးအပါအဝင် တပ်ဖွဲ့ဝင် ၁၇ ဦး ထိခိုက်ဒဏ်ရာရရှိတဲ့အထိ ရှုန်းရင်းဆန်ခတ် ပြုလုပ်လာခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ယာဘက်လမ်းပေါ်မှာ သပိတ်အဖွဲ့ဝင် ငါးဦးမှ ဦးဆောင်လှုံ့ဆော်တဲ့အတွက် ဆူပူလိုတဲ့ အင်အား ၄၀၀ ဝန်းကျင်ခန့်ရောက်ရှိလာတယ်။ အလားတူဘယ်ဘက်မှာလည်း ဆူပူအကြမ်းဖက်လိုတဲ့ အင်အား ၂၀၀ နီးပါးလောက်ကနေ တုတ်၊ ဓား၊ လေးခွတွေ ကိုင်ဆောင်ပြီး ဟစ်အော်ကြွေးကြော်တာတွေ ပြုလုပ်လာတဲ့အတွက် မူရင်းသပိတ်အဖွဲ့နဲ့ ပေါင်းလိုက်မယ်ဆိုရင် အင်အား ၈၀၀၊ ၁၀၀၀ ဝန်းကျင်လောက် ဖြစ်လာတဲ့အတွက် ဒီလိုရုန်းရင်းဆန်ခတ်မှုတွေ ပြုလုပ်ပြီးတော့ တပ်ဖွဲ့ဝင်တွေကို ဝတ္တရားနှောင့်ယှက်ပြီး ဒဏ်ရာရရှိအောင် ပြုလုပ်လာတဲ့အတွက်၊ မလိုလားအပ်တဲ့ ရာဇဝတ်မှုဖြစ်စဉ်တွေ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ဥပဒေနဲ့အညီ အချိန်မီ တားဆီးထိန်းသိမ်းခဲ့ရခြင်းဖြစ်ပါတယ်။ မတ်လ ၁၀ ရက်နေ့က အခင်းမဖြစ်ခင်မှာ တာဝန်ရှိသူတွေနဲ့ တစ်ဖက်က ကျောင်းသားသပိတ်က တာဝန်ရှိသူတွေ၊ နောက်အဖွဲ့အစည်းတွေ အဲဒီပုဂ္ဂိုလ်တွေနဲ့ (၃) ကြိမ်တိုင်တိုင် ဆွေးနွေးခဲ့တယ်။ အခင်းမဖြစ်ခင်မှာ ဆွေးနွေးပြီးတော့ တကယ်လည်းဖြစ်သွားရော သူတို့တွေက သပိတ်အုပ်စုကို မထိန်းသိမ်းတော့ဘဲနဲ့ ရှောင်ထွက်သွားတာကို တွေ့ရပါတယ်။ သိမ်းဆည်းရမိခဲ့တာကတော့ မီးတုတ်တစ်ချောင်း၊ မီးတုတ်နဲ့အတူ ဓာတ်ဆီသုံးဂါလန်ခန့်စီပါတဲ့ ဓာတ်ဆီပုံးနှစ်ပုံး၊ မီးတုတ်ကတော့ မီးလောင်ဗုံးလိုသုံးလို့ရတယ်။ အပေါ်မှာ ဓာတ်ဆီဘူးပါတယ်။ အဲဒီမှာ လောင်စာပါတယ်။ ဒါကိုရှို့ပြီးတော့မှ ပစ်လိုက်မယ်ဆိုရင် ပေါက်ကွဲနိုင်မယ်။ နောက်သိမ်းဆည်းရမိတဲ့ပစ္စည်းတွေကတော့ ဝါးချွန်ကသုံးချောင်း၊ လေးခွက ၁၅ လက်၊ အသားလှီးဓားတစ်ချောင်းတို့ ဖြစ်ပါတယ်။

**မေး ॥ ॥ လက်ပံတန်းဖြစ်စဉ်ကို ထိန်းသိမ်းရာမှာ တပ်ဖွဲ့ဝင်အင်အား အလွန်အကျွံ သုံးစွဲတယ်ဆိုတဲ့သတင်းတွေ ဖြစ်ပေါ်နေပါတယ်။ ဒီအပေါ်မှာ ဘယ်လိုဖြေရှင်း ဆောင်ရွက်ခဲ့တာကို သိလိုပါတယ်။**

ဖြေ။ ॥ ကျွန်တော်တို့ လက်ပံတန်းဖြစ်စဉ်ကို ထိန်းသိမ်းရာမှာ စတင်စုဖွဲ့တာဝန်ပေးစဉ်ကတည်းက မျက်ရည်ယိုဗုံး၊ ရေအမြောက်၊ ရော်ဘာကျည်စတဲ့ အဓိကရုဏ်းနှိမ်နင်းရေးလက်နက်တွေ ပါဝင်ခြင်းမရှိပါဘူး။ သပိတ်အဖွဲ့ လက်ပံတန်းမြို့ကို စတင်ရောက်ရှိစဉ်ကတည်းက စေ့စပ်ညှိနှိုင်း ဆွေးနွေးဆောင်ရွက်မှုတွေအနေနဲ့ တာဝန်ရှိအဖွဲ့အစည်းတွေ၊ မြို့မိမြို့ဖတွေ၊ သံဃနာယကအဖွဲ့တွေနဲ့ သပိတ်ခေါင်းဆောင်တွေဟာ မတ် ၁ ရက်နေ့မှ မတ် ၁၀ ရက်နေ့ထိ အခင်းဖြစ်စဉ် မတိုင်ခင်အချိန်ထိ တွေ့ဆုံဆွေးနွေးမှု (၁၄)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ မတ် ၃ ရက်နေ့ကစပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက မေတ္တာရပ်ခံပန်ကြားချက်တွေ၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်နဲ့ မြို့နယ်သာသနာထိန်းသိမ်းရေးဆရာတော်တွေကလည်း အကြိမ်ကြိမ်မေတ္တာရပ်ခံပန်ကြားခဲ့သလို မြို့မိမြို့ဖတွေကလည်း မေတ္တာရပ်ခံပန်ကြားတာတွေကို အဆက်မပြတ် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်သလို ပြည်ထဲရေးဝန်ကြီးဌာနကလည်း သပိတ်မှောက်ဆန္ဒပြတာတွေ မလုပ်ကြဖို့၊ အမျိုးသားပညာရေးဥပဒေကြမ်းကို လွှတ်တော်မှာဆွေးနွေးနေတဲ့အချိန်မှာ သပိတ်ကို ရပ်တန့်ထားဖို့နဲ့ ဆက်လက်ဆန္ဒပြမယ်ဆိုရင် ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမယ်ဆိုပြီး ကြေညာချက်အမှတ် ၅/၂၀၁၅ ကို ထုတ်ပြန်ခဲ့ပါတယ်။ မတ် ၃ ရက်နေ့မှာ သပိတ်အဖွဲ့ကိုတားဆီးရာမှာ ဘယ်လိုအဓိကရုဏ်းလက်နက်မှ မပါတဲ့အပြင် ဒိုင်းတွေကိုတောင်ပင် ကိုင်ဆောင်ခြင်းမရှိဘဲ အမျိုးသမီးတပ်ဖွဲ့ဝင်တွေကို တားဆီးရေးအဖွဲ့ရဲ့ ရှေ့ဆုံးတန်းမှာထားပြီးတော့ ညင်သာစွာ တားဆီးဆောင်ရွက်ခဲ့ပါတယ်။ မတ် ၁၀ ရက်နေ့မှာ သပိတ်ခေါင်းဆောင်တွေနဲ့ စည်းဝေးခဲ့ပါသေးတယ်။ ရန်ကုန်ကိုသွားမယ်ဆိုရင်လည်း လေးယောက်တစ်တွဲ ငါးယောက်တစ်တွဲ သပိတ်အသွင်မဆောင်ဘဲသွားနိုင်တယ်ဆိုပြီး ညှိနှိုင်းပါတယ်။ သပိတ်အသွင်ဆောင်တဲ့ ပုံစံမျိုးလုပ်ဖို့ ဆုံးဖြတ်ချက်ချတဲ့အတွက် ၁၁ နာရီ ၄၅ မိနစ်ကနေစပြီးတော့ အင်အားနဲ့ ထိုးဖောက်ပါတယ်။ ကျွန်တော်တို့က တစ်ယောက်ကျော် ခါးပတ်ကိုင်နည်းအသုံးပြုပြီး လူအင်အားသက်သက်နဲ့ လူအုပ်စုကို တားဆီးထိန်းသိမ်းခဲ့ပါတယ်။ သို့ပေမယ့် သူတို့ဘက်က ခဲ/ရေသန့်ဘူးတွေနဲ့ အကြမ်းဖက်မှုတွေ စတင်ဆောင်ရွက်လာတဲ့အတွက် လူစုလူဝေးဟာ ငြိမ်ဝပ်ရေးကို အနှောင့်အယှက်ဖြစ်စေတန်ရာသော အစုအဝေးဖြစ်လာတဲ့အတွက် သပိတ်မှောက်အဖွဲ့ ဝန်းရံလျက်ရှိတဲ့ သွေးထိုးလှုံ့ဆော်အားပေးအားမြှောက် ပြုလုပ်နေသူများကို လူစုခွဲဖို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၂၇ နဲ့အညီ မြို့နယ်အုပ်ချုပ်ရေးမှူးက အမိန့်ထုတ်ဆင့်ကြေညာခဲ့ပါတယ်။ အဲဒီလို အကြိမ်ကြိမ်ကြေညာခဲ့ပေမယ့်လည်း လူစုမခွဲတဲ့အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ကိုယ်ထိလက်ရောက် နှောင့်ယှက်ဟန့်တားရာက ရုန်းရင်းဆန်ခတ်မှုတွေ တဖြည်းဖြည်း အရှိန်မြင့်လာတဲ့အတွက် မလိုလားအပ်တဲ့ ရာဇဝတ်မှုဖြစ်စဉ်တွေ မဖြစ်ပွားလာစေဖို့ ဥပဒေနဲ့အညီ အချိန်မီတားဆီးထိန်းသိမ်းခဲ့ရပါတယ်။

**မေး။ ॥ ထိန်းသိမ်းခံထားရသူတွေ အခုလက်ရှိပြန်လည်လွှတ်ပေးနေတဲ့ အခြေအနေနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ॥ ထိန်းသိမ်းခံထားရသူတွေထဲက ကျောင်းသားက ၂၈ ဦး၊ သံဃာ ၁၀ ပါးနဲ့ သတင်းထောက် နှစ်ဦးကို ပြန်လွှတ်ပေးပြီးဖြစ်ပါတယ်။ ကျောင်းသားတွေနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနက စိစစ်ပေးတဲ့အတိုင်း အားလုံးကို မိဘအုပ်ထိန်းသူတွေဆီ ပြန်လည်အပ်နှံပေးခဲ့ပါတယ်။ သံဃာတော်တွေဆိုရင်လည်း မြို့နယ်သံဃနာယကက ဆုံးမဩဝါဒပေးပြီး သူတို့သီတင်းသုံးတဲ့ ကျောင်းတွေဆီ ပြန်လည်ကြွရောက်သွားပါပြီ။ သတင်းထောက်နှစ်ဦးကိုလည်း ပြန်လည်စေလွှတ်ခဲ့ပြီးဖြစ်ပါတယ်။

**ဦးဌေးအောင်**
**ခရိုင်ဥပဒေအရာရှိ**
**သာယာဝတီခရိုင်ဥပဒေရုံး**

**မေး။ ॥ လက်ပံတန်းဖြစ်စဉ်နဲ့ပတ်သက်ပြီးတော့ တာဝန်ရှိသူအဆင့်ဆင့်တွေရဲ့ ဆောင်ရွက်ချက်တွေက ဥပဒေနဲ့ညီညွတ်မှုရှိသလား၊ မရှိဘူးလားဆိုတာ ပြည်သူတွေသိရှိအောင် ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ ॥ လက်ပံတန်းမြို့ကို ရောက်နေတဲ့ မန္တလေးသပိတ်စစ်ကြောင်းဟာ နိုင်ငံတော်အစိုးရကနေ ထုတ်ပြန်ထားတဲ့ သတင်းထုတ်ပြန်ချက်တွေ၊ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ကြေညာချက်တွေကို လိုက်နာမှုမရှိတဲ့အပြင် ငြိမ်းချမ်းစွာစုဝေးခွင့်နဲ့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကိုလိုက်နာမှုမရှိခဲ့ပါဘူး။ လက်ပံတန်းမြို့နယ်အတွင်း လမ်းမကြီးပေါ်မှာ ထိုင်သပိတ်ပြုလုပ် ဆန္ဒပြတယ်ဆိုပြီး ဆက်လက်စုဝေးတယ်။ ဟောပြောတယ်။ ဟစ်အော်ကြွေးကြော်တာတွေ၊ လှုံ့ဆော်ခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ မြို့မိမြို့ဖတွေ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်တွေ၊ သာသနာထိန်းသိမ်းစောင့်ရှောက်ရေး ဆရာတော်တွေက မေတ္တာရပ်ခံပန်ကြားခဲ့ပေမယ့်လည်း တည်ငြိမ်အေးချမ်းသာယာမှုကို ဆက်လက်အနှောင့်အယှက်ဖြစ်စေခဲ့ပြီး ဆန္ဒပြသပိတ်စစ်ကြောင်းဟာ ငြိမ်ဝပ်ရေးကို အနှောင့်အယှက်ဖြစ်စေတန်ရာသော အစုအဝေး၊ ဥပဒေနဲ့ဆန့်ကျင်သော အစုအဝေးဖြစ်လာပါတယ်။

ဒါကြောင့်သပိတ်မှောက်နေသူတွေနဲ့ ဝန်းရံလျက်ရှိတဲ့ သွေးထိုးလှုံ့ဆော်အားပေးအားမြှောက် ပြုလုပ်နေသူတွေကို လူစုခွဲဖို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၇ နဲ့အညီ မြို့နယ်အုပ်ချုပ်ရေးမှူးက အမိန့်ထုတ်ဆင့်ပြီး အကြိမ်ကြိမ်ကြေညာခဲ့ပေမယ့်လည်း သပိတ်စစ်ကြောင်းဟာ လူစုခွဲခဲ့ခြင်းမရှိတဲ့အပြင် တာဝန်အရ ဆောင်ရွက်နေတဲ့ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေကို ကိုယ်ထိလက်ရောက် နှောင့်ယှက်ဟန့်တားခြင်းတွေ ဆောင်ရွက်လာခဲ့တဲ့အတွက် ရုန်းရင်းဆန်ခတ်မှုဟာ တဖြည်းဖြည်းအရှိန်မြင့်မားလာခဲ့ပါတယ်။ ပိုမိုဆိုးရွားတဲ့ အခြေအနေ၊ မလိုလားအပ်တဲ့အခြေအနေတွေ မရောက်ရှိစေနိုင်ဖို့အတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၆၊ ၅၄ တို့နဲ့အညီ ဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဆောင်ရွက်ချက်တွေကို ကြည့်မယ်ဆိုရင်တွေ့ဆုံတယ်၊ ညှိနှိုင်းတယ်၊ ဆွေးနွေးတယ်၊ အဖြေရှာတယ်။ မြို့မိမြို့ဖတွေနဲ့ရော အဖွဲ့အစည်းတွေအားလုံးနဲ့ ဆွေးနွေးပူးပေါင်းခဲ့တယ်။ တစ်ဖက်မှာလည်း ဥပဒေနဲ့အညီ တားမြစ်ခြင်း၊ ဟန့်တားခြင်း၊ သိမ်းသွင်းခြင်းတွေကို ပြုလုပ်ခဲ့ပါတယ်။ မလိုလားအပ်တဲ့ အခြေအနေတွေ မဖြစ်ပေါ်စေဖို့အတွက် အဆင့်ဆင့်ဆောင်ရွက်ခဲ့ရတဲ့ အနေအထားကို တွေ့ရပါတယ်။

**ရဲမှူးကြီးဝင်းဗိုလ်**
**ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး**
**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

**မေး။ ॥ ရွှေပြည်သာမြို့နယ်မှာရှိတဲ့ အီလန်မြန်မာအထည်ချုပ်စက်ရုံရှေ့မှာရှိတဲ့ ဆန္ဒပြအလုပ်သမားတွေအပေါ်မှာ ဘယ်လိုမျိုး ထိန်းသိမ်းဆောင်ရွက်ခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ॥ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလကစပြီး ရွှေပြည်သာမြို့နယ် အီလန်မြန်မာအထည်ချုပ်စက်ရုံ၊ ဖို့ဂလိုရီအထည်ချုပ်စက်ရုံနဲ့ အင်းစိန်မြို့နယ် ကော့စတစ် အထည်ချုပ်စက်ရုံတွေက အလုပ်သမားတွေဟာ သူတို့ရဲ့လုပ်အားခ တိုးမြှင့်ပေးရေးအတွက် သူတိုရဲ့စက်ရုံရှေ့မှာ ပိတ်ဆို့ဆန္ဒပြမှုတွေ ပြုလုပ်တယ်။ ဥပဒေမဲ့ချီတက်ဆန္ဒဖော်ထုတ်ခြင်းတွေ ပြုလုပ်ခဲ့ကြပါတယ်။ သူတို့ကို သက်ဆိုင်ရာမြို့နယ် အလုပ်ရှင်/အလုပ်သမား ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကနေ အလုပ်ရှင်နဲ့ အလုပ်သမားကြား ညှိနှိုင်းဆောင်ရွက်ပေးပေမယ့်လည်း ပြေလည်မှုမရရှိတဲ့အတွက် ဖေဖော်ဝါရီ ၁၇ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ကနေ အလုပ်ရှင်နဲ့ အလုပ်သမားတွေကို အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှာ စတင်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

အဲဒီလို ဖေဖော်ဝါရီ ၁၇ ရက်နေ့ သတင်းတွေမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သတင်းထုတ်ပြန်ချက်(၁/၂၀၁၅)နဲ့ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး ထိခိုက်ပျက်ပြားစေရန် ပြုလုပ်သူတွေကို အလုပ်ရှင် အလုပ်သမားမခွဲခြားဘဲ တည်ဆဲဥပဒေတွေနဲ့အညီ အရေးယူဆောင်ရွက်မယ်ဆိုပြီး သတင်းထုတ်ပြန်ခဲ့ပါတယ်။

ဖေဖော်ဝါရီ ၂၀ ရက်နေ့မှာ ဆန္ဒပြအလုပ်သမားတွေကို ရှင်းလင်းဖယ်ရှားဖို့အတွက် အုပ်ချုပ်ရေးအဖွဲ့နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ ပူးပေါင်းပြီး သွားရောက်ညှိနှိုင်းခဲ့ရာမှာ ဖို့ဂလိုရီနဲ့ ကော့စတစ်အထည်ချုပ်စက်ရုံက အလုပ်သမားတွေကို ရှင်းလင်းဖယ်ရှားနိုင်ခဲ့ပါတယ်။ အီလန်မြန်မာအထည်ချုပ်စက်ရုံမှာ ဆက်လက်ဆန္ဒပြနေတဲ့အတွက် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တာဝန်ရှိသူတွေက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရာမှာ ဆန္ဒပြအလုပ်သမားတွေက လိုက်နာမှုမရှိဘဲ ဆက်လက်ဆူပူဆန္ဒပြနေပြီးတော့ အရေးယူမှုကို ခံယူမှာဖြစ်ကြောင်းကို ပြောကြားခဲ့တဲ့အတွက် ဦးဆောင်ဆန္ဒပြသူ အမျိုးသား ရှစ်ဦးကို အရပ်ယာဉ်နဲ့ ခေါ်ဆောင်ထိန်းသိမ်းခဲ့ပါတယ်။ အဲဒီအချိန်မှာ အမျိုးသမီးအလုပ်သမားတွေကလည်း သူတို့လည်းလိုက်ပါမယ်လို့ ပြောကြားတဲ့အတွက် စနစ်တကျ ဖြစ်စေဖို့အတွက် အမျိုးသမီးရဲမေတွေကာရံပြီး အရပ်ယာဉ်ပေါ်ကို တက်ရောက်စေခဲ့ပါတယ်။ အဲဒီအချိန်မှာ အီလန်မြန်မာ အထည်ချုပ်စက်ရုံ၊ ဖို့ဂလိုရီအထည်ချုပ်စက်ရုံနဲ့ ကော့စတစ်အထည်ချုပ်စက်ရုံတွေက အလုပ်သမားတွေပါဝင်တဲ့ စီတန်းလှည့်လည်ဆန္ဒပြတဲ့ အဖွဲ့တွေရောက်ရှိလာပြီးတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အတင်းဝင်ရောက်တွန်းတိုးတာ၊ ခဲတွေနဲ့ ပစ်ပေါက်တာ၊ ဝါးတုတ်တွေနဲ့ ထိုးတာမျိုးတွေစတဲ့ အကြမ်းဖက်မှုတွေ ပြုလုပ်လာကြတဲ့အတွက် တပ်ဖွဲ့ဝင်တွေအနေနဲ့ အလုပ်သမားတွေအပေါ် အင်အားသုံးဖြိုခွဲခြင်း မပြုဘဲ မိမိကိုယ်ကို ကာကွယ်ခုခံမှုနဲ့သာ ထိန်းသိမ်းဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ॥ ဆန္ဒပြအလုပ်သမားတွေကို ရှင်းလင်းဆောင်ရွက်ရာမှာ အလုပ်သမားတွေဘက်မှာ ဒဏ်ရာတွေရရှိခဲ့တယ်လို့ အင်တာနက်သတင်းမှာ တွေ့ရှိရပါတယ်။ ပြည်သူတွေအတွက် ဖြစ်စဉ်အမှန်ကို ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ ॥ ဒီဖြစ်စဉ်တွေမှာ တပ်ဖွဲ့ဝင်တွေအနေနဲ့ ရှင်းလင်းဆွေးနွေးတဲ့ အနေနဲ့ သာသွားရောက်ခဲ့ခြင်းဖြစ်ပြီးတော့ ဆန္ဒပြမှုအပေါ် လက်နဲ့တားတာ၊ ဒိုင်းနဲ့ ကာရံတာသာ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်မှုအပေါ် အလုပ်သမားတွေဘက်က ခဲတွေနဲ့ ပစ်ပေါက်တာ၊ တုတ်နဲ့တွန်းထိုးတာ စတဲ့အကြမ်းဖက်မှုတွေကို ဆောင်ရွက်လာခဲ့ပါတယ်။ ပြီးတော့ အင်တာနက်သတင်းတွေမှာ ရဲတပ်ဖွဲ့တွေရဲ့ ရိုက်နှက်မှုကြောင့် အလုပ်သမားတွေဘက်က အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့တယ်လို့ မမှန်သတင်းထုတ်လွှင့်လာခဲ့ပါတယ်။ ဖြစ်စဉ်အမှန်မှာက ဒဏ်ရာရသူ အမျိုးသမီးက သူ့ရဲ့ခေါင်းကို မော်တော်ယာဉ်ရဲ့ ကိုယ်ထည်နဲ့ တိုက်ပြီး မိမိကိုယ်ကို ဒဏ်ရာရရှိအောင် ပြုလုပ်ခဲ့ခြင်းသာဖြစ်ပါတယ်။ အကြမ်းဖက်ဆန္ဒပြတဲ့ အဖွဲ့ရဲ့လုပ်ဆောင်မှုတွေကြောင့် ရဲတပ်ဖွဲ့ဝင် ၁၅ ဦးနဲ့ ရဲတပ်ဖွဲ့က ခေါ်ဆောင်လာတဲ့ အရပ်ဘက်ယာဉ်မောင်း သုံးဦးဒဏ်ရာ ရရှိခဲ့တဲ့အပြင် ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်တစ်စီးနဲ့ ခရီးသည်တင် အရပ်ယာဉ်တစ်စီး ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့ပါတယ်။ ဆန္ဒပြအလုပ်သမားတွေဘက်က ရဲတပ်ဖွဲ့ရဲ့ လုပ်ဆောင်မှုကြောင့် ဒဏ်ရာရရှိတာ၊ ဆေးရုံတက်ကုသတာတွေ မရှိပါဘူး။ အင်တာနက်သတင်းက မှန်ကန်မှုမရှိပါဘူး။



လုံခြုံရေး တပ်ဖွဲ့ဝင်များအား သပိတ်စစ်ကြောင်းမှ ဆူပူအကြမ်းဖက်လိုသူများက လေးခွများဖြင့် ရန်ပြုစဉ်။

**○ ကျောဖုံးမှ**

ဂိုးပေါက်ကန်သွင်းမှုများပြုလုပ်နိုင်ခြင်းမရှိခဲ့ပေ။ သို့သော် ပွဲချိန် ၁၃ မိနစ်တွင် မန်ယူအသင်းမှ ဟာရဲရားက ကွင်းလယ်မှ အလိုက်သင့်မျှောထိုးပေးလိုက်သည့်ဘောလုံးကို မာတာက လီဗာပူးဂိုးသမား၏ ညာဘက်ထောင့်သို့ မြေလိမ့်ဘောကန်သွင်းခဲ့ရာ လီဗာပူးဂိုးသမား မီနိုလက် လှဲအိပ်ကာကွယ်ခဲ့သော်လည်း ဂိုးပေးလိုက်ရသည်။ ဦးဆောင်ဂိုးရရှိသွားသည့် မန်ယူအသင်းက လီဗာပူးအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲချိန် ၃၅ မိနစ်ခန့်တွင် လီဗာပူးတိုက်စစ်မှူး စတားရစ်ဂိုးရှေ့ အလိုက်သင့်ချပေးလိုက်သည့်ဘောလုံးကို လီဗာပူးကွင်းလယ်ကစားသမား လယ်လာနာ အပိုင်ကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဂိုးတိုင်အနားမှကပ်ထွက်သွားခဲ့သည့်အတွက် လီဗာပူးအသင်း ချေပဂိုးရရှိမည့် အခွင့်အရေးနှင့် လွဲခဲ့ရပြီး ပထမပိုင်းတွင် မန်ယူအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်အစတွင် လီဗာပူးအသင်းက လယ်လာနာနေရာတွင် အသင်း၏ ဝါရင့်ကွင်းလယ်ကစား စတီဗင်ဂျရတ် ဝင်ရောက်ကစားခဲ့သည်။ ဂျရတ်သည် ကွင်းအတွင်း ဝင်ရောက်ကစားချိန် ၄၈ စက္ကန့်တွင် မန်ယူကစားသမား ဟာရဲရားကို တက်နင်းခဲ့သည့်အတွက် ဒိုင်လူကြီးက တိုက်ရိုက်အနီကတ်ဖြင့်ထုတ်ပယ်ခဲ့သည်။ ထို့ကြောင့် ဂျရတ်သည် တစ်မိနစ်ပင်ပြည့်အောင်မကစားလိုက်ရဘဲ ကွင်းအတွင်းမှ ထွက်ခွာခဲ့ရသည်။ တစ်ယောက်လျော့သွားသည့် လီဗာပူးအသင်းကို မန်ယူက ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၅၉ မိနစ်တွင် လူစားဝင်လာသူ ဒီမာရီယာ၏ ဖန်တီးပေးမှုဖြင့် မာတာကပင် မန်ယူအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၆၉ မိနစ်တွင် ကော်တင်ဟို၏ ဖန်တီးပေးမှုမှတစ်ဆင့် စတားရစ်က လီဗာပူးအသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည်။ ပွဲပြီးဆုံးခါနီး ၉၃ မိနစ်တွင် မန်ယူအသင်းအတွက် ရရှိခဲ့သည် ပင်နယ်တီကန်ခွင့်ကို မန်ယူအသင်းခေါင်းဆောင် ရွန်းနီကန်သွင်းခဲ့သော်လည်း လီဗာပူးဂိုးသမား ပုတ်ထုတ်ကာကွယ်သွားနိုင်ခဲ့သည့်အတွက် မန်ယူအသင်းသည် နှစ်ဂိုး-တစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရပြီး အဖိုးတန်အနိုင်သုံးမှတ်ကို ရယူသွားနိုင်ခဲ့သည်။

## ပြည်တွင်းရေးရာ

# ကျောင်းမုန့်ဈေးတန်းများ ပညာပေးစစ်ဆေးမှု ရန်ကုန်တွင်အောင်မြင်မှုများစွာရရှိခဲ့ဟုဆို

**ရန်ကုန် မတ် ၂၂**

ကျောင်းမုန့်ဈေးတန်းများအတွင်း ရောင်းချရန်မသင့်သောမုန့်များမရှိစေရန် ပညာပေးစစ်ဆေးမှုတို့ကို လုပ်ဆောင်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းများ၌ အောင်မြင်မှုများစွာ ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ စားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း ဥက္ကဋ္ဌက ပြောသည်။

အဆိုပါ အောင်မြင်ခဲ့ခြင်းမှာ အသင်း၏ပညာပေးဆောင်ရွက်မှုကို စားသုံးသူရေးရာ ဦးစီးဌာနနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ရာ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ပူးပေါင်းပါဝင်မှုများကြောင့်လည်း အောင်မြင်မှုများစွာ ရရှိသွားသော အနေထားမျိုးဖြစ်ခဲ့ကြောင်း သိရသည်။


"တစ်ရက်တည်းမှာကို ကျောင်းလေးငါးကျောင်းလောက် သွားပြီး ပညာပေးခဲ့တာရယ်၊ ပညာရေးဝန်ကြီးဌာနဘက်ကလည်း မုန့်ဈေးတန်းတွေမှာ ဘယ်လိုမုန့်မျိုးတွေ မရောင်းရဘူးဆိုပြီး ညွှန်ကြားချက်ထုတ်ထားတာတွေကြောင့်ရယ်၊ ကွင်းဆင်းပညာပေးစစ်ဆေးတဲ့ကျောင်းတွေက ကျောင်းအုပ်ကြီးတွေရဲ့ လိုလိုလားလားပူးပေါင်း ပါဝင်မှုကြောင့်လည်း ဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

ထိုအသင်း၏ပညာပေးမှုအစီအစဉ်များဖြင့် ဈေးများတွင် ပညာပေးမှုနှင့်အတူ စာသင်ကျောင်းများသို့ သွားရောက်ပြီး ကျောင်းမုန့်ဈေးတန်းများ၌ ဘေးကင်းသော မုန့်များရောင်းချနိုင်ရန် ပညာပေးခဲ့သလို ကျောင်းများချည်းပဲ သီးခြားကွင်းဆင်းပညာပေးဆောင်ရွက်မှုတို့ကို ၂၀၁၃၊ ၂၀၁၄ ခုနှစ်အတွင်းတွင် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

"အရင်တုန်းကဆိုရင် တရုတ်စာနဲ့ရေးထားတဲ့မုန့်တွေ၊ ဆိုးဆေးပါတဲ့မုန့်တွေရောင်းချတာကို ကျောင်းမုန့်ဈေးတန်းတွေမှာတွေ့ခဲ့ရတယ်။ အခုတော့ အဲဒီလို ဘာတစ်ခုမှ မတွေ့တော့ဘူး။ အနာဂတ် မျိုးဆက်သစ်ဖြစ်တဲ့ ကျောင်းသား ကျောင်းသူကလေးငယ်တွေအတွက် ဝမ်းသာစရာအခြေအနေမျိုးပါပဲ"ဟု ယင်းအသင်းမှ ကျောင်းမုန့်ဈေးတန်း ပညာပေးမှုများတွင် ပါဝင်ခဲ့သူတစ်ဦးက ပြောသည်။

ယခုအခါ နွေရာသီကျောင်းပိတ်ချိန်ရောက်ရှိသွားပြီဖြစ်သလို ကျောင်းမုန့်ဈေးတန်းများနှင့် ပတ်သက်သော ပညာပေးစစ်ဆေးမှုကို လက်ရှိအချိန်တွင် ခေတ္တရပ်ဆိုင်းထားလျက်ရှိပြီး လာမည့်ကျောင်းဖွင့်ချိန်တွင် ပြန်လည်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်းသိရသည်။

လွန်ခဲ့သော နှစ်အတွင်းက အင်းစိန်မြို့နယ်အတွင်းရှိ ကျောင်းအုပ်ကြီးတစ်ဦးက အသင်းထံ အကူအညီ တောင်းလာသော ကျောင်းရှေ့ဥပစာအနီး စီးကရက်ရောင်းချသည့်ဆိုင်များနှင့် ပတ်သက်၍လည်း အသင်းက မြို့နယ်ရဲတပ်ဖွဲ့၏ အကူအညီဖြင့် ကျောင်းဧရိယာအတွင်း ယင်းကဲ့သို့ရောင်းချခြင်း မပြုရန် ကြပ်မတ်နိုင်ခဲ့ကြောင်း သိရသည်။ **(၆၈၀)**



# ရန်ကုန်မြို့ လမ်းသွယ်တွင် စောင့်ကြည့်ကင်မရာတပ်ဆင်မှုကြောင့် စည်းကမ်းမဲ့မှုလျော့ကျ

**ရန်ကုန် မတ် ၂၂**

လမ်းမတော်မြို့နယ် (၅)ရပ်ကွက် (၁၂)လမ်း (မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းအကြား)အတွင်း မတ် ၁၃ ရက်မှစ၍ စောင့်ကြည့်ကင်မရာတပ်ဆင်ထားကြောင်း ဗီနိုင်းအနီများဖြင့် အသိပေးထားသည်ကို တွေ့ရသည်။ လမ်းအတွင်း ယခင်တွေ့မြင်ရတတ်သော စည်းကမ်းမဲ့ချထားသော အမှိုက်ထုပ်ကြီးများ မမြင်တွေ့ရတော့ပါဟု လမ်းအတွင်း သင်တန်းတက်ရန် လာရောက်သည့် သင်တန်းသူ မကြည်ကြည်က ဆိုသည်။

အဆိုပါ တပ်ဆင်ထားသော ကင်မရာရှစ်လုံးမှ ရိုက်ကူးထားမှုများသည် လမ်းသွယ်အတွင်းဝင်ရောက်လာသည့် ကား၊ လူပုဂ္ဂိုလ်တို့၏ လှုပ်ရှားမှုများကို လမ်းစ၊ လမ်းဆုံးရိုက်ကူးထားချက်များဖြစ်သည်။ ယင်းသို့တပ်ဆင်မှုအတွက် ကုန်ကျငွေမှာ ကျပ် ၁၃ သိန်းဝန်းကျင်ရှိသည်။ လမ်းသူ လမ်းသားများထံမှ ငွေကြေးကောက်ခံခြင်းမရှိ။ ညအခါ လမ်းအတွင်းထားရှိသော ကိုယ်ပိုင်အိမ်စီးယာဉ်ငယ် ၈၀ ၏ ပိုင်ရှင်များထံမှ တစ်လလျှင် ညပိုင်းစောင့်ရှောက်ခကားတစ်စီးလျှင် ကျပ်သုံးထောင်နှုန်းကောက်ခံသည်။ တစ်လလျှင် ကျပ်ခုနစ်သောင်းနှုန်းလစာဖြင့် ညပိုင်းကားစောင့်ရန် လူနှစ်ဦးငှားရမ်းခဲ့သည်။ လစဉ် ကားစောင့်ရှောက်ခငွေများထဲမှ ကျပ်တစ်သိန်းခန့် ပိုလျှံနေသည်။ ယင်းငွေများကို လမ်းသာယာရေးလုပ်ငန်းတွင် သုံးစွဲသည်။ ယခု စောင့်ကြည့်ကင်မရာ တပ်ဆင်ရေးတွင် အဆိုပါ ပိုလျှံငွေများ စုဆောင်းရာမှ တပ်ဆင်နိုင်ခြင်းဖြစ်သည်ဟု အဆိုပါလမ်းအတွင်း နေထိုင်သူ ဦးဖိုးတုတ်က ပြောပြသည်။

လမ်းအတွင်း လူနေအိမ်အဖြစ်သာ အသုံးပြုခဲ့ရာမှ ယခုအခါ အဆောင်များ၊ ပြည်ပခရီးသွားများ တည်းခိုသည့် အဆောက်အအုံအဖြစ် ပြောင်းလဲအသုံးပြုခြင်းများ၊ ကုန်ပစ္စည်းသိုလှောင်ရုံများ၊ ဂိမ်းဆိုင်၊ စားသောက်ဆိုင်များအဖြစ် ပြောင်းလဲလာသည့်အတွက် လမ်းအတွင်းလူဝင်လူထွက် နေ့ရောညပါ ပိုမိုများပြားလာသည်။ မီးဘေး၊ သန့်ရှင်းရေး၊ လုံခြုံရေး၊ သွားလာရေးတို့တွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စောင့်ကြည့်ကင်မရာတပ်ဆင်မှုသည် အထောက်အကူဖြစ်စေသည်ဟု လမ်းအတွင်း နေထိုင်ခဲ့ဖူးသူ ဦးကင်းက ဆိုသည်။

အဆိုပါ လမ်းသွယ်အတွင်း ညအချိန်ပြောင်းပြန်ဝင်ရောက်သော ယာဉ်ငယ်တစ်စီးနှင့် လမ်းကြောင်းမှန်မောင်းနှင်ဝင်ရောက်လာသော ယာဉ်ငယ်တစ်စီးတို့ ထိပ်တိုက် တိုက်မှုဖြစ်ပွားခဲ့သည်။ လမ်းကြောင်းပြောင်းပြန်မောင်းနှင်မှုအပေါ် အရေးယူမှုတိုးမြှင့် ပြစ်ဒဏ်ပေးနေသည်ဆိုသော်လည်း လမ်းသွယ်၊ လမ်းမကြီးများတွင် ယာဉ်ငယ်အချို့ ပြောင်းပြန်မောင်းနှင်လျက်ရှိသေးသည်ဟု အဆိုပါ လမ်းအတွင်းနေထိုင်သူတစ်ဦးက ပြောသည်။

လမ်းအတွင်း သွားလာနေသော ပြည်ပခရီးသွားများအနေဖြင့် မိမိအမှိုက်ကို မိမိနှင့်တစ်ပါတည်း ယူဆောင်သွားပြီး အမှိုက်ပုံးများတွင် စွန့်ပစ်ခဲ့သည့် မြင်ကွင်းများကို မြင်တွေ့ရသော်လည်း လမ်းသွားလမ်းလာ ပြည်တွင်း နေထိုင်သူအများစုမှာ လမ်းပေါ်တွင် လွှင့်ပစ်နေဆဲဖြစ်သည်။ လမ်းထိပ်များတွင် ရွှေ့လျားဘီးတပ်အမှိုက်ပုံးကြီးများ ထားရှိသော်လည်း စည်းကမ်းမဲ့စွာ အမှိုက်ထုပ်များ လမ်းများပေါ်တွင် မြင်တွေ့ရဆဲဖြစ်သည်။ အများပြည်သူအပေါ် ငွေရေးကြေးရေး ဝန်ထုပ်ဝန်ပိုမှုမဖြစ်စေဘဲ စောင့်ကြည့် ကင်မရာတပ်ခြင်းမျိုး အခြားလမ်းများတွင်ပါ ဖြစ်ပေါ်လာလျှင် အများအတွက် ကောင်းကျိုးများဖြစ်စေမည်ဟု လမ်းမတော်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။

**(မောင်စေအောင်)**

☐ **နိုင်ငံတော်မှ**

ထို့နောက် ဆေးရုံတွင်ရောက်ရှိနေသော ထိခိုက်ဒဏ်ရာရ အရာရှိ၊ စစ်သည်များ၏ မိသားစုများကိုပါတွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြားပြီး လိုအပ်သော အုပ်ချုပ်မှုကိစ္စရပ်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးကြပ်မတ်ကုသဆောင်၌ ဆေးကုသမှုခံယူနေသော မတ် ၁၂ ရက်နှင့် ၁၃ ရက်တွင် အောင်မြင်စွာဖြင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သည့် လူနာနှစ်ဦးတို့အား တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# နေပြည်တော် အသေးစား၊ အလတ်စားစက်မှုဇုန်တွင် ရေသန့်စက်ရုံဖွင့်

**နေပြည်တော် မတ် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိ အသေးစားနှင့်အလတ်စားစက်မှုဇုန်တွင် နှင်းရာဇာ ရေသန့်စက်ရုံဖွင့်ပွဲအခမ်းအနားကို ယနေ့ ကျင်းပရာ နေပြည်တော် ဒက္ခိဏသီရိ အသေးစားနှင့် အလတ်စားစက်မှုဇုန်နေရာချထားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ဒုတိယဥက္ကဋ္ဌနေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် နေပြည်တော် ဒက္ခိဏသီရိ အသေးစားနှင့် အလတ်စားစက်မှုဇုန်နေရာချထားရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက အမှာစကားပြောကြားရာ ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်မှ တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး အကြီးစားစက်မှုလုပ်ငန်းများကို ဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ကုန်ထုတ်ကုန်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရေး ဦးစားပေးပြီး နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်တွင်းရှိ သယံဇာတကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် စက်မှုပိုင်းဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဒက္ခိဏသီရိအသေးစားနှင့် အလတ်စားစီးပွားရေးဇုန်တွင် မန်းရှင်အောက်ဆီဂျင်စက်ရုံကို ဖွင့်လှစ်ခဲ့ပြီးနောက် ယခုဖွင့်လှစ်သည့် နှင်းရာဇာသောက်ရေသန့်စက်ရုံသည် ဒုတိယမြောက်ဖွင့်လှစ်သော စက်ရုံဖြစ်သည်။

နေပြည်တော် ဒက္ခိဏသီရိအသေးစားနှင့် အလတ်စားစက်မှုဇုန်သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် မနီးမဝေးတွင်တည်ရှိပြီး ရေကောင်းရေသန့်များပေါများပြီး အလွယ်တကူရရှိနိုင်ခြင်း၊ စက်မှုဇုန်တွင် ကွန်ကရစ်လမ်းမကြီးများခင်းထားပြီး လျှပ်စစ်မီးများ လုံလောက်စွာရရှိခြင်း၊ ဆက်သွယ်ရေးအခြေခံ အဆောက်အအုံဖြစ်သော ဖိုက်ဘာဆက်ကြောင်းလိုင်းများလည်း တည်ဆောက်ထားပြီးဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးဖြစ်ကြောင်း သိရှိရသည်။ **ဇော်မင်းအောင်(၁၀၇)**

# နေအပူချိန်ပြင်းသော်လည်း တောင်သမန်အင်းသို့ ပြည်တွင်းဧည့်သာမက ပြည်ပဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိ

**မြစ်ငယ် မတ် ၂၂**

တပေါင်းနွေ၏ နေအပူရှိန်ပြင်းသော်လည်း တောင်သမန်အင်းအတွင်းရှိ ကမ္ဘာကျော် ဦးပိန်တံတားသို့ လာရောက်လေ့လာအပန်းဖြေအနားယူသူ များပြားလျက်ရှိကြောင်း တွေ့ရှိရသည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှုပြီးဆုံးသွားပြီဖြစ်၍ အရိပ်ရနေရာများဖြစ်သော မယ်ဇယ်တန်း ဦးပိန်တံတားအောက်တွင် ဖျာများခင်းကာ အပန်းဖြေအနားယူခြင်း၊ စိတ်ဖြေလျှော့ခြင်းများအဖြစ် ကျောင်းသားကျောင်းသူများအဖွဲ့လိုက်ဖြစ်စေ၊ မိသားစုနှင့်ဖြစ်စေ တစုတဝေးအနားယူအပန်းဖြေနေသည်ကို တွေ့ရှိရသည်။

ထို့အတူ ကမ္ဘာကျော် ဦးပိန်တံတားကြီးကို ပြည်တွင်းရှိ ဧည့်သည်များသာမက ပြည်ပနိုင်ငံခြားဧည့်သည်များပါ လာရောက်လည်ပတ်လျက်ရှိရာ မတ် ၁၈ တွင် ဦးပိန်တံတားကြီးကို လာရောက်လည်ပတ်ကြသော နိုင်ငံခြားသားများမှာ ပြင်သစ်နိုင်ငံသား ကျား ၃၀၊ မ ၃၅ ဦး၊ ဂျာမနီနိုင်ငံသား ကျား ၂၁ ဦး၊ မ ၂၂ ဦး၊ အီတလီနိုင်ငံသား ကျား ၁၇ ဦး၊ မ ၁၈ ဦး၊ စပိန်နိုင်ငံသား ကျား ၁၃ ဦး၊ မ ၁၀ ဦး၊ အင်္ဂလန်နိုင်ငံသား ကျား ၂၀၊ မ ၁၈ ဦး၊ ကိုရီးယားနိုင်ငံသား ကျား ၂၀၊ မ ၃၅ ဦး၊ ထိုင်းနိုင်ငံသား ကျား ၃၀၊ မ ၄၅ ဦး၊ ဂျပန်နိုင်ငံသား ကျားရှစ်ဦး၊ မ ကိုးဦး၊ တရုတ်နိုင်ငံသား ကျား ခြောက်ဦး၊ မ ငါးဦးတို့ လာရောက်လည်ပတ်ကြကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# ကလေးမြို့ ပြည်သူ့ဆေးရုံလူနာဆောင်အတွက် နှစ်ထပ်တိုးချဲ့ဆောင်သစ် ဆောက်လုပ်ပြီးစီး

**ကလေး မတ် ၂၂**

ကလေးမြို့ ပြည်သူ့ဆေးရုံ လူနာဆောင်အတွက် နှစ်ထပ်တိုးချဲ့ဆောင်သစ်ကြီးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ငွေမှ ကျပ်သန်းပေါင်း ၄၆၉ သန်း အကုန်အကျခံကာ လက်ရှိ ပြည်သူ့ဆေးရုံကြီး၏တောင်ဘက်တွင် အရှည်ပေ ၂၄၀၊ အကျယ် ၅၆ ပေရှိ နှစ်ထပ်တိုးချဲ့ဆောင်သစ်ကို RC သံကူကွန်ကရစ်ဖြင့် Alpha Wing ကုမ္ပဏီက ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က တာဝန်ယူစတင်ဆောက်လုပ်ကာ ယခုအချိန်တွင် ပြီးစီးပြီဖြစ်၍ ဆေးကုသဆောင်အတွက် အသုံးပြုနေပြီ ဖြစ်ကြောင်း သိရသည်။

ကလေးမြို့ ခုတင် (၂၀၀) ဆံ့ပြည်သူ့ဆေးရုံကြီးသည် ကလေးမြို့နယ်ရှိ ပြည်သူများ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့မှ ပြည်သူများ၏ အားကိုးအားထားရာ ဆေးရုံကြီးဖြစ်သည်နှင့်အညီ လူနာပေါင်းစုံ၊ ရောဂါမျိုးစုံကို အထူးကုဆရာဝန်ကြီးများစုံလင်စွာဖြင့် ဆေးကုသပေးနေသည်နှင့်အညီ နှစ်ထပ်တိုးချဲ့ဆောင်သစ်ကြီး ဆောက်လုပ်ပြီးစီးခြင်းကြောင့် ဆေးရုံတက်ရောက်ဆေးကုသသည့် လူနာများအတွက် များစွာအထောက်အကူပြုလာပြီဖြစ်သည်။

ယင်းအပြင် ကလေးမြို့ ပြည်သူ့ဆေးရုံ ဆေးကုသဆောင် နှစ်ထပ်တိုးချဲ့ဆောင်သစ်အတွက် အဝီစိတွင်း၊ မိလ္လာကန်၊ ရေကန်နှင့် ရေစင်များကိုလည်း ကျပ်သိန်းပေါင်း ၂၁၈ ဒသမ ၃၆ သိန်း အကုန်အကျခံ ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(ကျိုးနက်)**

# ဖျာပုံနှင့် ကျိုက်လတ်မြို့နယ်များအတွင်း ဒေသထွက်ကုန် နှင်းပန်းသီးများ လှိုင်လှိုင်ပေါ်၍ ဈေးကွက်ဝင်



**ဖျာပုံ မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံနှင့် ကျိုက်လတ်မြို့နယ်များတွင်သာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုများသည့် နှင်းပန်းသီးများ ယခုလများအတွင်း လှိုင်လှိုင်ပေါ်ပြီး အရောင်းသွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါဒေသထွက်ကုန် နှင်းပန်းသီးပင်များကို ယင်းမြို့နယ်များအတွင်းရှိ ကျုံတာ၊ ရှမ်းကွင်း၊ သလိပ်ကြီး၊ သလိပ်ကလေး၊ ကလပ်ရပ်၊ ထင်းကွင်း၊ မော်ဝန်းစု၊ ဂုံညှင်းတန်းနှင့် မယ်ညိုကျေးရွာစသည့် ဒေသများတွင်သာ အဓိကအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"နှင်းပန်းသီးပင်က ကိုင်းကူးပြီးစိုက်ရတာပါ။ စိုက်ပြီးနှစ်နှစ်ကျော်တာနဲ့စပြီး အသီးသီးပါတယ်။ နှင်းနဲ့ကြီးပြီးနှင်းနဲ့သီးတဲ့အပင်မျိုးပါ။ အသီးသီးချိန်မှာ ရေလောင်းစရာမလိုပါဘူး။ နှင်းကျတဲ့ကာလမှာ နှင်းရည်သောက်ပြီးသီးတဲ့အပင်မျိုးဖြစ်လို့ အဖူးဖူးတဲ့ကာလမှာ ရချင်ဇောနဲ့ ရေမလောင်းလိုက်ပါနဲ့။ ရေလောင်းလိုက်ရင် အသီးတွေ ရေဓာတ်နဲ့ အချိန်မတန်ဘဲ ချက်ချင်းထိုးပွပြီး ကြွေကျကုန်တတ်ပါတယ်။ ဆောင်းနှောင်းရက်ဖြစ်တဲ့ တပေါင်းလဆုတ်နဲ့တန်ခူးလဆန်းပိုင်းတွေမှာ အသီးဖြစ်ထွန်းမှုအားကောင်းလို့ ရောင်းတန်းဝင်ခူးနိုင်ပါပြီ။ လက်ရှိပေါက်ဈေးကတော့ ရွာမှာတင် တစ်လုံးကို ၂၅ ကျပ်၊ ၃၀ ကျပ်ကနေ ၅၀ ကျပ်အထိ အစားစားရောင်းရပါတယ်။ ထူးခြားတာတစ်ခုကတော့ ဒီနှင်းပန်းပင်ကို ဖျာပုံနဲ့ ကျိုက်လတ်ကလွဲရင် အခြားမြို့နယ်တွေမှာ မတွေ့ရသလောက်ပါပဲ" ဟု ကျုံတာရွာမှ ခြံလုပ်ငန်းရှင် ဦးဝင်းသိန်းက ပြောသည်။

အဆိုပါနှင်းပန်းသီးသည် အေး၊ ဖန်သောအရသာသဘောတရား အကျိုးသွားရှိသဖြင့် အပူဦးစီးသော အနာများကို နိုင်နင်းသောလက္ခဏာရှိခြင်း၊ ဒဟတေဇောလွန်သော အပူနာအဖုအကျိတ်များကို အုံပေး၊ အုပ်ပေးပါက သက်သာစေခြင်း၊ ဆီးနီခြင်း၊ ဆီးနည်းခြင်း၊ ဆီးကျင်ခြင်းစသောဆီးရောဂါများကို အထိုက်အလျောက် ပျောက်ကင်းသက်သာစေခြင်း၊ ရေငတ်ပြေခြင်း၊ အမူးအမော်အတွက် အရွက်ကို ပွတ်ရှူပေးပါက သက်သာစေခြင်း၊ အာဘော၊ အာဗန္ဓန ရေဓာတ်ကိန်းအောင်းမှုများသော သဘာဝရှိသဖြင့် အသားအရေစိုပြည်ခြင်း၊ ဝမ်းမှန်ခြင်းစသော အကျိုးကျေးဇူးများရှိခြင်းကြောင့် သင့်တင့်စွာ စားသုံးပါက ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်ကြောင်း တိုင်းရင်းဆေးကျွမ်းကျင်သူများထံမှ သိရသည်။

**(သတင်းနှင့် ဓာတ်ပုံ-သပြေထွန်း)**



# ယာဉ်သွားလမ်း၊ ကားရပ်နားရာနေရာများ၊ လူသွားပလက်ဖောင်းများရှိ ပစ္စည်းများကို သက်ဆိုင်ရာက ညအချိန် သိမ်းဆည်း

**ရန်ကုန် မတ် ၂၂**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းတစ်လျှောက် မတ် ၂၀ ရက် ည ၁၂ နာရီဝန်းကျင်တွင် ယာဉ်သွားလမ်း၊ ကားရပ်နားရာနေရာများ၊ လူသွားပလက်ဖောင်းများပေါ်ထားရှိသော ပစ္စည်းမျိုးစုံကို သက်ဆိုင်ရာမှ ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် လိုက်လံသိမ်းဆည်းခဲ့သည်ဟု လမ်းမတော်မြို့နယ်အတွင်း ညပိုင်းအလုပ် လာရောက်လုပ်ကိုင်သူ ကိုအောင်က ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတားဆိုင်ရာ နည်းဥပဒေပုဒ်မ(၄၄)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနဆိုင်ရာ နည်းဥပဒေပုဒ်မ(၁၈)နှင့် (၅၁)တို့အရ လမ်းပေါ်ထားခြင်းဖြစ်၍ အမှိုက်ဖြစ်ကြောင်း၊ ဆက်ထားပါက ၁၀-၁-၂၀၁၄ ရက်မှစ၍ အမှိုက်အဖြစ်သိမ်းဆည်းပြီးနောက် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများသို့ စွန့်ပစ်ဖျက်ဆီးမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ၂၀၁၄ ဇန်နဝါရီလ ဒုတိယပတ်အစပိုင်းရက်များက ထုတ်ပြန်အသိပေးထားခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ထပ်မံ၍ အသိပေးကြေညာသည့် ဗီနိုင်းစာတန်းအနီများ ရန်ကုန်မြို့လယ်တွင် ယနေ့အထိ မြင်တွေ့နေရဆဲဖြစ်သည်။ ၂၀၁၅ မတ်လအတွင်း ထပ်မံ၍ အသိပေးကြေညာဗီနိုင်းအသစ်များ ရန်ကုန်မြို့လယ်တွင် မြင်တွေ့လာရာ စည်းကမ်းလိုက်နာမှုမရှိပါက တည်ဆဲစည်ပင်ဥပဒေအရ အရေးယူမည်ဟု ဖော်ပြထားသည်။

သို့သော် လိုက်နာမှုအားနည်းသဖြင့် သက်ဆိုင်ရာက မတ် ၂၀ ရက် ညသန်းခေါင်ယံအချိန်တွင် လိုက်လံသိမ်းဆည်းအရေးယူခြင်းဖြစ်သည်။ ကြိုတင်အသိပေးပြောကြားမှုရှိသဖြင့် စည်းကမ်းလိုက်နာသော ဈေးသည်အချို့ ညအချိန် ပစ္စည်းသိမ်းယူခံရခြင်း လုံးဝမရှိပါ။

ဈေးသည်အချို့ သိမ်းဆည်းခံရသည့် ကုန်ပစ္စည်းတန်ဖိုးမှာ ကျပ် ၁၀ သိန်းဝန်းကျင်ရှိသည်ဟု ယင်းနေရာတွင် ဈေးရောင်းချသူများက ဆိုသည်။ မဟာဗန္ဓုလလမ်းပေါ်တွင်မူ အနော်ရထာလမ်းကဲ့သို့ ပစ္စည်းသိမ်းယူခံရခြင်းမများခဲ့ပါ။ ပစ္စည်းသိမ်းချိန်တွင် ဈေးရောင်းသူများ ပစ္စည်းသိမ်းမခံရကြောင်း ယင်းအချိန်ထိဈေးရောင်းချနေသူ နှစ်ဦးက ဆိုသည်။ မဟာဗန္ဓုလလမ်းပေါ်ရှိ အချို့သော လမ်းသွယ်ထိပ်များရှိ ပစ္စည်းများသိမ်းယူခြင်းမခံရသည်ကိုမြင်တွေ့ရသည်။ PCO ဖုန်းရုံအချို့အတွင်း ထည့်သွင်းထားသော ပစ္စည်းများသည်လည်း သိမ်းယူခြင်းမခံရကြောင်း ယင်းနေရာအနီး အလုပ်လုပ်နေသူတစ်ဦးက ဆိုသည်။

ညပိုင်း ဆိုင်ပိတ်ချိန်တွင် ဆိုင်အသုံးအဆောင်ပစ္စည်းများကို ပတ်ဝန်းကျင်ရှိ တိုက်ခန်းများတွင် အခကြေးငွေပေး၍ အပ်နှံလေ့ရှိကြသည်။ ယင်းသို့ အပ်နှံသူများအနေဖြင့် ညပိုင်း သက်ဆိုင်ရာက ပစ္စည်းလိုက်လံသိမ်းဆည်းခြင်းများမှ ကင်းလွတ်မှုရှိသည်ဟု မဟာဗန္ဓုလလမ်းပေါ်တွင် မုံရွာဒေသမှ အထမ်းဈေးသည်အဖြစ်လုပ်ကိုင်နေသူ ကိုထွန်းတင့်က ဆိုသည်။

သက်ဆိုင်ရာက အရေးယူဆောင်ရွက်မှုကြောင့် ယာဉ်သွားလမ်း၊ လူသွားပလက်ဖောင်းများ၊ ယာဉ်ရပ်နားရာနေရာများတွင် ညအချိန်ပစ္စည်းများထားရှိခြင်းများ လျော့နည်းလာသည်ကို မြင်တွေ့ရသည်ဟု အနော်ရထာလမ်းအနီး တိုက်ခန်းတွင် နေထိုင်သူတစ်ဦးက ဆိုသည်။

**(မောင်စေအောင်)**

# ကျေးလက်ဖွံ့ဖြိုးရေး လာမည့်ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၁၅၀၀ ကျော် သုံးစွဲရန်လျာထား

**ကလေး မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျပ်သန်းပေါင်း ၁၅၀၀ ကျော် သုံးစွဲရန် လျာထားကြောင်း သိရသည်။

ကလေးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအနေဖြင့် ကျေးလက်လမ်းတံတားများ၊ သောက်သုံးရေရရှိရေးများ၊ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ၊ ကျေးလက်အိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၃၄၆ သန်းကျော်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၇၀၉ သန်းကျော်သုံးစွဲခဲ့ပြီး လာမည့်ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ တွင် လျာထားချက်အနေဖြင့် ကျပ် ၁၅၂၁ သန်းကျော် လျာထားပါကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှူး ဦးအောင်ကျော်မျိုးက ပြောသည် ။

"နိုင်ငံတော်ကနေ ဆောင်ရွက်နေတဲ့ ကျေးလက်နဲ့မြို့ပြဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွေ အောင်မြင်စေဖို့ဆိုရင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေက အခရာကျပါတယ်။ ကျေးရွာတွေမှာ ရပ်ပိုင်းဆိုင်ရာတွေ ဖွံ့ဖြိုးတိုးတက်လာအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကနေ ဆောင်ရွက်ပေးနေပါတယ်" ဟု ၎င်းက ဆိုသည်။

**(လင်းလက်ကြယ်စင်)**

# မိုးပွင့် အထူးစီမံချက် ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် မတ် ၂၂**

အင်းစိန်မြို့နယ်အတွင်း မိုးပွင့်အထူးစီမံချက်ဖြင့် ရပ်ကွက်အသီးသီးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိန်လင်းသိန်းနှင့် ဝန်ထမ်းများက မတ် ၁ ရက်မှစ၍ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မတ် ၁၄ ရက်အထိ ပြည်သူများထံ နိုင်ငံသားစိစစ်ရေးကတ် ၃၂၂၅ ကတ် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ကွင်းဆင်းဆောင်ရွက်ရာသို့ မလာရောက်နိုင်သူ၊ ရုံးသို့ မလာရောက်နိုင်သူ၊ ကျန်းမာရေးမကောင်းသူများကိုလည်း အိမ်တိုင်ရာရောက် (Home Service) အဖြစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အိမ်တိုင်ရာရောက် (Home Service) ဆောင်ရွက်ရာတွင် မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက အသက် (၁၀၄) နှစ်ရှိ ဒေါ်လှရင် အမှတ် (က-၆၄) အောင်ဇေယျ(၁)လမ်း ဖော့ကန်နေအိမ်တွင် Home Service ဆောင်ရွက်နေသော မြို့နယ်ဦးစီးမှူးက မိမိတို့ဌာနမှ မည်သည့်မြို့နယ်တွင်မဆို အသက်ကြီးငယ်မရွေး ကျန်းမာရေးမကောင်းသူများ၊ လမ်းမလျှောက်နိုင်သူများ၊ အခက်အခဲအမျိုးမျိုးရှိသူများအနေဖြင့် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးရုံးသို့ ဆက်သွယ်ပါက အိမ်တိုင်ရာရောက် နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအတွက် ဝန်ဆောင်ခပေးရန်မလိုကြောင်း၊ ပြည်သူများ၏ အခက်အခဲကိုသာ ကူညီပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

**နေမျိုးထွန်း(IPRD)**

# ကမ္ဘာ့ဘဏ်၏ အမေရိကန်ဒေါ်လာ သန်း ၈၀ ကူညီထောက်ပံ့မှုဖြင့် ကျွန်းစုမြို့နယ် လူထုဗဟိုပြုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**မြိတ် မတ် ၂၂**

ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ငွေဖြင့် လူထုဗဟိုပြုစီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးဆောင်မှုဖြင့် အစိုးရမဟုတ်သော Mercy-corps အဖွဲ့မှ နည်းပညာအကြံပေးများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျွန်းစုမြို့နယ်ရှိ ကျေးရွာပေါင်း ၁၆၁ ရွာတွင် ၂၀၁၃ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လူထုဗဟိုပြုစီမံကိန်းမှ မြန်မာနိုင်ငံ နေပြည်တော်ကောင်စီနှင့် မြို့နယ် ၁၅ မြို့နယ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထိုသို့အကောင်အထည်ဖော်ရာတွင် ကျေးလက်နေပြည်သူများအတွက် လိုအပ်လျက်ရှိသည့် ရေ၊ မီး၊ လမ်း၊ တံတား၊ ဆိပ်ခံတံတား၊ စာသင်ကျောင်းများ၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံများ တိုးတက်လာစေရန်သာမက ကျေးရွာနေပြည်သူ၏စွမ်းဆောင်ရည်များ တိုးတက်လာစေရန်ရည်ရွယ်ချက်ဖြင့် ကျေးရွာနေပြည်သူကိုယ်တိုင် မိမိကျေးရွာ စီမံကိန်းများဖော်ထုတ်ခြင်း၊ ထောက်ပံ့ငွေများလက်ခံခြင်း၊ ကိုယ်တိုင်စီမံခန့်ခွဲခြင်း၊ ပြည်သူကိုယ်တိုင်စောင့်ကြည့်စစ်ဆေးခြင်း၊ ကိုယ်တိုင်စီမံကိန်း အကောင်အထည်ဖော်ခြင်းနှင့် ရေရှည်ပြုပြင်ထိန်းသိမ်းခြင်းနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၃-၂၀၁၄ ပထမနှစ်စီမံကိန်းတွင် ပြည်သူကိုယ်တိုင်ပူးပေါင်းပါဝင်မှုဖြင့် စီမံကိန်းပေါင်း ၁၄၃ ခုကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ကျေးရွာရှိ လူဦးရေ ၇၅၂၅၉ ဦးခန့် အကျိုးခံစားခွင့်ရရှိနေပြီဖြစ်ကြောင်း ကျွန်းစုမြို့နယ် ဦးစီးမှူး၏ ပြောပြချက်အရ သိရသည်။

**မြင့်ဦး(မြိတ်)**

## မီးဖိုအသုံးပြုလျှင်

- လူစောင့်ထားပါ။
- လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
- မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
- မီးဖိုနှင့် အမိုး၊ နံရံအကြား အပူခံအကာအရံများထားပါ။
- ဆီအိုးတည်ပြီး မမေ့ပါနှင့်။

အားကစား

# လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၂**

မြန်မာပီဂျီအေက ကျင်းပမည့် Professional အဆင့်နှင့် Teaching Pro လက်ရည်စစ် ဂေါက်သီးရိုက် ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်မှ စပြီး ဧပြီ ၁ ရက်အထိ နေပြည်တော်ရှိ Royal Myanmar ဂေါက်သီး ကလပ်တွင် ကျင်းပမည်ဖြစ်သည်။

လက်ရည်စစ်ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်လိုသူ အမျိုးသားအားလုံး သည် အပျော်တမ်းအဆင့် (H'Cap 0-12)ရှိရမည်ဖြစ်သည်။

အဆိုပါ လက်ရည်စစ်ပွဲ Professional အဆင့် အောင်မြင် သူများသည် မြန်မာပီဂျီအေပြိုင်ပွဲများ တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ် သည်။ အဆိုပါလက်ရည်စစ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် ပြိုင်ပွဲ ဝင်ကြေး ငွေကျပ် ၅၀၀၀၀ ပေးသွင်း ၍ မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထားကာ ဖုန်း- ၀၉-၂၀၃၇၆၃၁၊ ၀၉ -၂၅၀၁၆၈၂၈၅၊ ၀၉-၇၃၁၃၀၄၇၄ တို့သို့ အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**




# စေတနာမူလတန်းကြိုကျောင်း(ဝက်ပါ)၏ ရင်သွေးငယ်များ ညတာစွမ်းရည်ပြိုင်

**ရန်ကုန် မတ် ၂၂**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြန်မာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဝက်ပါ)စေတနာမူလတန်း ကြိုကျောင်း(၃၁)ကြိမ်မြောက် ညတာစွမ်းရည်ပြိုင်ပွဲကို မတ် ၂၂ ရက် နံနက် ၉ နာရီခွဲက ဗဟန်းမြို့နယ် စေတနာမူလတန်းကြိုကျောင်း(ဝက်ပါ)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေးအသင်း(ဝက်ပါ)ဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ခင်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနား အစီ အစဉ်(၂၄)ရပ်ကို အတွင်းရေးမှူး ဒေါ်ယဉ်ကြည်က ဖတ်ကြားသည်။ မူကြိုရင်သွေးငယ်များကဖျော်ဖြေရေး အစီအစဉ် ၁၇ ခုဖြင့် ကပြဖျော်ဖြေခဲ့ကြောင်းနှင့် မြန်မာအမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေးအသင်း (ဝက်ပါ)အလုပ်အမှုဆောင်များက ဆုရရှိသူ အသီးသီး အား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သွန်းဝသန်လင်း)**

# အက်သလက်တီကိုက တောရက်စ်၏ သွင်းဂိုးများထပ်မံရရှိရန် မျှော်လင့်နေသည်ဟု နည်းပြဆီမြွန်နီဆို



လာလီဂါပွဲစဉ်အဖြစ် အက်သလက်တီကိုနှင့် ဂီတာဖေးတို့ပွဲစဉ်၌ အက်သလက်က ဂီတာဖေးကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီးနောက် တောရက်စ်က လာလီဂါ ပွဲ(၁၀)ပွဲတွင် ပထမဆုံးသောလိဂ်ဂိုးကို သွင်းယူနိုင်ခဲ့ရာ နည်းပြဆီမြွန်နီက အဆိုပါကစားသမားထံမှ သွင်းဂိုးများ ပိုမို၍ရရှိရန်မျှော်လင့်နေသည်။ ဆီမြွန်နီက တောရက်စ် အက်သလက်တီကိုသို့ပြန်လည်ရောက်ရှိပြီးနောက် ၎င်း၏ သွင်းဂိုးများဖြင့် ကလပ်ကိုပိုမိုအကျိုးပြုနိုင်ရန် လိုလားနေ သည်။ အေစီမီလန်မှ အငှားဖြင့် လာရောက်ကစားနေ သော တောရက်စ်သည် လီဗာပူးနှင့် ချယ်လ်ဆီးတို့၌ ပြသခဲ့သော ခြေစွမ်းမျိုးဖြင့် ၎င်း၏တန်ဖိုးအစစ်အမှန်ကို ပြသရန် ယခုထက်သွင်းဂိုးများ ပိုမိုသွင်းယူရန်လိုအပ်နေ သေးသည်ဟုလည်း ထပ်လောင်းပြောကြားခဲ့သည်။

ဆီမြွန်နီက "ကျွန်တော်တို့သူ့ဆီက အခုသွင်းထား တဲ့ ဂိုးအရေအတွက်ထက် ပိုမိုရရှိဖို့မျှော်လင့်နေတယ်။ သူဂိုးသွင်းနိုင်တဲ့အပေါ် ကျွန်တော်ကျေနပ်မိပါတယ်။ သူက ကစားဖော်တွေနဲ့ နားလည်မှုရှိရှိကစားနိုင်ပြီး အသင်းစိတ် ဓာတ်အပြည့်အဝရှိတဲ့ ကစားသမားမျိုးပါ။ အခုဆိုချန်ပီယံ လိဂ်ပွဲမှာ ကွာတားဖိုင်နယ်အထိ တက်ရောက်လာနိုင်ပြီး မနှစ်ကစွမ်းဆောင်ရည်မျိုးထပ်မံပြသဖို့ တောရက်စ်လို ကစားသမားမျိုးအသင်းအတွက်လိုအပ်ပါတယ်။ သူက အခုဆို မန်ဇူကစ်နဲ့တိုက်စစ်နေရာအတွက် ယှဉ်ပြိုင်နေရ တာကလည်း သူ့ရဲ့တိုက်ပွဲဝင်စိတ်ဓာတ်ကို ပိုမိုတွန်းအား ပေးရာရောက်စေခဲ့တယ်။ အခုဆို သူ့ရဲ့တန်ဖိုးကို သက်သေပြနိုင်မယ့်သွင်းဂိုးတွေကို မြင်တွေ့ခဲ့ရပြီးနောက် ထပ်မံမြင်တွေ့ရဦးမယ်လို့ ကျွန်တော်မျှော်လင့်နေမိပါ တယ်"ဟုပြောကြားခဲ့သည်။

တောရက်စ်သည် အက်သလက်တီကို၏ အသက် အငယ်ဆုံးအသင်းခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ဖူးပြီး ၂၀၀၇ ခုနှစ်က လီဗာပူးသို့ပြောင်းရွှေ့ကစားခဲ့ကာ ၎င်း၏ အထွန်းတောက်ဆုံး ပရော်ဖက်ရှင်နယ်ခြေစွမ်းကို လီဗာပူး နှင့်အတူပြသနိုင်ခဲ့သည်။ ၂၀၁၁ခုနှစ်က ချယ်လ်ဆီးသို့ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ ဖြင့် ပြောင်းရွှေ့ခဲ့ ကာ ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ထို့နောက် အေစီမီလန်သို့ပြောင်းရွှေ့ကစားခဲ့ကာ ဂိုးသွင်းခြေပျောက် ဆုံးနေခဲ့ပြီးနောက် အက်သလက်တီကိုသို့ အငှားဖြင့် လာရောက်ကစားနေခြင်းဖြစ်သည်။ **[မေလှဲ့သင်း]**

# ဝဲလ်ဘတ်အား အာဆင်နယ်ခေါ်ယူရန် မိမိအနေဖြင့် တိုက်တွန်းခဲ့ခြင်းဖြစ်ကြောင်း အင်္ဂလန်နည်းပြရွိုင်းဟော့ဆန် ထုတ်ဖော်ပြောကြား



**အင်္ဂလန်နည်းပြရွိုင်းဟော့ဆန်က ပြီးခဲ့သည့်နွေရာသီဈေးကွက် ပိတ်သိမ်း ခါနီးအချိန်၌ အာဆင်နယ်အနေဖြင့် မန်ယူတိုက်စစ်မှူးဝဲလ်ဘတ်အား အရ ခေါ်ယူရန် အာစင်ဝင်းဂါးကို ၎င်းအနေဖြင့် တိုက်တွန်းခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။**

၎င်းကအသက်(၂၄)နှစ်အရွယ်ရှိ အဆိုပါအင်္ဂလန် တိုက်စစ်မှူးကို ပေါင် ၁၆ သန်းသာ ပေးချေရမည်ဖြစ်သဖြင့် တန်ဖိုးအားဖြင့် ခြေစွမ်းနှင့်စာလျှင်လျော့နည်းနေသဖြင့် အာဆင်နယ်အနေဖြင့် အပြီးသတ်စာချုပ်ချုပ်ဆိုခေါ်ယူရန် ကြိုးပမ်းသင့်သည်ဟု တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ဟော့ဆန်က "ကျွန်တော် ဝင်းဂါးကို ဝဲလ်ဘတ် အကြောင်းမကြာခဏပြောပြခဲ့ဖူးပါတယ်။ သူ့အနေနဲ့ အာဆင်နယ်ကိုမရောက်မီကတည်းက အာဆင်နယ်ရဲ့ ကစားပုံခင်းကျင်းမှုနဲ့ သူ့ခြေစွမ်း ကိုက်ညီမှုရှိမယ်ဆိုတာ ကျွန်တော်သိခဲ့ပါတယ်။ အခုကျွန်တော့်ထင်မြင်ချက်က အလုံးစုံမှန်ကန်တယ်ဆိုတာကို သက်သေပြစရာမလို လောက်အောင်ကို သေချာနေခဲ့တယ်။ ဒန်နီဟာ ကျွန်တော် နှစ်သက်တဲ့ ကစားသမားဖြစ်ပြီး သူ့ကိုအင်္ဂလန်လက်ရွေးစင် အသင်းမှာ အကြိမ်များစွာ ရွေးချယ်အသုံးပြုတာကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါလိမ့်မယ်။ သူက မန်ယူမှာ ထက် အာဆင်နယ်မှာ ပိုမိုပွဲထွက်ကစားခွင့်ရသလို ခြေစွမ်း ပိုင်းမှာလည်း ပိုပြီးကောင်းမွန်လာခဲ့တယ်။ သူ့အတွက် အာဆင်နယ်ကိုရောက်ရှိသွားခြင်းက ကံကောင်းခဲ့သလို အာဆင်နယ်ကလည်း သူ့ကိုရတာက ကံကောင်းမှုတစ်ရပ် ပါပဲ" ဟုပြောကြားခဲ့သည်။

အင်္ဂလန်နည်းပြရွိုင်းဟော့ဆန်သည် ၂၀၁၆ ဥရောပ ဖလားခြေစစ်ပွဲနှင့် နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲ အဖြစ်ကစားမည့် လစ်သူယေးနီးယားနှင့် အီတလီအသင်း တို့နှင့်ကစားမည့်ပွဲတွင် တိုက်စစ်မှူးငါးဦးအထိ ရွေးချယ် ထားကာ ဝဲလ်ဘတ်မှာ တစ်ဦးအပါအဝင်ဖြစ်သည်။ ထို့ပြင် အင်္ဂလန်အသင်းခေါင်းဆောင်ဝိန်းရွန်းနီသည် ဆာဘော်ဘီ ချာလ်တန်၏ နိုင်ငံတကာသွင်းဂိုး ၄၉ ဂိုးကို လိုက်မီရန် သုံးဂိုးသာလိုတော့ပြီး သွင်းဂိုး၄၆ဂိုးအထိရှိနေသည်။

# ပထမပိုင်းသွင်းဂိုးများဖြင့် မြန်မာနှင့် မလေးရှားတို့ သရေကျ

**သတင်းနှင့် ဓာတ်ပုံ**
**ရှိုင်းထက်ဇော်**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူး ကျင်းပမည့် အာရှယူ-၂၃ ခြေစစ်ပွဲ အတွက် ပြင်ဆင်နေသည့် မြန်မာ ယူ-၂၂ အသင်းနှင့် မလေးရှားယူ-၂၂ အသင်းတို့ ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစား သည်။

**မြန်မာ ယူ-၂၂ - တစ်ဂိုး**
**မလေးရှား ယူ-၂၂ - တစ်ဂိုး**

ခြေစစ်ပွဲမတိုင်မီ နောက်ဆုံးကစား သည့် ခြေစမ်းပွဲတွင် မြန်မာနှင့် မလေးရှားတို့ အရှုံးအနိုင်မပေါ်ဘဲ ပထမပိုင်း သွင်းဂိုးများဖြင့် သရေကျ သွားသည့် မြန်မာယူ-၂၂ အသင်းမှာ ခြေစမ်းပွဲများ၌ ပထမဆုံးသွင်းဂိုးရခဲ့ သော်လည်း တိုက်စစ်အားနည်းချက် များရှိနေဆဲဖြစ်ပြီး သရေရလဒ်ဖြင့် သာ ကျေနပ်ခဲ့ရသည်။ မြန်မာ အသင်းက အနိုင်ရနိုင်သည့် အနေ အထားမျိုးရှိခဲ့သော်လည်း ပွဲပြီးခါနီး၌ ရရှိသည့် ပင်နယ်တီလွဲချော်ခဲ့ သည်။



**မြန်မာ ယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်းတို့ ယှဉ်ပြိုင်နေစဉ်။**

မြန်မာယူ-၂၂ အသင်းမှာ ကျော်ဇင်ဖြိုး(ဂိုး)၊ ကျော်ဇင်လွင်၊ တလွန်ဟုပ်ထန်း၊ ဖြိုးကိုကိုသိန်း၊ ဟိန်းသီဟဇော်၊ လှိုင်းဘိုဘို၊ ချစ်စုမိုး၊ သန်းထက်အောင်၊ စည်သူအောင်၊ သီဟဇော်၊ နေလင်းထွန်းတို့ဖြင့် ပွဲထွက်လာခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းမှာ ပွဲစကတည်းက ဖိကစား နိုင်ခဲ့သော်လည်း ပုံစံကောင်းရရန် ရုန်းကန်နေရဆဲဖြစ်ပြီး တိုက်စစ်မှူး စစ်စစ်မပါခြင်းက ဂိုးရရှိရန် ခက်ခဲ စေခဲ့သည်။ ၁၈ မိနစ်တွင် မြန်မာ ယူ-၂၂ အသင်း ဦးဆောင်ဂိုးရခဲ့ပြီး မလေးရှားဂိုးသမား၏ အမှားမှ တစ်ဆင့် နေလင်းထွန်းကသွင်းယူခဲ့ ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ဦးဆောင်ဂိုးသွင်းသော်လည်း ပွဲကို ဦးဆောင်နိုင်ခြင်းမရှိဘဲ ၃၂ မိနစ်တွင် ဂိုးပြန်ပေးခဲ့ရသည်။ မလေးရှား အတွက် ချေပဂိုးကို တိုက်စစ်မှူး ရှာဟာ ဂူဒီလ်က သွင်းယူခဲ့ခြင်းဖြစ် သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက ဆက်လက်ဖိကစားနိုင်ခဲ့သော်လည်း ထိရောက်သည့် ဂိုးသွင်းခွင့်များမရခဲ့ ပေ။ မြန်မာကစားသမားများမှာ တိုးအားရှိသော်လည်း တိုက်စစ်ကစား ပုံမကောင်းခြင်းကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။ ၈၄ မိနစ်တွင် မြန်မာအသင်း ပင်နယ်တီ ကန်ခွင့်ရသော်လည်း နေလင်းထွန်း ဝင်းအောင် မသွင်းနိုင်ခဲ့ပေ။ နှစ်သင်း စလုံး၏ ကစားပုံများ အနည်းငယ် ကြမ်းခဲ့ပြီး ပွဲပြီးခါနီးတွင် မြန်မာမှ ဖြိုးကိုကိုသိန်းနှင့် မလေးရှားမှ အက်ဇ်လင်တို့ တိုက်ရိုက်အနီကတ် ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

မြန်မာယူ-၂၂ အသင်းသည် အာရှ ယူ-၂၃ ခြေစစ်ပွဲ အကြိုပြင်ဆင်မှု အဖြစ် ခြေစမ်းပွဲလေးပွဲ ကစားခဲ့ရာ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။



**30th Bangladesh Amateur Golf Championships 2015 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော မြန်မာဂေါက်သီးရိုက်အသင်း အား ဆုနှင့်အတူ တွေ့ရစဉ်။ (ဦးကျော်တင့်)**



## ဟနွိုင်းတွင် သစ်ပင်များ ခုတ်လှဲခြင်းကို ပြည်သူတို့မကျေနပ်၍ ရပ်ဆိုင်း

**ဟနွိုင်း မတ် ၂၂**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် သစ်ပင်ထောင်ပေါင်းများစွာတို့အား ခုတ်လှဲနေခြင်းကို နိုင်ငံရေးခေါင်းဆောင်များက သောကြာနေ့တွင် ရပ်ဆိုင်းစေခဲ့သည်။

ယင်းသို့ ခုတ်လှဲခြင်းကို ရပ်ဆိုင်းခဲ့ခြင်းမှာ ပြည်သူများ၏ ကန့်ကွက်သံများ ထွက်ပေါ်လာခြင်းနှင့် ကမ္ဘာပေါ်တွင် ပန်းချီကားတစ်ချပ်နှယ် အလှဆုံးမြို့များတွင် အပါအဝင်ဖြစ်သည့် ဟနွိုင်းမြို့၏ ပုံရိပ်ပျက်စီးသွားမည်ကို စိုးရိမ်ကြခြင်းတို့ကြောင့် ဖြစ်သည်။

အာရှ၏ ပါရီမြို့ဟု မကြာခဏ တင်စားခေါ်ဝေါ်ခြင်းခံရသော သစ်ရွက်များ ထူထပ်သည့် မြို့တော်တွင် အန္တရာယ်ရှိသည်ဟု သုံးသပ်ကြပြီး အာဏာပိုင်များက သစ်ပင် ၆၇၀၀ ခန့်ကို စတင်ခုတ်လှဲပြီးနောက် လူမှုရေး မီဒီယာများက ပြင်းထန်စွာ ဝေဖန်လာခဲ့ကြသည်။

ဟနွိုင်း ပြည်သူ့ကော်မတီ၏ ညွှန်ကြားချက်အရ သစ်ပင်ခုတ်လှဲသည့် စီမံချက်ကို ရပ်သိမ်းကြောင်း၊ ခုတ်လှဲပြီးသွားသော သစ်ပင်များအတွက် ချက်ချင်းအစားထိုးပြန်စိုက်မည်ဖြစ်ကြောင်း ရုပ်သံလိုင်းမှ ကြေညာခဲ့သည်။

ဥက္ကဋ္ဌ ငုယင်သီသာအိုက ဆောက်လုပ်ရေးဌာန ခရိုင်အာဏာပိုင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကို သစ်ပင်ခုတ်လှဲခြင်းအား ရပ်ဆိုင်းပါရန် မေတ္တာရပ်ခံခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာရုပ်သံလိုင်းက ကြေညာခဲ့ခြင်းဖြစ်သည်။

**ရိုက်တာ။**

## ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်က တရုတ်နိုင်ငံအပေါ် သက်ရောက်မှုကြီးမားစွာရှိနိုင်ဟု သတိပေး

**ပေကျင်း မတ် ၂၂**

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် တရုတ်နိုင်ငံအပေါ်ကြီးမားသောအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေလိမ့်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံမှ ထိပ်တန်းရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်တစ်ဦးက သတိပေးပြောကြားခဲ့ပြီး ယင်းမှာ တရုတ်အစိုးရ တာဝန်ရှိအဖွဲ့အစည်းတစ်ခုအနေဖြင့် ဖြစ်ကောင်းဖြစ်နိုင်သည့် သတိပေးပြောကြားမှုဖြစ်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များသည် တရုတ်နိုင်ငံ၏ကြီးမားသော အခြေခံအဆောက်အအုံစီမံချက်များအပေါ်၌ စိုးရိမ်ဖွယ်ရာခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာစေနိုင်သည်ဟု တရုတ်နိုင်ငံအစိုးရတရားဝင် သတင်းဌာနဆင်ဟွာနှင့် တွေ့ဆုံမေးမြန်းစဉ် အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှသတ်မှတ်ချက်ထက်ပို၍ တရုတ်နိုင်ငံက ဓာတ်ငွေ့ထုတ်လုပ်မှုများပါ ပြုလုပ်ခဲ့ခြင်းကြောင့် တရုတ်နိုင်ငံတွင် အပူချိန်မြင့်တက်မှုများ ပိုမိုခဲ့ကြောင်း ၎င်းကပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် လေထုအညစ်ညမ်းဆုံးနိုင်ငံတစ်ခုအဖြစ်ရပ်တည်နေပြီး ယင်း၏အကျိုးသက်ရောက်မှုအရ ၂၀၃၀ ခုနှစ်တွင် ၎င်းနိုင်ငံမှ ထုတ်လွှတ်သော ဓာတ်ငွေ့ပမာဏသည် ကမ္ဘာ့ရာသီဥတုအပြောင်းအလဲဖြစ်စဉ်အတွက် ထိပ်ဆုံးသို့ရောက်ရှိသည်ဟု သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



# အိန္ဒိယတွင် မြေယာဥပဒေပြောင်းလဲခြင်းကို အတိုက်အခံလွှတ်တော်အမတ်များ ကန့်ကွက်

**နယူးဒေလီ မတ် ၂၂**

အိန္ဒိယနိုင်ငံတွင် အတိုက်အခံလွှတ်တော်အမတ်များသည် အငြင်းပွားဖွယ်မြေယာသိမ်းယူခြင်း ဥပဒေကျမ်းကို ဆန့်ကျင်ကန့်ကွက်သောအားဖြင့် သမ္မတနန်းတော်သို့ ချီတက်ခဲ့ကြကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။



ကန့်ကွက်သူများကို အိန္ဒိယ၏ အဓိကအတိုက်အခံ ကွန်ဂရက်ပါတီခေါင်းဆောင် ဆိုနီယာဂန္ဒီက ဦးဆောင်ပြီး ၎င်းတို့တွင် ဒေသဆိုင်ရာပါတီအချို့မှ လွှတ်တော်အမတ်များလည်း ပါဝင်သည်။

လွန်ခဲ့သည့်ရက်သတ္တပတ်တွင် အောက်လွှတ်တော်၌ အတည်ပြုပေးခဲ့သော ယင်းဥပဒေကျမ်းသည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ထိခိုက်စေမည်ဟု ကန့်ကွက်သူများက ပြောသည်။

၎င်းက အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် လိုအပ်သောမြေများရရှိရန် စည်းမျဉ်းဥပဒေများကို ဖြေလျှော့ပေးမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ရပ်တန့်နေသော ဒေါ်လာဘီလီယံပေါင်းများစွာ တန်ဖိုးရှိသည့် စီမံကိန်းများ ပြန်လည်စတင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း အစိုးရက ပြောသည်။

မတ် ၁၇ ရက်ညနေပိုင်းတွင် မစ္စစ်ဂန္ဒီ ဦးဆောင်သော လွှတ်တော်အမတ်များသည် မဝေးလှသော သမ္မတနန်းတော် ရာချ်ပတ်သီဘဝန်သို့ သမ္မတပရာနမ်မူခါချီအား ပန်ကြားလွှာပေးအပ်ရန် ချီတက်ခဲ့ကြသည်။

အဆိုပါချီတက်ပွဲကို လုံခြုံရေးတင်းကျပ်ပြီး လမ်းတစ်လျှောက်၌ ရာပေါင်းများစွာသော ရဲတပ်ဖွဲ့ဝင်များကို တာဝန်ချထားသည်။

တောင်သူလယ်သမားများထံမှ လယ်ယာမြေများရယူရန် ပိုမိုခက်ခဲသော ဥပဒေအား ကွန်ဂရက်ပါတီအစိုးရဟောင်းက ယမန်နှစ်တွင် အတည်ပြုပေးခဲ့ခြင်းကို စက်မှုလုပ်ငန်းရှင်များက စိုးရိမ်ကြသည်။

ယင်းဥပဒေအရ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းစီမံကိန်းများအတွက် မြေများ ရယူရာတွင် မြေပိုင်ရှင်မိသားစု၏ သဘောတူညီမှု ၇၀ ရာခိုင်နှုန်း၊ ပုဂ္ဂလိက စီမံကိန်းများအတွက် ၈၀ ရာခိုင်နှုန်းရရှိရန် လိုအပ်သည်။

ကာကွယ်ရေးနှင့် အမျိုးသားလုံခြုံရေး၊ ကျေးလက်ဒေသအခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ တန်ဖိုးမြင့်အိမ်ရာနှင့် စက်မှုလုပ်ငန်းဆိုင်ရာ စင်္ကြံများ၊ အခြေခံအဆောက်အအုံများဆောက်လုပ်ခြင်းတို့နှင့် ပတ်သက်သော စီမံကိန်းများအတွက် မြေရယူရာတွင် အဆိုပါ အတားအဆီး လိုအပ်ချက်များကို ဖယ်ရှားသည့် အရေးပေါ်အမိန့်တစ်ရပ်အား နရိန္ဒြာမိုဒီဦးဆောင်သော ဘီဂျေပီပါတီက လွန်ခဲ့သည့် ဒီဇင်ဘာလတွင် အတည်ပြုပေးခဲ့သည်။

၎င်းအမိန့်က အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လူမှုရေး ကောင်းကျိုးဆိုးကျိုး သက်ရောက်မှု အကဲဖြတ် အစီရင်ခံစာတင်ပြရခြင်းမှ ကင်းလွတ်ခွင့်ပြုထားသည်။

လွတ်လပ်သော ကျွမ်းကျင်ပညာရှင်များက ပြည်သူတို့၏ မြေယာများ၊ ပြည်သူတို့၏ လူမှုဘဝများ၊ ပြည်သူတို့၏ စီးပွားရေးများ၊ လူမှုရေးနှင့် ယဉ်ကျေးမှုများအပေါ် ၎င်းစီမံကိန်းများက မည်သို့သက်ရောက်မှုရှိသည်ကို လေ့လာ၍ ၎င်းစီမံကိန်းနှင့် တိုက်ရိုက်ထိတွေ့ရသော လူ့အဖွဲ့အစည်းများနှင့် တိုင်ပင်ကာ အစီရင်ခံစာ ထုတ်ပြန်ပေးရသည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်မည့် လက်ရှိလွှတ်တော်အစည်းအဝေးက ရက်သတ္တခြောက်ပတ်အတွင်း ၎င်းအမိန့်ကို အတည်ပြုမပေးလျှင် ၎င်းအမိန့်သက်တမ်းကုန်သွားမည်ဖြစ်သည်။

၎င်းဥပဒေကျမ်းကို ဘီဂျေပီကြီးစိုးသော အောက်လွှတ်တော်က အတည်ပြုပေးခဲ့သော်လည်း ဘီဂျေပီအနည်းစုဖြစ်သည့် အထက်လွှတ်တော်တွင် အခက်အခဲများနှင့် ရင်ဆိုင်နေရပြီး အတိုက်အခံပါတီများ၏ ထောက်ခံမှု ရရှိရန် လိုအပ်လျက်ရှိသည်။

**ဘီဘီစီ။**

# မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန် ရုရှားနိုင်ငံသို့ သွားမည်


**မော်စကို မတ် ၂၂**

ရုရှားနိုင်ငံ၌ မေလတွင် ကျင်းပမည့် ဒုတိယကမ္ဘာစစ်အောင်မြင်ခြင်း နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် တက်ရောက်မည်ဖြစ်ကြောင်း အမည်မဖော်လိုသူ ရုရှားတာဝန်ရှိသူတစ်ဦးကဆိုသည်။

မြောက်ကိုရီးယားနိုင်ငံက ရုရှားနိုင်ငံ၏ဖိတ်ကြားခြင်းကို လက်ခံခဲ့သည်။ သို့သော် မေလခရီးစဉ်နှင့်ပတ်သက်ပြီး တရားဝင်ကြေညာချက်ထုတ်ပြန်ရန် မြောက်ကိုရီးယား၏ တုံ့ပြန်ပြောကြားချက်ကို စောင့်ဆိုင်းနေကြောင်း ၎င်းက ဆက်လက်ပြောသည်။ ယခုခရီးစဉ်သည် ခေါင်းဆောင်ကင်၏ နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင်လာသည့် ၂၀၁၁ ခုနှစ်ကစပြီး ပထမဦးဆုံးသော နိုင်ငံခြားခရီးစဉ်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံက ရုရှားနိုင်ငံ၏ဖိတ်ကြားချက်နှင့်ပတ်သက်ပြီး မည်သည့်သတင်းထုတ်ပြန်ကြေညာချက်ကိုမှ ယခုအချိန်ထိ ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

ယခုနှစ်ပတ်လည်အခမ်းအနားသည် ရုရှားနိုင်ငံ (ဆိုဗီယက်ပြည်ထောင်စု) က ဂျာမနီနိုင်ငံအား ဒုတိယကမ္ဘာစစ်တွင် အောင်နိုင်ခဲ့သည့် နှစ် (၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနား ဖြစ်သည်။

**စီအင်န်အင်န်။**





# မလှိုင်မြို့နယ်ရှိနားခိုသည့် နေရာများ၌ အမှိုက်များ စနစ်တကျစွန့်ပစ်ရန်လို

**မလှိုင် မတ် ၂၂**

မလှိုင်မြို့နယ်အတွင်း ကျေးရွာများရှိ အများပြည်သူ နားခိုသည့် နေရာအနီး၌ အမှိုက်များ စွန့်ပစ်ခြင်းနှင့် ယင်းအမှိုက်များ မီးရှို့ခြင်းများ ပြုလုပ်နေခြင်းကြောင့် အနီးရှိ ကျေးရွာများမှ မီးခိုးငွေ့များ ရှူရှိုက်နေရကြောင်း ဒေသခံများက ပြောသည်။

မလှိုင်မြို့အနောက်ဘက် ငါးဖာလုံခန့်အကွာ မလှိုင်ချောင်းရိုးကျေးရွာ၊ လက်ပံချိုင်းကျေးရွာ စသည့်ကျေးလက်သွား ကျောက်ချောလမ်းပိုင်း ဘေးဝဲယာ အများပြည်သူ နားခိုနေသောဇရပ်အနီး၌ မြို့နယ်စည်ပင်အမှိုက်သိမ်းယာဉ်များက သိမ်းယူလာသော စွန့်ပစ်အမှိုက်များကို သတ်မှတ်ထားသော အမှိုက်ပစ်တွင်း၊ ကန်ထဲသို့ မပစ်ဘဲ နားခိုသော ဇရပ်အနီး၌ စွန့်ပစ်အမှိုက်များကိုပုံ၍ မီးရှို့ခြင်းများ ရှိကြောင်း သိရသည်။

မလှိုင်မြို့နယ်တွင် စွန့်ပစ်အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန် ပေ ၁၀၀ ပတ်လည် တွင်း၊ ကန်ကို တူးပေးထားကြောင်း သိရသည်။

"အခုလို အများပြည်သူ သွားလာနားခိုနေတဲ့ နေရာများမှာ မီးရှို့ခြင်းများဟာ ဒီအနီးအနားမှာ နေတဲ့ ရွာသူရွာသားတွေအတွက် မီးခိုးငွေ့ရှူနေရလို့ ကျန်းမာရေးကို ထိခိုက်နေပါတယ်" ဟု ယင်းကျေးရွာတွင် နေထိုင်သူတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်သည် မြို့ပေါ် လေးရပ်ကွက်ကျေးရွာအုပ်စု ၅၂ အုပ်စု ကျေးရွာပေါင်း ၂၄၇ ရွာရှိပြီး ဒေသခံကျေးလက်ပြည်သူများသည် တောင်ယာသီးနှံများကို စိုက်ပျိုးကြပြီး မွေးမြူရေးလုပ်ငန်းကိုပါ လုပ်ကိုင်ကြသည်။

ယင်းကျေးရွာရှိ အမှိုက်သိမ်းယာဉ်များမှ အမှိုက်များကို သတ်မှတ်ထားသောနေရာ၌ စနစ်တကျစွန့်ပစ်ရန် ဒေသခံများက လိုလားလျက်ရှိသည်။

**ကျော်ကျော်(မလှိုင်)**

# ရာဇဂြိုဟ်ဆည်ရေစတင်သိုလှောင်မှုကြောင့် ရေမရသော ကျေးရွာများ၌ ရေတွင်း၊ ရေကန်များ တူးဖော်ပေးလျက်ရှိ

**ကလေး မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီးတွင် နေရဋ္ဌရာမြစ်ကိုပိတ်၍ ရာဇဂြိုဟ်ရေလှောင်တမံ တည်ဆောက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ တမံချောင်းပိတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရာဇဂြိုဟ်ရေလှောင်တမံသို့ နှစ်စဉ်စီးဝင်ရေပမာဏမှာ ဧကပေ ၂၄၀၀၀၀ ကျော်ရှိပြီး တမံရေသိုလှောင် ပမာဏမှာ ၅၂၀၀၀ ဧကပေသာရှိ၍ ပိုလျှံသော ရေများမှာ ရေလွှဲမှတစ်ဆင့် နေရဋ္ဌရာမြစ်အတွင်းသို့ ပြန်လည်စီးဝင်မည်ဖြစ်သောကြောင့် တမံရေစုဆောင်းချိန် ငါးလခန့်အကြာ ဇူလိုင်လကုန်မှစ၍ နေရဋ္ဌရာမြစ်မှာ မူလသဘာဝအတိုင်း ပြန်လည်စီးဆင်းနေမည်ဖြစ်ကြောင်း သိရသည်။



ချောင်းပိတ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကြောင့် သောက်သုံးရေအခက်အခဲရှိနိုင်သော မြစ်အောက်ဘက်ရှိ ကျေးရွာများတွင် သောက်သုံးရေ အခက်အခဲမရှိစေရန်အတွက် လိုအပ်သောနေရာများတွင် ကျောက်ခွေချ သောက်သုံးရေတွင်းများတူးဖော်ပေးခြင်း၊ ရေကန်များတူးဖော်ပေးခြင်း၊ အဆိုပါရေတွင်း၊ ရေကန်များတွင် လက်နှိပ်တုံကင်များတပ်ဆင်ပေးခြင်းနှင့်ကျွဲ၊ နွား၊ တိရစ္ဆာန်များ မဝင်ရောက်စေရန်အတွက် ခြံခတ်ပေးခြင်းများကို ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

ရာဇဂြိုဟ်ကျေးရွာတွင် မတ် ၆ ရက်အထိ ရေကန် ခုနစ်ကန်နှင့် ရေတွင်းငါးတွင်း၊ အရှေ့ခုံသာကျေးရွာတွင် ရေကန် နှစ်ကန်၊ အနောက်ခုံသာကျေးရွာတွင်ရေကန် သုံးကန်၊ ကြက်ဖနက်ကျေးရွာတွင် ရေကန် သုံးကန်၊ ကံသာကျေးရွာတွင်ရေကန်နှစ်ကန် စုစုပေါင်းရေတွင်းငါးတွင်းနှင့် ရေကန် ၁၇ ကန် တူးဖော်ပေးပြီးဖြစ်သည်။

"အခုအချိန်မှာတော့ ကျွန်တော်တို့ရွာအနေနဲ့ ရေအခက်အခဲမရှိပါဘူး။ နောက်အခက်အခဲရှိလာမယ် မရှိလာမယ်ကတော့ မသိဘူးပေါ့။ အခက်အခဲရှိလာခဲ့ရင် ကျွန်တော်တို့ရွာကနေလာအကြောင်းကြားပါ့မယ်။ အဲဒီအခါကျရင် ကူညီလုပ်ဆောင်ပေးပါ"ဟု ကြက်ဖနက်ကျေးရွာမှ ဦးကျော်ဝင်းက ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူများနှင့် ကြက်ဖနက်ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင်ပြောသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆည်မြောင်းဦးစီးဌာနက တာဝန်ရှိသူများ ပူးပေါင်း၍ မတ် ၁၆ ရက်က ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး သောက်သုံးရေလိုအပ်ချက်မရှိအောင် ဆောင်ရွက်ပေးနေကြောင်းသိရသည်။

"အခုလည်း ဒီက ဝန်ထမ်းတွေက ဌာနမြေတူးစက်များနဲ့ အနီးကပ်ကြီးကြပ်ပြီး ယခင်တူးဖော်ပေးပြီး ရေတွင်းငါးတွင်းနဲ့ ရေကန် ၁၇ ကန်အပြင် နောက်ထပ် ရာဇဂြိုဟ်ကျေးရွာမှာလည်း ရေတွင်းတစ်တွင်း၊ အရှေ့ခုံသာကျေးရွာမှာလည်း ရေတွင်းနှစ်တွင်း၊ ကံသာကျေးရွာမှာလည်း ရေကန်သုံးကန်၊ ကံဦးကျေးရွာမှာလည်း ရေကန်နှစ်ကန်၊ ကံကြီးကျေးရွာမှာလည်း ကျွဲ၊ နွား၊ တိရစ္ဆာန်သုံးနဲ့ မီးဘေးကာကွယ်ရေး ရေကန်သုံးကန် တို့ကို ဒီရက်ပိုင်းအတွင်းမှာပဲ ပြီးစီးအောင်ထပ်တူးပေးမယ်။ မိုးရာသီမတိုင်မီအထိ ကျေးရွာတွေမှာ သောက်သုံးရေ လိုအပ်ချက်မရှိအောင် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိဦးကောင်းမြတ်အောင်က ပြောသည်။

ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံ စီမံကိန်းမှာ လေးမဂ္ဂါဝပ် စက်တပ်ဆင်အင်အားရှိပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၁ သန်း ထုတ်လုပ်ဖြန့်ဖြူးပေးမည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

**လင်းလက်ကြယ်စင်**



## ပြည်တွင်းရေးရာ

## သကြၤန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ် ကင်းရှင်းရေးအသိပညာ ပေးဟောပြော

**မူဆယ် မတ် ၂၂**

မူဆယ်မြို့ ဟိုမွန်ရပ်ကွက် မုံးမောက်နယ် ကချင်နှစ်ခြင်းအသင်းတော် အစည်းအဝေးခန်းမ၌ မတ် ၁၈ရက်က သကြၤန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ် ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ ရဲမှူးတီခေါင်လွမ်းက မူးယစ်ဆေးဝါး၏ အန္တရာယ်ဆိုးကျိုးများ၊ မူးယစ်တပ်ဖွဲ့များ နှင့် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ သကြၤန်ကာလအတွင်း မူးယစ်ဆေးဝါး အလွဲသုံးမှုကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးအန္တရာယ်များ အကြောင်းတို့ကို ဟောပြောခဲ့ရာ ဒေသခံ ၃၄ ဦး တက်ရောက်ခဲ့သည်။

အလားတူ မတ် ၁၉ ရက်တွင် သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မူးယစ်တပ်ဖွဲ့စု( ၄၃ ) ရန်ကုန်(တောင်ပိုင်း) မှ ဒုရဲမှူးသိန်းလွင်က မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် မောင်းနှင်သူများ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ခရီးသည်နှင့်ပြည်သူများအသက်ဆုံးရှုံးနေရခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲ၊ ရောင်းဝယ်ခြင်း မရှိစေရေးနှင့် သကြၤန်ကာလအတွင်း မူးယစ်ဆေးဝါးအလွဲသုံးမှုကြောင့်အန္တရာယ်များဖြစ်ပေါ်နိုင်မှု ကိုဟောပြောခဲ့ရာ ဒေသခံ ၁၂၀ တက်ရောက်ခဲ့သည်။ **ကြေးမုံ**

# ငါးကျပ်တိုက်ခြောက်များ ယခုနှစ်ပြည်ပတင်ပို့မှု လျော့နည်းနိုင်


**မုံရွာ မတ် ၂၂**

ချင်းတွင်းမြစ်အထက်ပိုင်း ဒေသများရှိ ငါးကျပ်တိုက်များအား အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့်နှစ် မိုးရာသီတွင် သဘာဝ အင်းအိုင်များအတွင်းသို့ မိုးရေဝင်ရောက်မှု တစ်ကြိမ်သာရှိခဲ့၍ ငါးဝင်ရောက်မှုနည်းပါးသဖြင့် ၂၀၁၄-၂၀၁၅ ငါးကျပ်တိုက်ခြောက် ထုတ်လုပ်သည့်ရာသီတွင် လျာထားချက်ပြည့်မီစွာ ထုတ်လုပ်နိုင်မည် မဟုတ်ကြောင်း သိရသည်။

ချင်းတွင်းမြစ်အတွင်း သဘာဝ အင်းအိုင်များမှ ဖမ်းယူရရှိသော ငါးကြီးများကို ဒေသတွင်းပြည်သူများ စားသုံးနိုင်ရေး ထုတ်လုပ်လျက်ရှိပြီး ငါးအသေးများကို ကျပ်တိုက် ငါးခြောက်များ ပြုလုပ်ကာ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

ငါးကျပ်တိုက် ခြောက်များ ထုတ်လုပ်ရောင်းချမှုနှင့် ပတ်သက်ပြီး ငါးကျပ်တိုက် ခြောက်များအား ဟုမ္မလင်းမြို့နယ်အတွင်းရှိ အင်းများမှ အများဆုံးထုတ်လုပ်ပြီး ဖောင်းပြင်မြို့နယ်မှ ဒုတိယအများဆုံး ထုတ်လုပ်လျက်ရှိသည်။

အဆိုပါ တမူးမြို့မှာရှိသည့် ပွဲရုံများမှတဆင့် တစ်ဖက်နိုင်ငံဈေးကွက်ကို ပို့ကုန်၊သွင်းကုန်လိုင်စင်ဖြင့် ဩဂုတ်လမှ စတင်ကာ မတ်လလောက်အထိ တင်ပို့ရောင်းချကြကြောင်း သိရသည်။



“အခုနှစ်ကျတော့ ပြီးခဲ့တဲ့မိုးရာသီက မိုးရေဝင်တာနည်းလို့ ငါးပေါက်ပွားမှုနည်းခဲ့တယ်။ ခါတိုင်းနှစ်တွေလို သိပ်ပြီးမတင်ပို့နိုင်ဘူး။ နောက်တစ်ချက်က အိန္ဒိယနိုင်ငံဘက်က နိုင်ငံရေးအခြေအနေအရ လမ်းကြောင်းပိတ်ရင် ဒီဘက်က မရောင်းရဘူး။ အဲဒီဘက်က လမ်းကြောင်း အခြေအနေကောင်းမှ ရောင်းဝယ်မှုကောင်းတာ။ ဖေဖော်ဝါရီလကုန်အထိတော့ တန် ၈၀ လောက်ပို့ပြီးပြီ။

အခုငါးကျပ်တိုက်ခြောက် တစ်ပိဿာကို ကျပ် ၇၅၀၀ ကနေ ကျပ် ၈၀၀၀ လောက်အထိ ဈေးပေါက်နေတယ်။ အခုလောလောဆယ်တော့ ပြန်ပြီး ရောင်းလို့တော့ရနေပါပြီ။ ဒီနှစ်ကတော့ ရာသီဥတုအခြေအနေအရ ပြီးခဲ့တဲ့နှစ်လောက်တော့ ရောင်းအား မမီနိုင်တော့ဘူး”ဟု တမူးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငါးကျပ်တိုက်ခြောက်များအား ချင်းတွင်းမြစ် အထက်ပိုင်းဒေသများရှိ ဟုမ္မလင်းနှင့် ဖောင်းပြင်မြို့နယ်အတွင်းရှိ သဘာဝအင်းအိုင်များမှ လေးလက်မအရွယ် ငါးဗျက်၊ ငါးလူး၊ တီလားဗီးယား ငါးတွေကို သုံးလက်မမှ နေလှန်းပြီး ကျပ်တိုက်ခြောက်များအဖြစ် ပြုလုပ်ကာ နယ်စပ်မြို့ဖြစ်သော တမူးမြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၁၈ဒသမ ၂၅ တန်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၀၇ ဒသမ ၅၀ တန်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ငါးကျပ်တိုက်ခြောက် ၈၀ တန် တင်ပို့နိုင်ခဲ့ပြီး ကျပ် ၇၅ ဒသမ၆ သန်းရရှိပြီးဖြစ်ကြောင်းနှင့် မတ်လအကုန်တွင် တန် ၁၀ ခန့်သာထပ်မံ တင်ပို့နိုင်တော့မည်ဟု ခန့်မှန်းရဖြစ်ကြောင်း တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## မှန်လုံယာဉ်များစည်းကမ်းကောင်းမွန်ရေး စစ်ဆေး

**မင်းဘူး မတ် ၂၂**

မင်းဘူးခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ပို့ဆောင်ဆက်သွယ်ရေးဌာန မင်းဘူးမြို့နယ် ပုဂ္ဂလိကလုပ်ငန်းသုံး မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီအဖွဲ့ ခရိုင်မီးသတ်ဦးစီးဌာနတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၀ ညနေ ၄ နာရီခွဲက မင်းဘူးမြို့ အဝေးပြေးကားကြီးကွင်းတွင် ခရီးသည်တင် မှန်လုံယာဉ်ခုနစ်စီးအား စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ယာဉ်၊ ယာဉ်မောင်း၊ လုပ်ငန်းလိုင်စင်များ၊ ခရီးသည်တင်ဆောင်ခွင့် “ခ”လိုင်စင်၊ မီးသတ်ဆေးဘူး၊ အရေးပေါ်ထွက်ပေါက်၊ မှန်ခွဲရန်တူများထားရှိမှုနှင့် အရေးပေါ်အချိန်တွင် ခရီးသည်များမှ ဆက်သွယ်အကြောင်းကြားနိုင်မည့် လိပ်စာရယူထားမှု အခြေအနေများအား စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထို့ပြင် ယာဉ်မောင်း ၁၃ ဦးနှင့် ယာဉ်နောက်လိုက်ခြောက်ဦး တို့အား ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့် အညီ မောင်းနှင်ရေးအတွက် ရှင်းလင်းဆွေးနွေးခဲ့သည်။ **ဓေယျာတု(မကွေး)**

## စစ်ကိုင်းဘိလပ်မြေအုတ်များဈေးကွက်ဝင်လာ

**စစ်ကိုင်း မတ် ၂၂**

စစ်ကိုင်းမြို့တွင် ထင်းနှင့်ဖုတ်ရသော အုတ်များအစား ပုံစံခွက်နှင့်ရိုက်၍ နေလှန်းရသောသဲအုတ်၊ ဘိလပ်မြေအုတ်များ ဈေးကွက်အတွင်းသို့ဝင်ရောက်လာသည်။ အလုပ်သမားသုံးယောက်တစ်တန်း လုပ်ငန်းခွင် တစ်ခုတွင် အုတ်အရေအတွက် ၆၈၀ မှ ၇၀၀ထိ ပြီးစီးပြီး ဈေးနှုန်းမှာအုတ်တစ်လုံး ကျပ် ၈၀ မှ ၉၅ ကျပ်ဖြစ်သဖြင့်ဈေးနှုန်းသက်သာပြီး ထင်းများမသုံးရ၍ သစ်တောပြုန်းတီးမှုကို တစ်ဖက်တစ်လမ်းမှကာကွယ်ပြီးဖြစ်သည်။

အဆိုပါ သဲအုတ်နှင့် ဘိလပ်မြေအုတ်များမှာ မြေအုတ်များထက် ဈေးနှုန်းသက်သာခြင်း၊ မာကျောခြင်း၊ အထိအခိုက်အကျိုးအပဲ့နည်းသဖြင့်သုံးစွဲလာသူများ အကြိုက်တွေ့လျက်ရှိသည်။ **နိုင်ဓေယျ(စစ်ကိုင်း)**


“ကျောက်ဆိုင်ဇာဂုဏ်ကြီးမွှမ်းပါဦး”
**ရွှေစက်တော်၊အလောင်းတော်ကဿပ**
မကွေး-မင်းဘူး-ပုဂံ-ညောင်ဦး-ဝဍ္ဍတူ-သီဟိုဠ်ရှင်-မုံရွာ-စစ်ကိုင်းဘုရားစုံဖူး။
DPTOA-No.161(၄)ရက်ခရီးထမင်း'မ'ကျွေး(50000 Ks)(26-3-2015)ရက်နေ့ထွက်မည်။
**ရွှေစေတီ** ဘုရားဖူးပို့ဆောင်ရေး ကျိုက္ကစံဘုရားလမ်းမှတ်တိုင်၊ Ph:09450024419
(၁၂၄)ဘုရင့်နောင်လမ်း၊ ဦးစံပေရပ်ကွက်၊ သယ်န်းကျွန်း။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့်၁) | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့်၁) | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၃။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း(အဆင့်၁) | တက္ကသိုလ်ဝင်တန်း |
| ၄။ | အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေး သင်တန်း(အဆင့်၁) | တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေး သင်တန်း(အဆင့်၁) | တက္ကသိုလ်ဝင်တန်း |
| ၆။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့်၁) | ဤသင်တန်းဌာနမှ အခြေခံ (အဆင့်၁) အစားအစာ ထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူ ဖြစ်ရမည်။ |
| ၇။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း(အဆင့်၂) (စီမံ/ဘဏ္ဍာ) (သို့) (အခန်းဌာန) ဤသင်တန်းဌာနမှ သက်ဆိုင်ရာ ဌာန၏ (အစားအစာနှင့် အဖျော်ယမကာဌာန) | - စီးပွားရေးပညာဘွဲ့ရရှိပြီးသူ ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး အဆင့်(၁) သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့)တစ်နှစ် လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။ |

သင်တန်းကာလ။ ။ ၄-၅-၂၀၁၅ ရက်မှ ၂၆-၆-၂၀၁၅ ရက်ထိ

**သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်**

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ ပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၈၃၆**

**ဖြည့်စွက်ဖတ်ရှုပါရန်**
၁၆-၃-၂၀၁၅ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၃၀)ပါ ကြော်ငြာတွင် ဦးရွှေ(CM-၀၀၉၅၈၆)ဟု ပြင်ဆင်ဖတ်ရှုရန်နှင့် ဦးအေးသွင်[၁၂/ဒပန(နိုင်)၀၃၄၂၁၀]မှ ဂရန်သစ်လျှောက်ထားရာဟု ဖြည့်စွက်ဖတ်ရှုပါရန်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**
အဖ မန်ဂါလ်ချန်(ဒ်)၏သားဖြစ်သူ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ တတိယနှစ်၊ အင်္ဂလိပ်စာဌာနမှ ကိုဗီနိုလ်ကူမား(ခ)နေသကျွန်း(ဒ်)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ကိုဗီနိုလ်ကူမား(ခ)နေသကျွန်း(ဒ်)

**ပျောက်ဆုံးကြောင်း**
ကျွန်မ ပန်းမြတ်စုကြည် Passport number MA 817564 ကိုင်ဆောင်သော မှတ်ပုံတင်အမှတ်[12/YKN(N)074445] SPASS Card ခရီးသွားရင်း ပျောက်ဆုံးသွားပါကြောင်း။ **Ph:09-8612107, 09-73108978**

**White Rose II**
အံပင်ညှပ် •• ဘာသာရပ်
သင်တန်းပေးသည်။

**ခွေးရောင်းမည်**
Alsation ၃လ၊ Golden Retriever ၂လ၊ Beagle ၃လ၊ Toy Poodle ၃လ။
**HP-09-420267148**

စာအုပ်စာပေလှူမိတ်ဆွေ

**ပညာရေးဝန်ကြီးဌာန**
**အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်**
**National Management College (NMC)**

**Diploma in BUSINESS MANAGEMENT နှင့် Diploma in FINANCE & BANKING**

**အမှတ်စဉ် (၄) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း**

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Myanmar University တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်း အမှတ်စဉ်(၄)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Diploma in Business Management (DBM)
(ခ) Diploma in Finance and Banking (DFB)

၁။ အောက်ပါအရည်အချင်းတစ်ခုခုနှင့် ပြည့်စုံသူများတက်ရောက်နိုင်ပါသည်။
(က) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး CBM နှင့် CFS အောင်မြင်ထားသူများ
(ခ) စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ဘွဲ့/ဒီပလိုမာ ရရှိပြီးသူများ
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီး စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော အောင်လက်မှတ်ရရှိပြီးသူများ
၂။ သင်တန်းကာလ (၁)နှစ် ကြာမြင့်ပြီး ၂၀၁၅ ခုနှစ် ဧပြီလ (၄)ရက် နေ့တွင် စတင်ဖွင့်လှစ်ပါမည်။
၃။ သင်တန်းအောင်မြင်ပြီးသူများသည် Advanced Diploma သင်တန်းမှတဆင့် The Open University of Hong Kong ၏ Bachelor of Business Administration (Finance and Banking/Management) BBA ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါသည်။ Advanced Diploma ၏ သင်တန်းကာလမှာ (၁)နှစ်ဖြစ်ပြီး BBA နောက်ဆုံးနှစ်၏ သင်တန်းကာလမှာ (၁)နှစ်ကြာမြင့်ပါမည်။
၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ) ၂စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ STI Myanmar University
ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း - ၃၇၇၉၈၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂၊ ၅၀၇၀၄၈၊ ၀၉၄၂၀၁၈၃၁၅၅၊ ၀၉၄၂၀၂၅၄၈၇၂၊ ၀၉၄၂၀၃၁၇၃၀

# အခန်းဆက်ဝတ္ထုရှည်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာသိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*



## သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

***ယမန်နေ့မှအဆက်***

ပြောပြောဆိုဆိုဖြင့် ကျွန်တော်သည် ခိုင့်နားရွက်ကို လိမ်ဆွဲမိသည်။

'အာ . . . အာ . . . နာပါတယ် မောင်ရ"

ခိုင်၏ ညည်းသံကြားမှ ကျွန်တော်သည် သတိရကာ နားရွက်ကို လွှတ်လိုက်သည်။ ခိုင် စိတ်ဆိုးသွားပြီလော . . . ဟု ကျွန်တော်က ပြန်ကြည့်မိသည်။

ခိုင့်မျက်လုံးများတွင် မျက်ရည်များ ဝဲနေသည်။ ခိုင့်မျက်နှာလေး၌ ဒေါသအစား ဆရာကို ရင်ဆိုင်မိသော ကလေးတစ်ဦး၏ ကြောက်ရွံ့နှိမ့်ချမှုသာရှိသည်။

"လာခဲ့ . . . လိုက်ခဲ့ကြ၊ ဟော့ကောင် ငြိမ်းမောင် . . . မင်းဘာကြောင်နေတာလဲ . . ."

ဤသို့ဖြင့် ကျွန်တော်က ရှေ့ကသွားသည်။ ခိုင်နှင့် ငြိမ်းမောင်က သီးလိမ္မာလေးများသဖွယ် နောက်မှ လိုက်လာသည်။

ကျွန်တော်တို့ ကျောင်းရှေ့ရောက်သောအခါ ကျွန်တော်တို့ကို လိုက်ရှာနေသော မြိုင့်ကို တွေ့သည်။

"ကြည့်စမ်း မိခိုင် . . . ငါက လိုက်ရှာနေလိုက်ရတာ၊ ဘယ်သွားနေသလဲ . . ."

မြိုင်က ခပ်မာမာလေး ဆိုသောအခါ ခိုင်သည် ကျွန်တော့်အား အားကိုးတကြီး လှမ်းကြည့်သည်။

ကျွန်တော်က မြိုင့်ကို တည်ကြည်စွာကြည့်၍ ကာကွယ်ပြောဆိုရသည်။

"မောင်က ခေါ်သွားလို့ပါ မမမြိုင်၊ မီးလောင်တာ သွားပြနေလို့ "

မြိုင်သည် ကျွန်တော့်အား ခေတ္တ တွေတွေလေးကြည့်သည်။

ထို့နောက် မျက်နှာမှာ ပြုံးလာ၍ နီရဲသော သူ့လက်သီးဆုပ်လေးများဖြင့် ကျွန်တော့်ကို ထုသည်။

"မောင် သိပ်တတ်နိုင်တယ် သိလား၊ စောစောက မောင်တစ်ယောက်တည်း ရှိနေတာ၊ ဆရာမဒေါ်အေးမြလှမ်းခေါ်တာတောင် မမမြိုင် မြင်လိုက်သားပဲ၊ ဟင်းနော် ခိုင့်ကို ကြပ်ကြပ်အကာအကွယ်ပေး၊ လူများ မခက်ဘူး၊ မောင်ခက်လိမ့်မယ် "

လက်ပူးလက်ကြပ်မိနေသဖြင့် မြိုင့်ကို ကျွန်တော် ဘာမျှဆင်ခြေမပေး။

ထိုအချိန်တွင် စိတ်ပူမိသော မိဘများ ကျောင်းလိုက်လာကြပြီဖြစ်သည်။ ကျွန်တော်တို့အိမ်မှကားကိုလည်း မြင်ရသည်။ မြိုင်က ဆိုသည်။

" ဟော . . . မောင်တို့အိမ်က ကားလာပြီ၊ လာ . . . လာ . . . သွားကြမယ်။ မောင်ငြိမ်းမောင်လည်း လိုက်ခဲ့ . . ."

ကျွန်တော်၊ ခိုင်နှင့် ငြိမ်းမောင်တို့သည် မြိုင့်နောက်မှ လိုက်၍ ကားဆီသို့ ထွက်လာခဲ့သည်။

ကားပေါ်တွင် ဒရိုင်ဘာခုံပေါ်၌ ဖေဖေကိုယ်တိုင်ကို တွေ့ရသည်။ ဖေဖေ့ဘေး၌ ခိုင်တို့ဖခင် တရားသူကြီး ဦးမြဘူးကိုပါ တွေ့ရသည်။

ထိုအချိန် ကားအနီးသို့ ကျွန်တော်တို့ကျောင်းအုပ်ဆရာကြီး အမေရိကန်လူမျိုး မစ္စတာဘောလ်လည်း ဆိုက်ရောက်လာသည်။

ဖေဖေသည် ဆရာကြီးအား ကလေးများကို ခေါ်သွားခွင့်တောင်းသည်။ ငြိမ်းမောင်ကိုလည်း ခေါ်သွားမည်ဖြစ်သဖြင့် သူ့မိဘများ လိုက်လာလျှင် ပြောပြပေးရန် မှာကြားသည်။

ကျွန်တော်တို့အားလုံး ကားပေါ်တက် လိုက်ခဲ့ကြသည်။ လမ်းတွင် ဂါတ်ဝင်းကြီးအား ဖြတ်လာစဉ် ဂါတ်ဝင်းအတွင်းသို့ ပုလိပ်တို့ ပျားပန်းခတ် ပြေးလွှားလှုပ်ရှားနေသည်ကို တွေ့ရသည်။

သန်လျင်ဘီအိုစီဆိုသည်မှာ အင်္ဂလိပ်အရင်းရှင်ကြီးများ၏ အဓိကကုမ္ပဏီကြီးဖြစ်သည်။ ထိုစဉ်က ပုလိပ်တို့မှာလည်း အင်္ဂလိပ်အရင်းရှင်တို့၏ စေသည့်ကျွန်၊ ထွန်သည့်နွားသာ ဖြစ်သည်။

သန်လျင်ဘီအိုစီကြီး မီးလောင်ခြင်းမှာ အင်္ဂလိပ်အရင်းရှင်တို့ခေါင်းကို စတင်မီးလောင်ခြင်းဖြစ်၍ အင်္ဂလိပ်လက်ပါးစေ ပုလိပ်တို့အတွက်လည်း စတင်ခေါင်းမီးလောင်ရတော့မည့် နိမိတ်ပင်ဖြစ်ကြောင်း ကြီးပြင်းကာမှ ကျွန်တော် နားလည်ရသည်။

သန်လျင်ဘီအိုစီကြီး မီးလောင်သည်ကို ကျွန်တော်တို့ တစ်မြို့လုံး ပျော်ရွှင်ကြသည်။

မီးလောင်သည်မှာ ဖယောင်းတိုက်ဟု ဆို၏။

မီးလောင်၍ ဖယောင်းတို့ အရည်ပျော်ဆင်းကာ မြစ်တွင်း၌ ခဲလျက် လေ့၊ သဘော်၊ သမ္ဗန်တို့ပင် သွား၍မရဟု ဆိုကြသည်။ မြစ်ကမ်းစပ်၊ ကိုင်းပင်၊ ဆူးပင်များအကြား နုန်းတင်မြေနုများပေါ်တွင်လည်း ဖယောင်းပြင်များ လွှမ်းကုန်သည်ဆို၏။

သန်လျင်မြို့သူမြို့သားများသာမက နီးစပ်ရာ ဗိုလ်ချုပ်ရွာ၊ ခရမ်း၊ ပုဂံတောင်၊ ကျောက်တန်း၊ သုံးခွမှ လူတို့ ဖယောင်းလာဆယ်ကြသည်။ မြစ်တွင်း၌ ဖယောင်းဆယ်ရင်း သမ္ဗန်မှောက်၍သေကြသော သတင်းများလည်း ကြားရသည်။ ကမ်းနားစပ် ကိုင်းပင်၊ ဆူးပင်များအကြား ဖယောင်းကောက်ရင်း မြွေပွေးကိုက်သေသော သတင်းများလည်း ကြားရသည်။

နေ့စဉ်ပင် လူတို့လက်မှ ပုလိပ်တို့ ဖမ်းဆီးသိမ်းယူသော ဖယောင်းတို့ကို သန်လျင်ဂါတ်တဲဝင်းအတွင်း ပုံထားသည်။ ဖယောင်းတို့မှာ ရွှံ့များဖြင့် ရောသဖြင့် နှမ်းဖတ်ပြားသဖွယ် ညစ်ပတ်မည်းမှောင်နေသည်။

မည်သို့ဖြစ်စေ သန်လျင်မြို့အိမ်တိုင်းစေ့အောက်၌ ဖယောင်းပုံများ အသီးသီး ရှိနေသည်။

တစ်မြို့လုံး ဖယောင်းကျိုကြသည်။ မည်းနေသော ဖယောင်းကို ဝါဝင်းလာအောင် သို့မဟုတ် ဖြူစင်လာအောင် အမျိုးမျိုးချက်ကြသည်။ ထိုခတ်က သန်လျင်မြို့ အိမ်အောက်တိုင်း၌ ဖယောင်းချက်ကိရိယာအမျိုးမျိုးကို တွေ့နိုင်သည်။ ကျွန်တော် မှတ်မိသမျှ ဖယောင်းချက်ကိရိယာများတွင် အောက်ပါအရာများပါဝင်သည်။

အရင်းမြင့်၍ အဖျားနိမ့်သော ရေတံလျှောက်တစ်ခု၊ ရေတံလျှောက်အရင်း၌ မီးဖိုရသည်။ မီးဖိုတည့်တည့် ရေတံလျှောက်အပေါ်၌ ဖယောင်းခဲကို တင်ရသည်။ ရေတံလျှောက်အရင်းနှင့် အဖျားကြားတွင်သဲနှင့် မီးသွေးများကို အကန့်ကန့်ထားပေးရသည်။ အရည်ပျော်ကျဆင်းလာသော ဖယောင်းတို့သည် သဲ၊ မီးသွေးအကန့်များကို ဖြတ်ကာ ရေတံလျှောက်ဖျားမှ ကျလာသည်။ ဖြူသည့်ဖယောင်းက ဖြူသည်။ ဝါသည့်ဖယောင်းက ဝါသည်။ ဖြူအောင်၊ ဝါအောင် လုပ်နည်းများ ရှိသည်ဆို၏။ ဤနည်းကိုမူ ကျွန်တော်မမှတ်မိတော့။

အိမ်တိုင်းနည်းတူ ကျွန်တော်တို့အိမ်လည်း ဖယောင်းကျိုသည်။ ခိုင်တို့အိမ်လည်း ဖယောင်းကျိုသည်။ ကျွန်တော်တို့အိမ်များမှာ ဖယောင်းကို အထူးတလည် သွားမကောက်ရ။ ဆရာဝန်ကြီးအိမ်နှင့် တရားသူကြီးအိမ် ဖြစ်သဖြင့် ကျွန်တော်တို့လိုသော ဖယောင်းများကို ဂါတ်ဝင်းအတွင်းရှိ ဖမ်းထားသောဖယောင်းပုံကြီးမှ ရသည်။

ထိုသီတင်းကျွတ်သည် သန်လျင်မြို့ သီတင်းကျွတ်ရာဇဝင်၌ မီးအထိန်အလင်းဆုံးနှစ်၊ အလှပအဆန်းကြယ်ဆုံးနှစ်ဖြစ်သည်။

ဤသို့ ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံအပ်သော ထိုနှစ်သီတင်းကျွတ်အမီ ကိုကိုသည် ပြန်လာခဲ့သည်။ ကိုကို့ထံမှ သီတင်းကျွတ်ကျောင်းပိတ်ရက်၌ ပြန်လာမည့်စာ ရသောအခါမေမေမှာ ပျော်တပြုံးပြုံးနှင့် ရွှင်မဆုံးဖြစ်သည်။ ဘီအေအတန်းတွင်ရောက်နေသော သားကြီးပြန်လာမည့်အကြောင်းကို ရှေ့ခုနစ်အိမ်၊ နောက် ခုနစ်အိမ် လျှောက်ပြောသည်။ ကန္တေ့ကြီးသော ဖေဖေပင်လျှင် တပြုံးပြုံးတချိုချိုဖြင့် ရှိနေသည်။

ကိုကို ပြန်ရောက်မည်ဆိုသောနေ့၌ပင် ကြိုင်လည်း ပြန်ရောက်လာမည်ဟု ကြားရသည်။ ထို့ကြောင့် ယင်းနေ့ရောက်သောအခါ ကျွန်တော်တို့တစ်အိမ်သားလုံးနှင့်အတူ ခိုင်တို့တစ်အိမ်သားလုံးပါ သန်လျင် သဘော်ဆိပ်သို့ ဆင်းကြိုကြသည်။ ကျွန်တော်တို့နှင့်အတူ ကားနှစ်စီးပါသည်။ တစ်စီးမှာ ကျွန်တော်တို့ကားဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

အောင်ပန်းမြို့၊ မင်္ဂလာရပ်ကွက်နေ ဦးကျော်လွင်-ဒေါ်စန်းစန်းတို့၏သား

မောင်အောင်ကျော်သူ

B.E (Electronics) (MTU), M.Sc (Signal Processing) (NTU), Singapore

Assistant Manager, Yaskawa Engineering Asia. Pacific Pte.Ltd.,Singapore

နှင့်

ရန်ကုန်မြို့နေ ဦးတင်လှ (ကွန်ပျူတာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)-ဒေါ်ခင်မမအောင် (အထက်တန်းကျောင်းအုပ်-ငြိမ်း)တို့၏သမီး

မခိုင်မြတ်လှ

B.E (Chemical) YTU, M.Sc (Chemical Engineering),NUS, Singapore

Senior Process Engineer, Amec Foster Wheeler Asia Pacific Pte.,Ltd.,Singapore

တို့၏ ၁၉-၁၁-၂၀၁၄ရက်တွင် မင်းကွန်းတိပိဋကနိကာယ (ရွှေရတုမင်္ဂလာခန်းမကြီး)၌ ကျင်းပခဲ့သော "မင်္ဂလာဦးဆွမ်းကျွေးဧည့်ခံပွဲ" သို့လည်းကောင်း၊ ၂၂-၁၁-၂၀၁၄ရက်တွင် တောင်ကြီးမြို့၊ ကန်ရှေ့ရပ် "စန်းစန်းမင်္ဂလာခန်းမ"၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲသို့လည်းကောင်း၊ ၁၅-၃-၂၀၁၅ရက် စင်ကာပူနိုင်ငံ (Marina Bay Sands-Peony Junior Ball Room Singapore) တွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော နှစ်ဖက်သောဆွေမျိုး၊ မိတ်သင်္ဂဟအပေါင်းနှင့်တကွ အဘက်ဘက်မှ ဝိုင်းဝန်း ကူညီချီးမြှင့်ပေးပါသော လူကြီးမင်းအပေါင်းတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကျော်သူ-မခိုင်မြတ်လှ



### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဘွေပွမ်းထန်း [၄/ထတလ(နိုင်)၀၃၆၂၃၉]၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၅၃၈၃၆၃



### ပျောက်ဆုံးကြောင်း

ကျွန်တော်များ TYM CO.,LTD၏ IMPORT LICENCE EXTENSION(ILV 14-15E0904)(16-2-2015) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၄၃၁၇၁၇၁၃



### ငှားမည်

မြေညီ(12½×50)ပေ၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်။

မြေညီ(12½×50)ပေ၊ ဘုရင့်နောင်လမ်းမ။

Ph:09-73000038,
09-73000039








### အာရှ ဆောက်လုပ်ရေးကုမ္ပဏီ
### ဝန်ထမ်းအမြန်အလိုရှိသည်။

(၁) Design & Structural - မ (၃)ဦး
(M.E / B.E / A.G.T.I /B-Tech) အခြေခံလစာကျပ်( ၄)သိန်း

(၂) Site Engineer (Civil) - ကျား/မ (၅) ဦး
(M.E / B.E / A.G.T.I /B-Tech) အခြေခံလစာကျပ် (၃) သိန်း

(၃) Sales & Marketing - မ (၃) ဦး
အခြေခံလစာ(၁.၅)သိန်းကျပ်

အမှတ်စဉ်(၁)နှင့်(၂)အတွက်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။

အမှတ်စဉ်(၂)အတွက် -
- B.Q တွက်ချက်နိုင်ရမည်။
- ကျန်းမာသန်စွမ်းပြီး နယ်ခရီးဝေးသွားနိုင်ရမည်။(နယ်စရိတ်ပေးမည်။)

အမှတ်စဉ်(၃)အတွက် -
- ရုပ်ရည်ပြေပြစ်ပြီးတက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူဖြစ်ရမည်။
- အသက်(၂၀)နှစ် မှ (၃၀) နှစ်အတွင်းရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်ပြီးလုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးခန့်ထားမည်။

လျှောက်ထားလိုသူများသည် CV Form နှင့်အတူ (၃.၄.၂၀၁၅)နောက်ဆုံးထား၍လူကိုယ်တိုင်လျှောက်ထားနိုင်ပါသည်။

(ရုံးပိတ်ရက်များတွင်လည်းလာရောက်လျှောက်ထားနိုင်ပါသည်။)

အမှတ်(၃၅၄-က/ခ၊ ၃၅၅-က)၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ် ၊ ဖုန်း- 09-251100011, 09-251100022



**တစ်ဦးတည်းဖြစ်ပါကြောင်း**

အဖ ဦးရဲခေါင်ကျော်[၁၃/နဆန(နိုင်)၀၀၃၅၆၂]၏ သမီးဖြစ်သူ နန်းကေသာရဲခေါင် (ခ)နန်းရည်မှူးကျော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

နန်းကေသာရဲခေါင်(ခ)နန်းရည်မှူးကျော်



### ဂရန်မူရင်းအား ပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ မြေကွက်အမှတ်-၂၇၁/က၊ မြေကွက်တည်နေရာအမှတ်-၂၇၁/က၊ ၆-လမ်း၊ ၁၁ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမောင်ငြိမ်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကို ဦးမောင်ငြိမ်းထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်- ၁၇၈/၁၄(၁၃-၁-၁၄)ဖြင့် ဒေါ်အေးလှမှရရှိခဲ့ပြီး၊ ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၄၅၀၈/၁၄(၅-၈-၁၄)ဖြင့် ဝယ်ယူထားသူ ဦးပြည်အောင်[၁၂/ကမရ(နိုင်)၀၅၃၂၅၀]၏ SPရသူ ဦးမင်းမင်းထွန်း[၁၂/မဘန(နိုင်)၁၄၃၈၂၂]မှ ဂရန်ပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူ ထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးမောင်ငြိမ်း(AA-၀၆၆၉၃၃)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖတ်စရာ

# ကျေးလက်မှ ပန်းပဲဖိုနှင့် လှည်းမီးချလုပ်ငန်း

**à** ဝင်းဗိုလ် (ပြန်/ဆက်)



ရှေးယခင်က ကျေးလက်တောရွာများတွင် နွားလှည်းကို အိမ်တိုင်းနီးပါး အသုံးပြုကြ၍ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုခြင်း၊ အလှူမင်္ဂလာဆောင်နှင့် လူမှုရေးကိစ္စအသီးသီးတွင် တွင်ကျယ်စွာအသုံးပြုကြသည်။ ယင်းပြင် ကျေးလက်ဘုန်းတော်ကြီးကျောင်းများတွင် ဘုန်းတော်ကြီးများ အသုံးပြုရန်အတွက် လှည်းယာဉ်တော် လှူဒါန်းထားရှိကြသည်ကို တွေ့ရသည်။

ရှေးက ကျေးလက်တောရွာများတွင် ဘုရားပွဲများ၌ နွားအလှပြိုင်ပွဲ၊ လှည်းယာဉ်မောင်း အလှပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ မြန်မာတို့၏ရိုးရာယဉ်ကျေးမှုနှင့် ချစ်စရာဓလေ့ထုံးစံများတွင် လှည်းသည်မရှိမဖြစ် ပါဝင်သည်ကို တွေ့ရသည်။ ယင်းကြောင့် ကျေးလက်တွင် ပန်းပဲလုပ်ငန်းလုပ်ကိုင်သူများသည် လှည်းမီးချခြင်း၊ လှည်းဘီးဒေါက်ပြုလုပ်ခြင်းနှင့် လှည်းဘီးတံကူပြုလုပ်ခြင်းများကို တွဲဖက်၍ မိရိုးဖလာလုပ်ငန်းအဖြစ် လုပ်ကိုင်နေသည်ကို တွေ့ရသည်။

လှည်းဘီးတွင် တံကူရှစ်ခု ဒေါက် ၁၆ ချောင်း၊ တံကူခုနစ်ခု ဒေါက် ၁၄ ချောင်းဖြင့်ပြုလုပ်သည်ကို တွေ့ရသည်။ လှည်းဘီးတွင်တပ်ဆင်ထားသော သံခွေသည် အသုံးပြုမှုများလာသည့်အခါ ချောင်လာသည့်အတွက် လှည်းမီးချခြင်းကို ကျေးလက်ပန်းပဲဖိုများတွင် ပြန်လည်ပြုလုပ်ကြရသည်။

မြန်အောင်မြို့နယ် ဆင်သေအုပ်စု ကျောက်တောင်ရွာတွင် မိဘလက်ထက်မှ စတင်လုပ်ကိုင်လာသော ပန်းပဲလုပ်ငန်းလုပ်ကိုင်သူများရှိနေပြီး လှည်းမီးချခြင်းကို တစ်စီးလျှင် တစ်သောင်းကျပ်၊ တံကူတစ်ခုကို ငါးထောင်ကျပ်နှင့် ဒေါက်တစ်ချောင်းလျှင် သုံးထောင်ကျပ်ဖြင့် ဆောင်ရွက်ပေးကြသည်။ ကျေးလက်ဒေသများတွင် ယခုအခါ ထော်လာဂျီများ၊သုံးဘီးဆိုင်ကယ်များကို အသုံးပြုလာသော်လည်း လယ်ယာလုပ်ငန်းတွင် နွားလှည်းသည် မရှိမဖြစ် အသုံးဝင်သောကြောင့် ပန်းပဲဖိုတွင် ဖားဖိုဆွဲ၊သံတူ ထုသံတို့ဖြင့် အိမ်တွင်းလက်မှုလုပ်ငန်း တည်ရှိနေဦးမည်ဖြစ်သည်။

## ရွှေကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆင့်ပွားသင်တန်းဖွင့်

**လင်းခေး မတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှကြီးမှူး၍ ၂၀၁၅ ခုနှစ် ရွှေကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ်လ ပထမပတ်က လင်းခေးခရိုင်ရဲတပ်ဖွဲ့ရုံးခန်းမဆောင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် လင်းခေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ လင်းခေးခရိုင် ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းမြင့်ဦးနှင့် ခရိုင်ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအရာရှိ ဦးကျော်မိုးတို့က ရွှေကောက်ပွဲကော်မရှင်လုပ်ငန်းဆိုင်ရာများအကြောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများက သင်တန်းသားများအား ၂၀၁၅ ခုနှစ် ရွှေကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်ခန်းစာများကို ထပ်ဆင့်ရှင်းလင်းပို့ချပေးခဲ့ကြသည်။ အဆိုပါသင်တန်းသို့ လင်းခေး ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ ရဲတပ်ဖွဲ့ဝင် အရာရှိ သင်တန်းသား ၂၅ ဦးခန့် တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းလတ်(ပြန်/ဆက်)**

## မောက်မယ်မြို့နယ်မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းရုံးတွင် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်များ ဆွေးနွေး

**မောက်မယ် မတ် ၂၂**

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းရုံးတွင် မတ် ၁၉ ရက် နံနက် ၉ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းအောင်က ရပ်မိရပ်ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့်တွေ့ဆုံပြီး ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်များဆွေးနွေးခဲ့ကြောင်းသိရသည်။

ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်များဖြစ်သည့် မှုခင်းကျဆင်းရေးဆောင်ရွက်နေမှု၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးကိုလည်းကောင်း၊ မြို့နယ်စခန်းမှူး ဒုရဲမှူးကျော်သီဟက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## စာပေရေချမ်းစင်အသေး (Mini Book Corner) များ နေရာအနှံ့အပြားတွင်ထားရှိ

**နေပြည်တော် မတ် ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူလူထု၏ အသိဉာဏ်ပညာတိုးပွားရေးနှင့် ဗဟုသုတရရှိစေရေး ရည်ရွယ်လျက် မိဘပြည်သူများ ခရီးသွားလာရင်း အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်သည့် စာပေရေချမ်းစင်အသေး (Mini Book Corner) များကို အများသူငါသွားလာမှု အများဆုံးနေရာများတွင် စာအုပ်ထည့်အိတ်ပုံစံဖြင့် စာပေရေချမ်းစင် စာစဉ် ၁၃ မျိုးကို ၂၀၁၃ ခုနှစ် ဇူလိုင်လမှ စတင်ဝန်ဆောင်မှုပေးလျက်ရှိရာ ယခုအခါ အတွဲ (၃)၊ အမှတ် (၁) ကို ထုတ်ဝေပြီး စာပေရေချမ်းစင်များတွင် ဖြည့်တင်းထားပြီးဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဝန်ဆောင်မှုပေးရာတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်ပူးပေါင်း၍ စာပေရေချမ်းစင် (အသေး) များကို မြို့နယ်တရားရုံး၊ နေပြည်တော်မြို့မဈေး၊ ဘဏ်များ၊ ခုတင် ၁၀၀၀ အထွေထွေရောဂါကုဆေးရုံကြီး၊ ခုတင် ၅၀ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ရပ်ကွက်၊ ကျေးရွာတို့တွင် စုစုပေါင်း ၂၂ ခုထားရှိပြီး ပြည်သူများ အလွယ်တကူ ဖတ်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ စာပေရေချမ်းစင်တွင် မိမိနှစ်သက်ရာကဏ္ဍအလိုက် အချိန်တိုအတွင်း အသင့်ရွေးချယ်ဖတ်ရှုနိုင်စေရန်အတွက် နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ၊ အားကစားဆိုင်ရာ၊ အတ္ထုပ္ပတ္တိဆိုင်ရာ၊ ပြည်သူ့နီတိဆိုင်ရာနှင့် ကလေးသူငယ်ဆိုင်ရာ စာစဉ် ၁၃ မျိုးပါဝင်ပြီး စာအုပ်ဆိုဒ်မှာ (၅ လက်မ × ၈ လက်မ) အရွယ်ရှိသည်။

**သန့်မောင်**





တက်ဆောင်လင်း 09-73040151
H.A.L TRAVELS
ချောင်းသာ (နေ့စဉ်)
(သင်္ကြန်ကြိုတင်လက်မှတ်ရောင်းပြီ)
09-254505550,09-49215713

ကိုညာဏ် KO NYAN
Car Rental & Travel Service
ဘုရားဖူးခရီးစဉ်အမျိုးမျိုးနှင့်လချုပ်အတွက်
Model မြင့် ကားသစ် မျိုးစုံ ရောင်း/ဝယ်/ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

ကားမျိုးစုံငှားနိုင်ပါသည်။
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့်
လချုပ်များလည်းငှားနိုင်ပါသည်။
ယဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
MT & K Tours Ph-656573
09-31065335, 09-975599880

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ပိတ်ရက်ရွှေ့ပြောင်းခြင်း

၁။ မြန်မာ့မီးရထားမှ တင်ဒါအမှတ် ၅၀၀/မမ/ပတ(CE) ဖြင့်ခေါ်ယူထားသော စစ်တောင်းတံတား သံချေးချွတ်ဆေးသုတ်ခြင်း (60' -0" ) Span (5-Nos) နှင့် (350' -0") Span (1-No) လုပ်ငန်းအတွက် မူလက (၂၀.၃.၂၀၁၅ )နေ့တွင်တင်ဒါပိတ်ရန်ကြော်ငြာထားသော်လည်း ပုံစံနှင့် Specification များ ပြင်ဆင်ထားသဖြင့် တွက်ချက်ရန် အချိန်လုံလောက်စေရန်အတွက် တင်ဒါပိတ်ရက်အား (၃၁.၃.၂၀၁၅)(၁၂:၃၀)နာရီသို့ တိုးမြှင့်သတ်မှတ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း: -294352, 291994.

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-(၁၃)၊လူနေရပ်ကွက်အမှတ်-(၁၃)၊ မြေကွက်အမှတ်(၁၂၁၈/ခ)၊ မြေဧရိယာ(၁၂၀၀)စတုရန်းပေရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၂၁၈/ခ)၊ ဒေဝဒဟ(၃၄)လမ်း၊ ၁၃-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ဝယ် ပိုင်ဆိုင်ထားရှိသူ ဒေါ်မေရည်တိုးငွေး (၁၂/သဃက(နိုင်)၁၅၂၅၉၈)ထံမှကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်၊သို့ပါ၍ အဆိုပါ မြေကွက် နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့် နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်၊ ၎င်းရက်နေ့နောက်ပိုင်းတွင် စာချုပ်စာတမ်းများကို ဥပဒေနှင့်အညီ တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ-

အထက်တန်းရှေ့နေ — ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B)

တရားလွှတ်တော်ရှေ့နေ — ဒေါ်ဒါလီသန်းဝင်း (LL.B,D.B.L)၊ ဒေါ်မိုးမိုးအေး (LL.B,D.B.L,D.M.L,D.I.L) WIPO,DL.101Switzerland၊ ဒေါ်တင်ဇာနည်နေဝင်း (LL.B,D.I.L) DL-101(WIPO)Geneva

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(၄၇-က)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့၊
ရုံးဖုန်း - ၀၉-၄၅၀၀၁၈၆၆၆ ၊၀၉-၇၃၄၉၄၃၄၃၊ ၀၉-၇၃၁၆၁၆၇၂

# GAP စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးခဲ့သည့် နွေစပါး အောင်မြင်



